

Future Publishing House
www.sagarwarmyae.net
အောင်သင်း
ပေးသူ
နှင့်
ယူသူ

www.sagarwarmyae.net

**ဒို့အရေးအမျိုးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | **ဒို့အရေး** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | **ဒို့အရေး** |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | **ဒို့အရေး** |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.sagarwarmyae.net

**စာမူခွင့်ပြုချက်**

၉၇/ ၂၀၀၃ (၁)

**မျက်နှာဖုံးခွင့်ပြုချက်**

၁၅၅/ ၂၀၀၃ (၂)

**ပုံနှိပ်ခြင်း**

၂၀၀၃ - ခုနှစ်၊ ဇူလိုင်လ

ဒုတိယအကြိမ်၊ အုပ်ရေ - ၁၀၀၀

**မျက်နှာဖုံးပန်းချီသရုပ်ဖော်**

ဗဂျီလင်းဝဏ္ဏ

**တန်ဖိုး**

**၄၀၀-ကျပ်**

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးထွန်းထွန်း (၀၂၇၂၆)၊ အောင်မြင့်ထွန်းပုံနှိပ်တိုက်

အမှတ်(၂၂၄)၊ လမ်း ၄၀၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်

အမှတ်(၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးတင်ရှိန်(စန်းရောင်ရှိန်စာပေ)

အမှတ်-၄/၁၇၇-မေခလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

**FUTURE**

အမှတ်-၅၂ (က)၊ မြေညီထပ်၊ ၁၂လမ်း၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - (၀၁)၂၂၄၄၃၁

www.sagarwarmyae.net

# ပေးသူနှင့် ယူသူ

## အောင်သင်း

**FUTURE**

**Publishing House**

No. 52(A), Ground Floor, 12th Street
Lanmadaw Township, Yangon
Ph: (01) 224431

www.sagarwarmyae.net

# Future Publishing House
## ၏
## စာအုပ်ကောင်းများ

| | |
|---|---|
| ၁။ တက်တိုး | မိမိအပေါ် မိမိ သစ္စာရှိခြင်း |
| ၂။ အောင်သင်း | စာစီစာကုံးများနှင့် တွေးနည်းရေးနည်း |
| ၃။ အောင်သင်း | မျိုးဆက်သစ်အတွက် ပိဋကတ် မိတ်ဆက် |
| ၄။ အောင်သင်း | မျိုးဆက်သစ်အတွက် ဂန္ထဝင် မိတ်ဆက် |
| ၅။ အောင်သင်း | ကမ္ဘာ့ပြဿနာ ရှင်းတဲ့နေ့ |
| ၆။ အောင်သင်း | ပေးသူနှင့် ယူသူ |
| ၇။ ဝင်းငြိမ်း | စာပေလူကြမ်းမင်းသား အောင်သင်းနှင့် တွေ့ဆုံမေးခြင်း |
| ၈။ ဝင်းသိန်းဦး | ကျွန်ုပ်တို့အမှန်တကယ် ယဉ်ကျေးကြပြီလော |
| ၉။ ဝင်းသိန်းဦး | ရှေးဘဝနောက်ဘဝ ဗုဒ္ဓ ဝေဖန် |
| ၁၀။ ဝင်းသိန်းဦး | မင်္ဂလာရှိသော မနက်ခင်းမျာ |
| ၁၁။ ညွန့်ဝေမိုး | ကွန်ပျူတာအတွင်းရေးမှူးများအတွက် အင်္ဂလိပ်စာ |
| ၁၂။ မောင်မောင်မြင့်သိန်း | အင်္ဂလိပ်စာ တိုးတက်ရေး နည်းလမ်းကောင်းများ |
| ၁၃။ မောင်မောင်မြင့်သိန်း | ဝေဖန်ရေးအလှ ရှာပုံတော် |

# မာတိကာ


၁။ ပေးသူနှင့် ယူသူ ၆

၂။ ချိုထောင်လေး ချိုထောင်ကြီး ၁၅

၃။ အကဲဖြတ်စရာ ၂၉

၄။ သူတို့ကလေးတွေရဲ့စာ (၁) ၃၈

၅။ သူတို့ကလေးတွေရဲ့စာ (၂) ၅၄

၆။ သူတို့ကလေးတွေရဲ့စာ (၃) ၆၇

၇။ သူတို့ကလေးတွေရဲ့စာ (၄) ၇၉

၈။ သူတို့နှင့် ကျွန်တော် ၉၀

၉။ ကြုံခဲ့ရသော စာပေဆွေးနွေးပွဲများ ၁၀၁

၁၀။ အဆိပ်အတောက်စာပေသစ် ၁၁၃

၁၁။ အံ့စရာငေါက်သံ ၁၂၅

၁၂။ လူငယ်နှင့် ခေါင်းဆောင်မှု ၁၄၁

၁၃။ လူငယ်နှင့် သတ္တိ ၁၅၄

၁၄။ မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက် ၁၇၀

## သူများခိုင်းလို့ လုပ်ရခြင်း

အလုပ်တစ်ခုကို သူတစ်ပါးခိုင်း၍ လုပ်ရခြင်းနှင့် ကိုယ်လုပ်ချင်၍ လုပ်ရခြင်းတို့မှာ အတော်လေးကွာကြောင်း အထူးပြောစရာမလိုပါ။

ကျောင်းသား လူငယ်များ ပညာသင်ကြားနေရခြင်းကို သေချာစဉ်းစား ကြည့်လိုက်မည်ဆိုလျှင် သူများခိုင်း၍သာ လုပ်နေရခြင်းဖြစ်ကြောင်း သိသာပါသည်။ သို့သော်လည်း လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ၊ (နာဖျားမကျန်းဖြစ်၍ ဆေးခါးကြီးသောက်ရသလို) ကိုယ့်ဘဝအတွက် ဖြစ်ကြောင်းကို ဝိုးတဝါးမျှဖြစ်စေ သိနေသောကြောင့် ပညာကို ကြိုးစားသင်ယူနေခြင်းဖြစ်သည်ဟု ဆိုနိုင်ပါလိမ့်မည်။

ကျွန်တော့် ကိုယ်တွေ့ကလေး တစ်ခုကို တင်ပြလိုက်ရပါဦးမည်။ စစ်ကြီးအတွင်း တောရွာလေးတစ်ခု၌ စစ်ပြေးခိုလှုံနေစဉ်တွင် ဝိဇယပြဇာတ်နှင့်

www.sagarwarmyae.net



ရေးသည်ပြဇာတ်တို့ကို ဖတ်ခဲ့ရသည်။ ကျွန်တော် ကြိုက်လိုက်သည်မှာ ပြောမပြနိုင်လောက်အောင်ပင် ဖြစ်သည်။ ဝိဇယပြဇာတ်ဆိုလျှင် အထပ်ထပ် ဖတ်လွန်းသောကြောင့် အချို့စာပုဒ်များကို ယခု အသက်အရွယ် တိုင်အောင်ပင် နှုတ်တက်ရွရွ ရွတ်နိုင်ပါသေးသည်။

သည်လိုနှင့် စစ်ကြီးအပြီး ဟိုရောက်သည် ရောက် လွှင့်ပါးနေရာမှ ဆယ်တန်းစာမေးပွဲကို ပြန်ဖြေရန် ပြင်ဆင်လိုက်သောအခါ 'ဝိဇယပြဇာတ်' ကိုပြဋ္ဌာန်းထားသည်နှင့် ကြုံပါလေတော့သည်။ ဘယ်မျှဝမ်းသာစရာ ကောင်းပါသနည်း။ ကျွန်တော် အလွန်ဝမ်းသာသွားပါသည်။ သို့သော် စာမေးပွဲဖြေရန်အတွက် ဖတ်မည်မှတ်မည်ဟု စာအုပ်ကို ကောက်ကိုင်လိုက်တိုင်း စိတ်မပါလက်မပါ ပျင်းသလိုလို ဖြစ်ဖြစ်သွားတတ်သည်ကို ကျွန်တော် သတိရနေမိသည်။ ယခုမှ သတိရဆင်ခြင်မိသည်မဟုတ်၊ ကျွန်တော့်စိတ်ထဲ ထိုသို့ ဖြစ်ဖြစ်သွားသည်ကို ထိုစဉ်ကပင်လျှင် သတိပြုမိခဲ့ပါသည်။ ဝတ္တရားအရ ဖတ်ရခြင်းဖြစ်၍ ထိုသို့ တွန့်တွန့်သွားခြင်းဖြစ်ကြောင်း မိမိကိုယ်မိမိ သတိပေးဆုံးမပြီး လေ့ကျက်ခဲ့ရပါသည်။ စာမေးပွဲအတွက် အပြဋ္ဌာန်းခံလိုက်ရသည့် စာပေဟူသမျှမှာ ထိုသို့သော အန္တရာယ်မျိုးနှင့် ရင်ဆိုင်ရမြဲဖြစ်သည်ဟုသာ ဆိုလိုက်ချင်ပါတော့သည်။

www.sagarwarmyae.net



## သိစရာ၊ မှတ်စရာ၊ ကျင့်စရာ

ပြဋ္ဌာန်းစာအုပ်များနှင့် ပတ်သက်ပြီး ကျွန်တော် ကျက်စားရာ မြန်မာစာအကြောင်းကိုသာ ပြောပါမည်။ သင်ရိုးညွှန်းတမ်း ရေးဆွဲ၊ ရွေးချယ်၊ ပြဋ္ဌာန်းကြသော ပညာရှင်များက သိစရာ၊ ကျင့်စရာပါသော စာပေများကို ပြဋ္ဌာန်းပေးကြသည်ကို သံသယဖြစ်နေစရာ မလိုတော့ပါ။ ကျောင်းသားများကလည်း စာမေးပွဲကို ရင်ဆိုင်ကြရမည် ဖြစ်သောကြောင့် သိစရာမှတ်စရာများကို ကြိုးစားပမ်းစား ဖတ်ကြ မှတ်ကြပါသည်။ နှုတ်လွတ် အာဂုံဆောင်တန်သည် တို့ကိုလည်း ဆောင်ကြပါသည်။ အိမ်တိုင်းလိုလိုတွင် ရှိသော ကျောင်းသားငယ်များ နေ့တစာစာ၊ ညတစာစာ ကျက်မှတ်နေသည်ကို တွေ့ရသည့်အခါ သူတို့တစ်တွေကို သနားများပင် သနားမိပါသည်။ ထိုကဲ့သို့ စာမေးပွဲများအတွက် သိစရာမှတ်စရာများကို အာရုံ ပြုကြရလွန်းသောကြောင့် 'ကျင့်စရာ' တို့ကို မျက်ခြည် ပြတ်နေကြပြီ ထင်ရဲ့ဟုလည်း အောက်မေ့ လိုက်မိပါသည်။

## ကျင့်စရာကောင်းသော စာ

ဒသမတန်းပင်ရင်း မြန်မာစကားပြေ လက်ရွေးစင်ထဲက နည်းနည်းလောက် ထုတ်ပြလိုက်ချင်ပါသည်။

www.sagarwarmyae.net



လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ 'ပညာသင်ခါ မရှက်ရာ'ဟူသော ကောက်နုတ်ချက်တစ်ခု ပါပါသည်။ ထိုစာထဲတွင် . . .

**ယခုအခါ အင်္ဂလိပ် ပညာသင်ကျောင်းမှာ နေထိုင်ကြသော ကျောင်းသား လူငယ်တို့သည် အဝတ်အစားများကို များစွာ ဂရုစိုက်၍ အတုအပ ပြုလုပ်တတ်ကြကုန်သည်။ ပညာရေးထက် အဝတ်တန်ဆာ အရေးကို အထူးဂရုစိုက်သလိုပင် ဖြစ်နေကြကုန်သည်။ ထိုအဝတ်အစားများသည် မိဘတို့က ထောက်ပံ့သော အရာများသာ ဖြစ်ချေသည်။ မိမိတို့ အစွမ်းသတ္တိနှင့် ရှာကြ၍ ရသော အရာများ မဟုတ်ကြလေကုန်။**

ဆရာကြီးက သူ့ခေတ်သူ့အခါကို ကြည့်ပြီး ရေးလိုက်ခြင်း ဖြစ်ပါသည်။ သို့သော် ယခုခေတ် အတွက်လည်း တန်ဖိုး ရှိလှသော အဆုံးအမများ ဖြစ်နေပါသည်။ တံခါးဖွင့် စီးပွားရေးကို ကျင့်သုံးလိုက်ပြီးသည်နှင့် ဒလဟော ဝင်လာလိုက်သော အဝတ်အစား အသုံးအဆောင် စသည်တို့မှာ ကျွန်တော်တို့လို လူကြီးများအဖို့ ဘာတွေမှန်းကို မသိနိုင်လောက်အောင် ဖြစ်ပါသည်။ တချို့ ကျောင်းသား ကျောင်းသူ

www.sagarwarmyae.net



တို့၏ အဝတ်အစားများ၏ တန်ဖိုးကို အမှတ်မထင် မေးကြည့်လိုက်တော့ 'အမယ်လေး ငါတို့ မိသားစု သုံးလေးငါးလစာပါကလား' ဟု ရင်ဖိလိုက်မိပါသည်။ ဆရာကြီးခေတ်က လိုပါပဲ၊ သူတို့ချင်းလည်း အပြိုင် အဆိုင်ကလေးတွေ ရှိကြသည်။ သို့သော် ကိုယ်စွမ်း ကိုယ်စချင်း ပြိုင်နေကြသည် မဟုတ်ဘဲ မိဘချင်း ပြိုင်နေခြင်းသာ ဖြစ်သည်။ ဆရာကြီးက ပြိုင်ဆိုင်မှုကို တားမြစ်ရုံသာ မဟုတ်၊ အားပေးခြင်းလည်း ပြုပါ သေးသည်။ သူ အားပေးသော ပြိုင်ဆိုင်မှုက . . .

***ပညာချင်း ဂုဏ်ပြိုင်သင်လျှင် တတ်မြောက် လွယ်၏။ အဝတ်အစားချင်း ဂုဏ်ပြိုင်လျှင် ပညာကို ဆုတ်ယုတ်စေတတ်၏။ အဝတ် အစားချင်း ကြွားဝါခြင်းသည် မာန်မာနကို အား ပေး၏။ ထိုမာန်မာနသည် ပညာ၏အန္တရာယ် ဖြစ်၏။***

ဆရာကြီးက မိဘများသည်လည်း အဝတ် အစား ပြိုင်ဆိုင်မှုကို အားပေးခြင်း မပြုကြဘဲ ပညာပြိုင် ထားပါသေးသည်။ ကျွန်တော်အကြိုက်ဆုံး စကား လေးမှာ. . ***ထိုသို့ ပညာသင်ခိုက် နှိမ့်ချလေသမျှသည် ပညာတတ်မြောက်၍ ကြီးမြင့်ဖို့ရန်သာ***

www.sagarwarmyae.net



**ဖြစ်လေသည်** ဟူသော စကားစုပင် ဖြစ်ပါသည်။

ဤသည်တို့မှာ သိရုံ၊ မှတ်ရုံမျှ အတွက်သာလျှင် မဟုတ် မိမိဘဝအတွက် ဆင်ခြင်ကျင့်သုံးရမည့် အရာများ ဖြစ်ကြောင်း ပြောစရာ မလိုပါ။ သို့သော် ကျောင်းသားအဖို့ စာမေးပွဲကိုသာ အာရုံပြုမှု များနေသောကြောင့် 'ကျင့်စရာ' တွေပါကလား ဟု သတိမရနိုင်ကြောင်း ဖြစ်နေကြသည်ဟု ထင်မိပါသည်။

နောက်စာတစ်ပုဒ်ကို ထုတ်ပြလိုက်ပါရစေဦး။

ပီမိုးနင်း၏ 'အားလပ်သော အချိန်ကလေးများ' ဟူသော ကောက်နုတ်ချက် ဖြစ်ပါသည်။ ဆရာကြီး ပီမိုးနင်းက အချိန်၏ အဖိုးတန်လှပုံ၊ အချိန်ကို ခုံမင်စေးနှဲစွာ အသုံးချသင့်ကြပုံကို အကျယ်တဝင့် တင်ပြပြီးနောက် ပန်းထိမ်ဆရာများ ရွှေတိုရွှေစ ကလေးများကို တရိုတသေ စုဆောင်းသကဲ့သို့ အားလပ်သော အချိန်ကလေးများကိုပင် အသုံးချကြရမည်ဟု ဆုံးမပါသည်။ ဆရာကြီး ရေးပုံကို ကြည့်ပါဦး . . .

***တန်ဖိုး မဖြတ်နိုင်သော စက္ကန့်မိနစ်တည်း ဟူသော ရတနာတို့ကို ဖမ်းဆီး ယူငင် အသုံးပြုတတ်သူတို့သည် တောတောင်၌ သစ္စာကို လည်ရှာတတ်သူထက် ကြီးပွားရမည်ကား မည်သူမျှ မငြင်းနိုင်ချေ။***

Future Publishing House

www.sagarwarmyae.net



**ပေါ့လျော့သော သူသ ည် ဆင်းရဲသောအခါ ကံကို ယိုးမယ်ဖွဲ့၏။ လူမတန်လို့ ကံကို ချသော်လည်း မတန်သောသူကို ကံသည် မစခြင်းငှာ မစွမ်းနိုင်သဖြင့် ထိုလူမျိုးကို ကံသည် လက်ပိုက်ကာ ဝမ်းနည်းလျက် ကြည့်၍သာ နေရလေသည်။**

ထိုစာများကို ဖတ်လိုက်ရသောအခါ အရေးတကြီး ချမ်းသာချင်သောကြောင့် ကျောက်တွင်းဒေသများသို့ စွန့်စားသွားရောက်ကြသည့် လူငယ်များကို သတိရမိသည်။ **'မတန်သူကို ကံသည် မ,မနိုင်'**ဟူသော စကားသုံးကလေးကိုလည်း ချစ်မိပါသည်။ အားလပ်ချိန်ဟူ၍ မထား၊ အလုပ်ကို မပြတ် လုပ်နေရသူတို့နှင့် ပတ်သက်၍ ဆရာကြီး ရေးလိုက်ပုံမှာ . . . **ထိုပုဂ္ဂိုလ်ကြီးများ၏စိတ်သည် မအားလပ်သဖြင့် အခြားသာမန်သူတို့ကဲ့သို့ သေးနုပ်သိမ်ဖျင်းသော အကြံအစည်တို့ကိုလည်းကောင်း၊ မကောင်းသော စိတ်အကြံအစည်တို့ကိုလည်းကောင်း ကြံဖို့ရန် အချိန်မရ။ ထိုမကောင်းသော စိတ်အကြံအစည်တို့သည်လည်း ဝင်ရောက်ခွင့် မရကြသဖြင့် ၎င်းတို့၏ စိတ်သည် မြင့်သည်ထက် မြင့်၊ မြတ်သည်ထက် မြတ်၊ ရင့်သည်ထက်ရင့်၊ ကြီးမားထက်သန်သည်ထက် ကြီးမားထက်**

www.sagarwarmyae.net



**သန့်ပြီးလျှင် အများသောသူတို့၏ လေးစားကိုင်းညွတ် ပူဇော်ခြင်းကို အလိုအလျောက် ခံကြရလေသည်။**

ဤစာများမှာ ဖတ်ရုံ မှတ်ရုံမျှသာမဟုတ်၊ ကျင့်ရမည့် စာများ ဖြစ်ကြောင်း ယုံမှားစရာ မရှိပါ။

## ပေးသူနှင့် ယူသူ

စာရေးသူနှင့် စာဖတ်သူတို့၏ အနေအထားကို ကြည့်မည်ဆိုလျှင် စာရေးသူက **'ပေးသူ'**၊ စာဖတ်သူက **'ယူသူ'** ဖြစ်သည်ဟု ဆိုနိုင်ပါလိမ့်မည်။ ယူသူက မကြိုးစားလျှင် ပေးသလောက်ကို ရနိုင်မည် မဟုတ်ပါ။ အထက်တွင် ဆိုခဲ့သော ဆရာဦးမောင်ကြီးတို့၊ ဆရာကြီး ပီမိုးနင်းတို့က ပေးလိုက်သလောက် စာဖတ်သူ ကျောင်းသား ကျောင်းသူများ ရနိုင်ကြပါ၏လော။

ပြဋ္ဌာန်းစာ ဖြစ်နေ၍ စာမေးပွဲဆိုတာကြီး ခံနေသောကြောင့် **သိခြင်း မှတ်ခြင်း** တွင်သာ ရပ်သွားနိုင်ပါသည်။ **ကျင့်ခြင်း** ထိအောင် ရောက်သွားဖို့ မလွယ်လှ ထင်ပါသည်။

စာရေးဆရာကြီးများက ပေးခဲ့သည်။ တစ်ဖန် သင်ရိုးညွှန်းတမ်းအဖွဲ့ ပညာရှင်များက ပြဋ္ဌာန်းပြီး ပေးလိုက်ပြန်သည်။ နောက်ထပ် လက်ဆင့်ကမ်းပြီး ပေးရမည့် သူများက မြန်မာစာဆရာများ ဖြစ်ကြသည်။

www.sagarwarmyae.net



မြန်မာစာ ဆရာတို့ကလည်း (အထူးသဖြင့် ကျူရှင်ဆရာတို့ကလည်း) စာမေးပွဲကိုသာ အရေးတကြီး အာရုံပြုနေကြသောကြောင့် အကျင့်တရား အထိ ဆိုက်သွားအောင်၊ နှလုံးသားအထိ စိုက်သွားအောင် သင်ပေးနိုင်ကြပါ၏လောဟု သံသယ ဖြစ်ဖွယ် ရှိနေပါတော့သည်။

အကယ်၍ ဤဆောင်းပါးကို ကျောင်းသားတစ်ယောက်တလေ ဖတ်မိပါလျှင် မိမိတို့ ပြဋ္ဌာန်းစာများတွင် ပါသော စာများကို၊ ပေးသလောက်ကို ယူမည်ဟူသော စိတ်ဖြင့် ပြန်ပြီး ဖတ်ကြည့်စမ်းပါဟု တိုက်တွန်းလိုက်ရပါသည်။

# ချိုထောင်လေး ချိုထောင်ကြီး

"သာဓု . . . သာဓု . . . သာဓု သွားလေရာ လာလေရာမှာ သူယုတ်မာများနဲ့ လွဲပါစေ၊ သူတော်ကောင်းများနဲ့ တွေ့ပါစေ" ဟူသော လူကြီးသူမများ၏ ဆုပေးသံကို ကျွန်တော်တို့ မကြာခဏ ကြားပါသည်။ ကြားရလွန်း အားကြီးသောကြောင့်လည်း လေးလေးနက်နက်တန်ဖိုးထားရကောင်းမှန်း မသိတော့ပါ။

ထိုဆုကို ကျွန်တော်တို့ နားလည်ခဲ့ရပုံကလည်း ပေါ့ပေါ့တန်တန် ဖြစ်နေသည်ဟု ထင်ပါသည်။ သူယုတ်မာနဲ့ တွေ့ရင် ဒုက္ခရောက်တတ်တာပေါ့။ လိမ်တာ၊ ကောက်တာ၊ ညာတာ၊ ခါးပိုက်နှိုက်ခံရတတ်တာပေါ့။ သူတော်ကောင်းနဲ့ တွေ့တော့ ကိုယ့်ကို ကူညီစောင့်ရှောက်မှာပေါ့။ သည်လောက်ပဲ တွေးမိတတ်ပါသည်။ ရှေ့ဆက်ပြီးလည်း ဘာမှ မတွေးတော့ပါ။ လက်တွေ့ဘဝနှင့် ယှဉ်ပြီး လေးလေးနက်နက် သုံးသပ်

www.sagarwarmyae.net



ရကောင်းမှန်း မသိပါ။ လူကြီးတွေကတော့ လက်တွေ့ဘဝက ရသည့် သင်ခန်းစာများကြောင့် ဤဆုမြတ်ကြီးကို ပေးလိုက်တာ ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ တွေးနေပုံက မိမိကို ရန်ပြုလာမည့် သူယုတ်မာဟု တွေးနေမိသည်။ မိမိကို မုန်းသည့်၊ မိမိကို မကောင်းကြံစည်မည့် သူယုတ်မာဟု တွေးနေမိတတ်သည်။ သူယုတ်မာကို အပေါင်းအသင်းအဖြစ် ဘယ်တော့မှ မတွေးမိတတ်ကြပါ။ (ကျွန်တော် **အပေါင်းအသင်း** ဟုသာ ဆိုပါသည်။ **မိတ်ဆွေ** ဟူသော စကားကို မသုံးပါ။) အပေါင်းအသင်း ဖြစ်လာသော သူ ယုတ်မာသည်သာလျှင် ကြောက်စရာအကောင်းဆုံး ဖြစ်ပါသည်။ သူ့ကြောင့် မိမိဘဝ ပျက်စီးသွားတတ်ပါသည်။ သူကတော့ ဖျက်ဆီးလိုသည့် စေတနာထားချင်မှ ထားပါလိမ့်မည်။ သို့သော် သူ့ကြောင့် မိမိဘဝ ပျက်သွားတတ်ပါသည်။

## ဘာလုပ်လုပ် အပေါင်းအသင်းကြောင့်

ကျွန်တော်တို့ ဘဝအတွေ့အကြုံကို ပြန်ပြီး သုံးသပ် စဉ်းစားကြည့်သင့်ပါသည်။ ကျွန်တော့်အဖို့ကတော့ တစ်ခါတစ်ရံ ထိုကဲ့သို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြီး စဉ်းစားရသည်မှာ ပျော်စရာကောင်း

www.sagarwarmyae.net



သည်ဟု ထင်မိပါသည်။

ကျွန်တော် မကြာခဏ ပြန်ပြောင်းစဉ်းစားမိသော အဖြစ်ကလေးတစ်ခုကို တင်ပြလိုပါသည်။ အသက်က (၁၀) နှစ်၊ (၁၁) နှစ်၊ ငါးတန်းကျောင်းသားဘဝဖြစ်ပါသည်။ ကျွန်တော်တို့ ကျောင်းမှာ ရှေးခေတ်က နယ်ကျောင်းများ ထုံးစံအတိုင်း (၇) နာရီမှ (၉) နာရီ ကျောင်းဆင်း၊ အိမ်ပြန်၊ ထမင်းစား၊ (၁၂) နာရီမှာ ကျောင်းပြန်တက်၊ (၂) နာရီမှာ မုန့်စားဆင်း၊ (၃) နာရီမှာ ပြန်တက် (၄) နာရီ ကျောင်းဖြိုပါသည်။ တစ်နေ့တွင် နေ့လယ် (၂) နာရီ မုန့်စားဆင်းချိန်တွင် ထွန်းဝေဆိုသော သူငယ်ချင်း တစ်ယောက်က ကစားစရာ သံပတ်ပေး မော်တော်ကားလေး တစ်ခုကို ဝယ်ချင်လို့ လိုက်ခဲ့ပါဟု အဖော်ခေါ်သည်။ ကျွန်တော်တို့ခေတ်က ဤကစားစရာမျိုးကို ဝယ်နိုင်သူ အတော်ရှားပါသည်။ သူကလည်း တောသားပေမယ့် မိဘက အတန်အသင့်ပစ္စည်းရှိဟန် တူပါသည်။ အိမ်က ငွေတစ်ကျပ်ခိုးလာသည်ဟု ပြောပါသည်။ ထိုခေတ်က ငွေတစ်ကျပ်ဆိုသည်မှာ မနည်းပါ။ မော်တော်ကားလေးတွေ လျှောက်ကြည့်ရင်း၊ ဈေးဆစ်ရင်း အချိန်အတော်လေးကြာသွားပါသည်။ မော်တော်ကားလေးကိုပင် သုံးမူး (ပြား၄၀ခန့်) ပေးဝယ်ခဲ့သည်။ မုန့်လည်း စားကြသည်။

www.sagarwarmyae.net



ကျောင်းပြန်ရောက်တော့ ကျောင်း တက်နေပြီ။ ဆရာက မေးမည်၊ စစ်မည်၊ တစ်ချက် နှစ်ချက်လောက် လည်း ရိုက်ချင်ရိုက်မည်။ ကျွန်တော်ကတော့ ရိုးရိုး သားသားပါပဲ။ အရိုက်ခံပေ့ါ။ တွေးရိုးတွေးစဉ်ပေ့ါ။ ထွန်းဝေက ကျောင်းပြေးကျင့် ရှိလက်စ အကောင် ကလား၊ ကျွန်တော့်ကို နောက်ဆုံးအချိန် မတက်ဘဲ ကျောင်းပြေးရန် ဆွယ်ပါတော့သည်။ ကျွန်တော့် အဖို့မှာ အလွန့်အလွန် သန့်ရှင်းစင်ကြယ်သော ကျောင်းသားငယ် သဘာဝအတိုင်း ကျောင်းပြေးခြင်း ဆိုသည်မှာ ဘုရားပေါ် ဖိနပ်စီးခြင်းကဲ့သို့ မလုပ်သင့် မလုပ်ကောင်းသော မဖွယ်မရာကိစ္စကြီးဟု အောက်မေ့ နေသူ ဖြစ်ပါသည်။

သူကလည်း ဆွယ်တရား အထပ်ထပ်ဟော ပါသည်။ ကျွန်တော်ကလည်း သံပတ်ပေး မော်တော် ကားလေးနှင့် ကစားချင်နေမိပါသည်။ သို့နှင့်ပင် သူနဲ့ အတူ ပါသွားပြီး မြို့လယ် ဘုရားရင်ပြင်ပေါ်၌ မော် တော်ကားလေးကို သံပတ်ပေးပြီး ကစားကြပါသည်။ သို့ပါလျှက်နှင့်ပင် ကျွန်တော့်မှာ ရင်တထိတ်ထိတ်၊ သွေးတလန့်လန့် ဖြစ်နေပါသည်။

ကံအားလျော်စွာ (မကောင်းသော ကံအား လျော်စွာ) ဘာမှ မဖြစ်ပါ။ အိမ်ကလည်း မသိပါ။ ကျွန်

www.sagarwarmyae.net



တော် စည်းပေါက်သွားပါပြီ။

နောက်များမကြာမီ အခြားကျောင်းပြေးကျင့်ရှိသည့် သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို အဖော်ဆွယ်ပြန်ပါသည်။ ကျွန်တော် ပါသွားသည်။ ကျွန်တော်တို့ မြို့အစွန်ရှိ ချောင်းရိုးလေး တစ်ခုထဲတွင် ရေကူးကြသည်။ လိပ်ပြာ သိပ်မလန့်လှတော့ပါ။ ယဉ်ပါးလာပါပြီ။ ဤသို့နှင့် ကျွန်တော် ကျောင်းခဏခဏ ပြေးပါတော့သည်။ ဒုတိယအစမ်းစာမေးပွဲတွင် မကျစဖူး ကျပါတော့သည်။ အိမ်က သိတော့ ရိုက်လိုက်သည်မှာ မပြောပါနှင့်တော့။

ဩော် . . . ထွန်းဝေ၊ သူကတော့ ကျွန်တော့်ကို ဖျက်လိုဖျက်ဆီးလုပ်သည် မဟုတ်ပါ။ သူငယ်ချင်းချစ်လို့ပဲပေါ့ (ယခု စာရေးနေရင်းပင် လွမ်းနေမိပါသည်။ အသက်ရှင်လျက်ပဲ ရှိသေးသလား၊ သေပဲ သေလေပြီလား မသိ။) သူက ကျွန်တော့်ကို ချစ်ပါသည်။ ကျွန်တော်ကလည်း သူ့ကိုချစ်ပါသည်။ စိတ်ယုတ်မာတော့ မရှိရိုးအမှန်ပါ။ သို့သော် အကျင့်ယုတ်ကလေးတစ်ခုတော့ ကျွန်တော့်မှာ စွဲသွားပါပြီ၊ နောက်တော့ ကျွန်တော်ကလည်း အခြားကျောင်းသားများကို ကျောင်းပြေးဖို့ ဆွယ်ပြန်ပါသည်။ သူတို့လည်း ပြေးပါသည်။ ကျွန်တော်ကလည်း ယုတ်မာသော စေတနာ

www.sagarwarmyae.net



နှင့် ဆွယ်ခြင်းမဟုတ်ပါ။ ချစ်လို့ပါပဲ။ သို့သော် သူတို့ အဖို့တော့ သူယုတ်မာနှင့်တွေ့ခြင်းပင် ဖြစ်ပါသည်။ သူတို့မှာလည်း အကျင့်ယုတ်စွဲသွားသည် မဟုတ်လား။

ယခု ကျွန်တော့် ဘဝတစ်လျှောက်ကို ပြန်လည်ပြီး အေးအေးဆေးဆေး စူးစမ်းကြည့်လိုက်တော့ ကိုယ့်စိတ်ကိုယ့်ဘဘောနှင့် အကျင့်တစ်ခုကို ထူထောင်ခြင်း မဟုတ်ဟူ၍ မရှိသလောက် ဖြစ်နေသည်ကိုတွေ့ရပါသည်။ ကျွန်တော် အရက်သောက်ဖူးပါသည်။ တရားထိုင်ဖူးပါသည်။ ပထမဆုံးအကြိမ် အရက်သောက်ခြင်း၊ ပထမဆုံးအကြိမ် တရားထိုင်ခြင်း တို့မှာ အပေါင်းအသင်းကြောင့်ချည်း ဖြစ်သည်ကို တွေ့ရပါသည်။ သူတို့ကလည်း ကျွန်တော့်ကို ချစ်ကြခင်ကြပါသည်။

ကျွန်တော်ကလည်း ထို့အတူပါပဲ၊ သို့သော် အရက်သောက်တတ်သူနှင့် ချစ်မိတော့ အရက်သောက်တတ်သွားပါသည်။ တရားထိုင်တဲ့လူနဲ့ ချစ်မိတော့ တရားထိုင်တတ်သွားပါသည်။

သည်တော့မှ အရိုးဆုံးဆုကလေးဖြစ်သော **"သူယုတ်မာများနဲ့ လွဲပါစေ၊ သူတော်ကောင်းများနှင့် တွေ့ပါစေ"** ဆိုသည့် စကားကလေးကို ရိုသေတတ်လာပါသည်။

www.sagarwarmyae.net



## အားလပ်ချိန် အန္တရာယ်

အားလပ်ချိန်ဆိုသည်မှာ ကိုယ်ပိုင်အချိန်ပင်ဖြစ်သည်။ ကိုယ်ပိုင်အချိန် ဆိုသည့်အတိုင်း ကိုယ်ကြိုက်ရာ လုပ်နိုင်သောအချိန်ပင် ဖြစ်ပါသည်။ လူကြီးများအဖို့ လုပ်ငန်းခွင်တာဝန်မှ လွတ်ချိန်ဖြစ်၍ ကျောင်းသားများအဖို့ ကျောင်းအားချိန်နှင့် ကျောင်းပိတ်ရက်များ ဖြစ်ပါသည်။

အားလပ်ချိန်သည် ပျော်စရာကောင်းပါသည်။ လူငယ်များအဖို့ ပို၍ပင် ပျော်စရာကောင်းပါသည်။ နောက်ပြီး အန္တရာယ်လည်း အလွန်ကြီးပါသည်။ အားလပ်ချိန်သည် လူတစ်ယောက်၏ စရိုက်ကို ကောင်းကောင်း ဖော်ပြနိုင်ပါသည်။ လူတစ်ယောက်၏ စရိုက်သိချင်လျှင် သူ၏အားလပ်ချိန် အသုံးပြုပုံကို စူးစမ်းကြည့်ပါက အနီးကပ်ဆုံးမှန်ကန်စွာ သိရှိနိုင်ပါသည်။

ကျောင်းသားများအတွက် အရေးကြီးဆုံးမှာ နွေရာသီ ကျောင်းပိတ်ရက်ရှည် ပိတ်သည့် အားလပ်ချိန်ကြီး ဖြစ်ပါသည်။ ကျောင်းမပိတ်မီ စာမေးပွဲကြီးအတွက် ပြင်ဆင်ကျက်မှတ်ကြရသည့် ကျောင်းသားများ၏ ဒုက္ခမှာလည်း မသေးလှပါ။ ညအခါ သန်းခေါင်သန်းလွဲ မျက်မှန်လေး တဝင်းဝင်း၊ မီးတိုင်လေး တလင်းလင်းနှင့် သနားစရာ ကောင်းလှပါသည်။ ည

www.sagarwarmyae.net



အိပ်ရေးပျက်ပကောဟု နံနက်တွင်လည်း နေမြင့်အောင် မအိပ်နိုင်ပါ။ နံနက်စောစောထပြီး အနီးကပ်သင်တန်းပြေးရ ကျူရှင်ပြေးရနှင့် ဖတ်ဖတ်မောနေကြပါတော့သည်။ လူသာမောသည်မဟုတ် စိတ်ကလည်း မောပန်း မွန်းကျပ်လိုက်သည်မှာ "စာမေးပွဲကြီးရယ်ပြီးပါတော့" ဟု မကြာခဏ ရေရွတ်မိတတ်သည်အထိ ဖြစ်ပါသည်။

ပင်ပန်းလွန်းသောအခါ၊ မွန်းကျပ်လွန်းသောအခါ လွတ်လပ်မှုကို တောင့်တစမြဲဖြစ်ပါသည်။ သည်တော့ "ဟင်း၊ နေနှင့်ဦး စာမေးပွဲပြီးမှ မွန်းတည့်ချိန်ထိအောင် အားရပါးရကို အိပ်လိုက်ဦးမယ်" စသည်ဖြင့် ကြိမ်းဝါးတတ်ပါသည်။ ဘာလုပ်မည် ညာလုပ်မည်နှင့် စိတ်ကူးလိုက်သမျှမှာ ကောင်းတာဆိုလို့ တစ်ခုမျှမပါတတ်ချေ။ ဘုရားသွားမည်၊ ကုသိုလ်ပြုမည် ဆိုတာမျိုးမဟုတ်၊ ကန်တော်ကြီးသွားပြီး ရေကူးမည်၊ ငါးမျှားမည်၊ ရုပ်ရှင်ကြည့်မည်၊ ရှူပ်မည်၊ ပွေမည် စသည့် စိတ်ကူးမျိုးသာ ပေါ်နေတတ်သည်။ စိတ်သည် မကောင်းမှု၌ မွေ့လျော်သည်။ ပါပသ္မိံ ရမတိမနော ဟူသော ဘုရားဟော စကားအတိုင်း မကောင်းမှုပြုရန်သာ စိတ်စောနေမိတတ်သည်။ အားလပ်ချိန် လွတ်လပ်ရေးကြီးကို တောင့်တနေသည်မှာ မကောင်းမှုတစ်ခုခု ပြုလုပ်ရန်

www.sagarwarmyae.net



အတွက် ဖြစ်မှန်းမသိ ဖြစ်လာပေတော့သည်။

စာမေးပွဲကြီးပြီးပြီ။ လွတ်ပြီ ကျွတ်ပြီကွာဟု ကြွေးကြော်ပြီး ရုပ်ရှင်ရုံ တန်းပြေးတော့သည်။ အပေါင်းအသင်းတွေနှင့် ပျော်ကြပါးကြသည်။ ဤအချိန်တွင် အပေါင်းအသင်း တစ်ယောက်ယောက်က ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ လုပ်အားပေး စခန်း၊ ကြက်ခြေနီ၊ မီးသတ် စသည့်ဘက်သို့ ဆွယ်လျှင်လည်း ကောင်းရာမွန်ရာနောက် ပါသွားတတ်သည်။ အပေါင်းအသင်းဆိုးများနှင့် တွေ့လျှင်လည်း အံစာ လိုမ့်၊ ဖဲရိုက်စသည်ဘက်သို့ ပါသွားတတ်သည်။ ကောင်းတာဖြစ်စေ၊ မကောင်းတာဖြစ်စေ တစ်ခုခုကိုတော့ လုပ်ချင်သည့် အားလပ်ချိန်ကြီးဖြစ်သည်။ ခက်တာက ထိုတစ်ခုခုသည် ဘဝကို အဆုံးအဖြတ် ပေးသွားတတ်ခြင်းပင် ဖြစ်ပေသည်။

## စွန့်စားလိုစိတ်

စွန့်စားလိုစိတ်၊ စူးစမ်းလိုစိတ်ဆိုသည်မှာ ဇီဇက ပါလာသော စိတ်များဖြစ်သည်။ လူငယ်များအဖို့မှာ ပို၍ပင် ကြီးမားပါသေးသည်။ စွန့်စားခန်း ဝတ္ထုများ၊ ရုပ်ရှင်များကို အချစ်ဝတ္ထုထက်ပင် မက်မောသည်။ အချစ်ဝတ္ထုများ၌ပင် စွန့်စားခန်းပါမှ လေးလေး

www.sagarwarmyae.net



ပင်ပင် ရှိသည်ဟု ထင်ကြစမြဲ ဖြစ်သည်။

စွန့်စားမှုပါသော ကိစ္စကို တရှိုက်မက်မက် နှစ်သက်တတ်ကြသည်။ တထိတ်ထိတ် တလန့်လန့် သူတစ်ပါးခြံထဲက ခိုးယူရသော သရက်သီးမှာ အိမ်က သရက်သီးထက် ပိုချိုသည်ဟု ထင်တတ်ကြသည်။ ဤသို့ စိုးတထိတ်ထိတ် ရင်ခုန်ရသည်ကို နှစ်သက်သည့်ပြင် ထိုကိစ္စမျိုးကို အောင်မြင်စွာ ဆောင်ရွက်လိုက်နိုင်လျှင် မိမိကိုယ်မိမိ လူစွမ်းလူစရှိသူ ယောကျ်ားကောင်းကြီးအဖြစ်လည်း အထင်ရောက်တတ်ကြသည်။

ဤအရွယ် ဤအားလပ်ချိန်မျိုးတွင် အပေါင်းအသင်းဆိုး တစ်ယောက်နှင့် တွေ့လိုက်လျှင် ရေစုန်မျောပါသွားတတ်သည်။ အရက်သောက်ကြသည်။ ပထမ တစ်ခွက်သောက်ဖို့ အလွန်ဝန်လေးသည်။ အကုသိုလ်မှုကြီးတစ်ခုကို ပြုနေပြီဟုသိနေသည်။ မကောင်းမှုကြီးကို ကျူးလွန်ရတော့မည်ဟု သိနေသည်။ ကိုယ်ကျင့်တရားကို ချိုးဖောက်ရတော့မည်ဟု သိနေသည်။ ထို့ပြင် အရသာကလည်း ရှလပတ်ရည်လို၊ လိမ္မော်ရည်လို၊ သံဘူးဖျော်ရည်လို ချိုသည်၊ မွှေးသည် မဟုတ်။ နံသည်၊ ခါးသည်၊ ပူသည်။ ထို့ကြောင့် ဝန်လေးသည်။ သို့သော် ပတ်ဝန်းကျင်က မြှောက်ပေးသည်။ ထို့ကြောင့်စွန့်စားရမည်။ ယောကျ်ားဆန်ရမည်။

www.sagarwarmyae.net



ထို့ကြောင့် ဇွတ်မှိတ်ပြီး မော့ချလိုက်သည်။ ပတ်ဝန်းကျင်က လက်ခုပ်များပင် တီးပေးလိုက်သေး၏။ သွေးမြောက်သွားသည်။ အစပျိုးမိပြီ။

ပျိုးမိလျှင် အပင်ပေါက်ရတော့သည်သာ။

## ချိုထောင်ကလေး

ငါးပါးသီလတွင် သူ့အသက်သတ်ခြင်း၊ ခိုးခြင်း၊ လိမ်ပြောခြင်း၊ သူ့သားမယားကို ပြစ်မှားခြင်းတို့မှာ တစ်ပါးသူကို ထိခိုက်သည်။ အရက်သောက်ခြင်းမှာ ကိုယ့်ဘာသာကိုယ် အရက်ကိုသောက်ပြီး အေးအေးနေလျှင် တစ်ပါးသူကို မထိခိုက်နိုင်ပါလျက် ဘာကြောင့် အရက်ကို ငါးပါးသီလထဲ၌ ထည့်သွင်းရပါသနည်းဟု ဒါယကာ တစ်ယောက်က သင်္ဃာဆရာတော်ကြီးအား မေးလျှောက်သည်။

ဆရာတော်ကြီးက "တစ်ခါက အဘိုးကြီး တစ်ယောက်ရှိတယ်၊ နွားလည်း ဆယ့်လေးငါးကောင် ရှိတော့ မြေးကလေးက နွားကျောင်းရတယ်၊ ညကျလို့ ရှိရင် အဘိုးကမြေးကို 'ငါ့မြေးရေ ချိုထောင်ကလေးကို ချည်ပြီးပြီလား အမြဲမေးလေ့ရှိသတဲ့။ ညမှာ နွားခြံပိတ် တိုင်းမေးတော့ မြေးကလေးက 'အဘိုးကလည်း ချိုထောင် ကလေးချည်း မေးနေတာပဲ ချည်ပြီးပါပြီဗျ' လို့ ပြော

www.sagarwarmyae.net



သတဲ့ ဒီတော့ အဘိုးက 'ဟဲ့ ငါ့မြေးရဲ့၊ တခြား နွားတွေက ကိစ္စမရှိဘူး၊ အဲဒီ ချိုထောင်ကလေးကို မချည်ရင် သူက တခြားအိပ်နေတဲ့ နွားတွေကို လိုက် လိုက်ပြီး ဝှေ့တယ်ကွယ့်၊ ဒီတော့ တခြားနွားတွေ အိပ်ရေး ပျက်တယ်ကွယ့်' လို့ ပြန်ပြောသတဲ့၊ ဒီတော့ ဒကာကြီးရေ ဘုရားက သူရာမေရိယဆိုတဲ့ မူးယစ် ဆေးဝါး ချိုထောင်ကလေးကို အချည်ခိုင်းရှာတယ်၊ သူ့ကို လွှတ်ထားလိုက်ရင် သူလိုက်ပြီး ဝှေ့တာနဲ့ တခြား သီလတွေ အိပ်ရေးပျက်မှာပေါ့ ဒကာကြီးရဲ့"

အရက်ကလေးကို စပြီးသောက်မိပြီ၊ ချိုထောင် ကလေးလွှတ်သွားပြီ၊ ချိုထောင်ကလေးက ချိုထောင် ကြီးကို နှိုးတော့မည်။ အရက်မူးလာတော့ ဆင်ခြင် ဉာဏ်စွမ်းအားက ကျဆင်းလာသည်။ ပျော်သည်။ ပိုပျော်ချင်သည်။ သည်ထက်ပိုပြီး ပျော်လိုက်ချင်သည်။ သည်အချိန်တွင် အပေါင်းအသင်း တစ်ယောက်က 'ဆေးခြောက်' ဟုပြောလိုက်သည်။ အရက်ကလေး ဝင်ထားတော့ ပေါ့ပါးနေသည်။ ဆေးခြောက်ရှုလိုက် သည်။ မစွဲပါ။ ကိစ္စမရှိပါ။ နောက်တစ်နေ့လည်း ရှုချင် စိတ်မပေါ်ပါ။

သို့သော် နောက်တစ်ကြိမ် လူစုနှင့် အရက် သောက်မိပြန်တော့ ဆေးခြောက်ကို သတိရလာသည်။

www.sagarwarmyae.net



ပျော်စရာမကုန်သေး၊ ပျော်စရာ တစ်ထစ်ကျန်သေးသည်။ ဆေးခြောက် ဆေးခြောက် ဘယ်မှာလဲ။

ဤသို့အားဖြင့် အပျော်ဒီဂရီ တစ်ထစ်ပြီးတစ်ထစ် တက်လာသည်။ အပျက်ဒီဂရီကလည်း တစ်ဆင့်ထက်တစ်ဆင့် မြင့်သွားသည်။ နောက်တော့ နံပါတ်ဖိုး ဘာညာဆိုသော ချိုထောင်ကြီးကို နှိုးမိတော့သည်။

ချိုထောင်ကြီး နိုးပြီ။

တခြားသီလတွေ ကိုယ်ကျင့်တရားတွေကို ဝှေ့ပြီ။ လိမ်ရမလား၊ လိမ်မည်။ ခိုးရမလား၊ ခိုးမည်။ သတ်ရမလား၊ သတ်မည်။ သူတစ်ပါး သားမယားကို ကြံစည်ရမလား။ ဒို ဘာမဆို အကုန်လုပ်တော့မည်။

## အရှိုးဆုံး ဆုကလေး

ဤအဖြစ်အပျက်တွေ အစမှာ ဘာမှမပြောပလောက်ပါ။ အမှတ်မထင်သော အပေါင်းအသင်းလေးပင် ဖြစ်ပါသည်။

ထို့ကြောင့် မိမိအပေါင်းအသင်း ပတ်ဝန်းကျင်ကို သုံးလတစ်ကြိမ်လောက် ပြန်ပြီးစစ်ဆေးသင့်ပါသည်။ ဤအကျင့်ကို အစပြုမိလျှင် အပေါင်းအသင်းအသစ်တိုးလာတိုင်း စစ်ဆေးမိလျက်သား ဖြစ်သွား

www.sagarwarmyae.net



နိုင်ပါသည်။ အပေါင်းအသင်းသစ် ဘယ်သူ တိုးလာသလဲ၊ သူတိုးလာလို့ ဘယ်လိုအကျင့်သစ်တွေ တိုးလာသလဲ၊ ကောင်းသလား၊ ဆိုးသလား။

လူငယ်ဟူသမျှ ဘယ်သူမှ မဆိုးချင်ပါ။ ကောင်းချင် အောင်မြင်ချင်သူချည်းသာ ဖြစ်ပါသည်။ အကောင်းအဆိုးကို ခွဲခြားနိုင်သူချည်းသာ ဖြစ်ပါသည်။ အပေါင်းအသင်းကို မပြတ်စစ်ဆေးတတ်သော သတိကလေး ရှိပါလျှင် ခွဲခွာဝံ့သော ခိုင်မာသည့်စိတ်ဓာတ်ရှိပါလျှင် မပျက်စီးနိုင်ပါ။ မုချ ကြီးပွားပါလိမ့်မည်။

အရိုးဆုံး ဆုကလေးကို ကျွန်တော်တို့ရွတ်ကြပါမည်။

"သွားလေရာ လာလေရာ သူယုတ်မာများနဲ့ လွဲပါစေ၊ သူတော်ကောင်းများနဲ့ တွေ့ပါစေ"

# အကဲဖြတ်စရာ

မျိုးဆက်သစ်အတွက် မျိုးဆက်ဟောင်းလူကြီးတွေက အဘက်ဘက်က တိုးတက်အောင်၊ အမွေကျန်ရစ်အောင် ကြိုးစားကြရသည်မှာ လောကနိယာမဟု ထင်မိပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့ကြသောကြောင့်လည်း လူ့လောကကြီး ဤသို့ တိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။

အခြားသောကိစ္စ ပြဿနာများကို ကျွန်တော်ဘာမှ ကောင်းကောင်း နားမလည်ပါ။ ထို့ကြောင့် ကျွန်တော် အတန်အသင့် နားလည်သော ထိုက်သင့်သလောက်လည်း ထိတွေ့မှုရှိသော စာပေလောကရှိ ကောင်းမှုရှင် သူတော်ကောင်းတို့ကို မျှော်လင့်စောင့်စားနေသော ကဏ္ဍကလေး တစ်ခုအကြောင်းကို တင်ပြလိုက်ချင်ပါသည်။

**Future Publishing House**

www.sagarwarmyae.net



ထိုကဏ္ဍက အခြားမဟုတ်ပါ။ စာကြည့်သင်း၊ စာဖတ်သင်းတွေ များများပေါ်ပေါက်လာရေးပင် ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာပြည်တွင် စစ်မဖြစ်မီက စာကြည့်သင်း၊ စာဖတ်သင်းတွေ များပြားလာအောင် စေတနာ့ဝန်ထမ်း သူတော်ကောင်းများက လှုံ့ဆော်ခဲ့ကြသည်။ ဟောပြော တိုက်တွန်းခဲ့ကြသည်။ စစ်ကြီးမဖြစ်မီ နှစ်အနည်းငယ်လောက် အလိုတွင်မူ စာကြည့်သင်း၊ စာဖတ်သင်းတွေ အတော်ကြီးကို များလာခဲ့သည်။ ကျေးရွာ စာဖတ်အသင်းများပင် ပေါ်ပေါက်လာခဲ့သည်။

စစ်ကြီး ပြီးတော့လည်း ထိုအရှိန်မှာ ပြန်လည်ခေါင်းထောင်လာလျက် စာကြည့်သင်းတွေ ပြန်လည်ဖွံ့ဖြိုး လာခဲ့ပြန်ပါသည်။ ဖွံ့ဖြိုးသမှ အတော်ကြီးကို အရှိန်ကောင်းကောင်းနှင့်ကို ဖွံ့ဖြိုးခဲ့ပါသေးသည်။ သည့်နောက်တွင်တော့ဖြင့် ပြည်တွင်းစစ်ကြီးက အရှိန်ကို ဟန့်ပစ်လိုက်ပါတော့သည်။ သို့သော်လည်း လုံးဝအသက်ထွက်သွားသည် မဟုတ်ဘဲ ဖုတ်လှိုက်ဖုတ်လှိုက်ကလေးတော့ ကျန်နေရစ်ခဲ့သေးသည်။ ခဏရှိတော့ နိုင်ငံရေးတွေကလည်း ရှုပ်လာသည်။ ထိုဖောက်စည်းရိုးမှုတွေကလည်း နည်းမျိုးစုံပင်ဖြစ်သည်။ စာကြည့်သင်းဆိုသည်မှာ တက်ကြွထက်သန်သော

www.sagarwarmyae.net



အသိဉာဏ် မွတ်သပ်သော လူငယ်များ စုဝေးရာဌာန ကြီး ဖြစ်လာလေရာ နိုင်ငံရေး ထိုးဖောက်စည်းရုံးရန် အတွက် မျက်စိကျစရာ ပစ်မှတ်ကြီး ဖြစ်လာလေသည်။

စာကြည့်သင်းမှတစ်ဆင့် နိုင်ငံရေးလှုပ်ရှားမှု လေးများ ပေါ်ပေါက်လာတတ်သည်မှာလည်း မကြာ ခဏဖြစ်သည်။ သည်တော့ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများကလည်း စာကြည့်သင်းဆိုလျှင် အမှတ်မထင် စောင့်ကြည့်နေရမည့် အစုအဝေး ကလေးဟု အောက်မေ့လာသည်။ သူတို့ကိုလည်း အပြစ်မတင်လေနှင့်၊ ဟုတ်သင့်သလောက်လည်း ဟုတ်ခဲ့တာ မှန်သည်။ ကျွန်တော်တို့ တောင်တွင်းကြီး မြို့၌ပင်လျှင် စာကြည့်သင်းကလေးတစ်ခု ပေါ်လိုက်ခဲ့ ဖူးသေးသည်။ အသင်းနာမည်က နီလာတဲ့၊ အဓိပ္ပာယ် ကတော့ ရှင်းပါသည်။ 'နီတဲ့ကောင် လာ' တဲ့။

သူတို့ စည်းရုံးသော ထိုးဖောက်သော အယူ ဝါဒ ယုံကြည်ချက်တွေ မှန် မမှန်၊ သင့် မသင့် ကျွန် တော် ဘာမှမပြောလိုပါ။ သို့သော် ထိုသို့သော ထိုထို ဤဤ ဝါဒမှုတွေ၊ အပြိုင်အဆိုင် စည်းရုံးမှုတွေ ကြောင့်လည်းကောင်း၊ နိုင်သည့်နည်းနှင့် ကိုင်မှုတွေ ကြောင့်လည်းကောင်း စာကြည့်သင်းများ အတော် အသင့် (ကျွန်တော့်အထင်) အတော်များများကို ဆိတ်

www.sagarwarmyae.net



သုန်း ခြောက်ခန်းသွားခဲ့ပါလေတော့သည်။

သည်လိုနှင့် ကာတွန်းတွေ ရုပ်ပြတွေ ခေတ်စားလာခဲ့ပြန်သည်။ ကလေးတွေကတော့ ကာတွန်းတို့ ရုပ်ပြတို့ကို ကြိုက်ကြသည်ပေါ့။ သည်တော့ ကလေးတွေကြိုက်သည့် ဆီးပေါင်းတို့ မက်မန်းထုပ်တို့ ရောင်းသည့် ဆိုင်ကလေးများတွင် ကာတွန်းရုပ်စုံကလေးများကို တစ်ခါဖတ် ငါးပြားလောက်နှင့် အငှားဆိုင်သန္ဓေတည်လာခဲ့သည်။ ယခုအခါတွင်တော့ဖြင့် အငှားဆိုင်တွေ ကြီးထွားလာလိုက်သည်မှာ ထုတ်ဝေသူများကပင်လျှင် အငှားဆိုင်အင်အားကို လှမ်းပြီး ကြည့်နေရလောက်အောင်ပင် ဖြစ်လာသည်။

စာကြည့်သင်းတွေ ဆိတ်သုဉ်းလာလိုက်တော့ အငှားဆိုင်ကလေးတွေ ပေါ်လာလိုက်သည်ကိုပင် ကျေးဇူးတင်ရသေးသည်။ စာအုပ်စာပေ အကောင်းစားကြီးတွေကို လမ်းညွှန်မပေးနိုင်သည့်တိုင် စာဖတ်ရှိန် စာဖတ်ဝါသနာကလေးကို သူတို့က ထိန်းထားပေးနေလို့ တော်ပေသေးတော့သည်။ တစ်ခုရှိသည်က အငှားဆိုင်တွေက အားမပေးလျှင် လစဉ်ထုတ်များပင်လျှင် ရပ်တည်ရန်ခက်လေတော့ မဂ္ဂဇင်းများကပင်လျှင် အငှားဆိုင် အများကြိုက်အရုပ်တွေ တစ်ပုံကြီးပါနိုင်အောင် အပြိုင်အဆိုင် လုပ်ကြရပြန်သည်။

www.sagarwarmyae.net



ထိုသို့သော အခြေအနေမှာ ယခုထက်တိုင် အီလည်လည် ဖြစ်လျက် ရှိနေသေးသည်ကို တွေ့ကြရမည်ဖြစ်သည်။ မြန်မာပြည်၏ ခေတ်အခြေအနေမှာ သိသိသာသာကြီး ပြောင်းလဲလာခဲ့ပြီ။ သူတို့ တိုးတက်ချင်ကြသည်၊ သူတို့၏ အနာဂတ်ကို ရေရေရာရာဖြစ်အောင် စီမံကိန်းချချင်ကြသည်။ အသိအလိမ္မာပညာ တိုးချင်ကြသည်။ သို့သော်လည်း လမ်းညွှန်ထိန်းကျောင်းပေးနိုင်မည့် မိတ်ဆွေကောင်း၊ အသိဉာဏ် ဦးစီးဦးဆောင်ပြုမည့် ဝါရင့်ဉာဏ်ရင့် မိတ်ကောင်းဆွေကောင်း မရှိသကဲ့သို့ ဖြစ်နေသည်။

စာဖတ်ဝါရင့်သော၊ အသိဉာဏ်ဖွံ့ဖြိုးသော စာသမား၊ ပေသမားများ မရှိဘူးလား။ ရှိပါသည်။ စာပေဟောပြောပွဲများ တက်တက်ကြွကြွ လုပ်နေကြသည်ကို ထောက်ကြည့်လိုက်လျှင် အင်အားမသေးလှကြောင်း တွေ့နိုင်ပါသည်။ ထိုအင်အားကို စာကြည့်သင်း၊ စာဖတ်သင်းများ ဘက်ဆီသို့ တာစူပေးလိုက်ရုံသာ ရှိပါသည်။

အနယ်နယ် အရပ်ရပ်ရှိ စာပေသမားများ မျိုးဆက်သစ်အတွက် ပရဟိတစိတ် မွေးပြီး စာကြည့်သင်းဖြစ်နိုင်အောင် ကြိုးစားသင့်ကြပါပြီ။ လူကြီးတွေက လူငယ်တွေအတွက် တတ်အားသမျှ အသိဉာဏ် ဦးဆောင်မှုပေးကြရန် သန္နိဋ္ဌာန်ချဖို့ အချိန်တော်ပါပြီ။

www.sagarwarmyae.net



စာကြည့်သင်းတစ်ခု ကောင်းကောင်းပေါ် လာလိုက်လျှင် လူငယ်များ၏ ဘဝအခြေအနေ သိသိ သာသာကြီး ပြောင်းလဲ တိုးတက်သွားနိုင်ပါသည်။ ဝါ ရင့် စာသမားတစ်ယောက်က ဖတ်သင့်ဖတ်ရာသော စာအုပ်များကို ညွှန်းပေးနိုင်ပါသည်။ ကောင်းပုံကောင်း နည်းကို စနစ်တကျ သုံးသပ်ပြလိုက်ခြင်းသည် ဘဝ ကို တည်ဆောက်နည်း၊ နေနည်း၊ ထိုင်နည်းကိုပါ သုံး သပ်ပြရာ ရောက်သွားနိုင်ပါသည်။ ထို့ပြင် အလှပစ္စည်း မြတ်နိုးနည်းကိုပါ သွန်သင်ပေးရာ ရောက်နိုင်ပါသည်။

ဤသို့အားဖြင့် စာသမားလူငယ်များ၏ ခေါင်းဆောင်ဘဝသို့ အလိုလို ရောက်ရှိလာတတ်ပါ သည်။ ကျွန်တော်တို့ ငယ်စဉ်ကလည်း ထိုသို့သော လူကြီးများကိုပင် မိမိတို့၏ အစ်ကိုကြီး၊ အစ်မကြီးများ သဖွယ် ချဉ်းကပ်ပြီး ရိုသေစွာ အသိဉာဏ်ဖွံ့ဖြိုးမှုကို ရယူခဲ့ကြပါသည်။

လူငယ်များ၏ အကျိုးကို ဤသို့ဆောင်ရွက် ပေးသောကြောင့် မိမိကိုယ်တိုင်မှာ တတ်အား သ လောက် အနစ်နာခံ၊ အပင်ပန်းခံရသည်နှင့်အမျှ အကျိုး ကျေးဇူးတရားလည်း ရှိနိုင်ပါသည်။ သူတို့က မိမိထံ ချဉ်းကပ်လာကြသည်နှင့် မိမိက ခေါင်းဆောင်ဖြစ်လာ ရသည်။ ခေါင်းဆောင် ဖြစ်လာလို့ လူငယ်တွေက

www.sagarwarmyae.net



ကိုယ့်အပေါ် ရှိသေလာကြတော့ ကိုယ်ကလည်း ခေါင်းဆောင်အင်္ဂါနှင့် လိုက်လျောအောင် နေလာရသည်။ ကိုယ့်ကျင့်တရားကအစ ထိန်းထိန်းသိမ်းသိမ်း နေလာရသည်။

ဤသည်မှာ အမြတ်တွေချည်းဖြစ်သည်။ ဤသို့သော အမြတ်မျိုးသည် ဘဝအတွက် အလွန်ကြီးမားသော အရင်းအနှီး ဖြစ်လာရပြန်သည်မှာလည်း သဘာဝ ကျလှပါသည်။ **သူတစ်ပါးအကျိုးဆောင် ကိုယ့်အကျိုးအောင်** ဆိုသည်မှာ ဤသို့သော အောင်မြင်မှုမျိုးကို ဆိုလိုခြင်းဖြစ်သည်ဟု ကျွန်တော်နားလည်မိပါသည်။

သို့ဖြစ်လျှင် စာကြည့်သင်း ရန်ပုံငွေကို မည်သို့ ရှာမည်နည်း။ ကျွန်တော်တို့ မြန်မာလူမျိုးများသည် အလှူအတန်းတွင် (တတ်နိုင်သော အခြေအနေမျိုးရှိလျှင်) မတွန့်တိုကြပါ။ ရက်ရောကြပါသည်။ သို့သော် ပကာသန အလှူမျိုးဘက်သို့ မကြာခဏ ယိမ်းသွားတတ်သည်မှာလည်း အမှန်ဖြစ်ပါသည်။ ပညာအလှူမြတ်သောအလှူအဖြစ် စည်းရုံးဟောပြောကြမည်ဆိုလျှင် လစဉ် မဂ္ဂဇင်းတစ်အုပ် တာဝန်ယူသော အလှူရှင်များ၊ လစဉ်ကြေး ထည့်ဝင်လှူဒါန်းသူများ ပေါ်ပေါက်လာနိုင်ပါသည်။ ငွေလုံး ကြေးရင်းနှင့် အားပေး

www.sagarwarmyae.net



သူများလည်း ပေါ်ပေါက်လာနိုင်ပါသည်။

ထို့ပြင် စာကြည့်သင်းတွင် ပါဝင်သူ လူငယ်များက အလှူအတန်းစသည်တို့တွင် ဒိုးတိုက် ပန်းကန်ဆေး လုပ်အားပေးကြခြင်းဖြင့်လည်း အလှူရှင်သဒ္ဓါအလျောက် ရန်ပုံငွေများလည်းရနိုင်ပါသည်။ မကောင်းမှုပြုသည်မှာ မဟုတ်ဘဲ ကြိုးစားပမ်းစား ဝါရင့်စာသမားကြီးများကသာ ဦးဆောင်ပေးလိုက်မည်ဆိုလျှင် မအောင်မြင်နိုင်စရာ မရှိပါ။ စာပေဝါသနာပါသော သြဇာလည်း ရှိသော၊ လုပ်ကိုင်ခွင့်လည်း ရှိသောသူမျိုးကို ချဉ်းကပ်လိုက်နိုင်လျှင်မူ ပို၍ပင် တိုးတက်မှုမြန်ပါလိမ့်ဦးမည်။

တစ်ခုရှိသည်က နိုင်ငံရေးအသွင် မဆောင်မိရန်တော့ အလွန့်အလွန်ကို သတိပြုကြရမည်ဖြစ်ပါသည်။

ကျွန်တော်၏ ဤတိုက်တွန်းချက်ကို ရုတ်တရက် ကြည့်လိုက်လျှင် စာကြည့်သင်း၊ စာဖတ်သင်းများပေါ်ပေါက်ရေးအတွက် တိုက်တွန်းချက်ဟူ၍သာ ထင်လောက်စရာရှိပါသည်။ ထိုမျှသာ မဟုတ်ပါ။ **မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့** လုပ်ဆောင်ချက်အဖြစ် တိုက်တွန်းနေခြင်း ဖြစ်ပါသည်။

စာကြည့်သင်းများ ဖွံ့ဖြိုးလာလိုက်လျှင်

www.sagarwarmyae.net



အသိဉာဏ် ဖွံ့ဖြိုးလာနိုင်ပါသည်။ အသိဉာဏ်ပညာသည် အရာရာလည်းဖြစ်၍ အလုံးစုံလည်း ဖြစ်သည်ဟုပင် ပြောလိုက်ချင်ပါသည်။ ထိုအသိဉာဏ်ကြောင့်ပင်လျှင် မူးယစ်ဆေးဝါးသုံးစွဲမှု လျော့သွားနိုင်သည်။ တေပေဆိုးသွမ်းမှု လျော့ပါးသွားနိုင်သည်။ တိုးတက်ဖွံ့ဖြိုးလာနိုင်သည်။ လူငယ်များ တိုးတက်မှုမရှိသော ဒေသဝန်းကျင်ကို ဘယ်လိုလုပ်ပြီး တိုးတက်သည့်ဝန်းကျင်ဟု ခေါ်နိုင်ပါမည်နည်း။ မိဘက ဘယ်လောက်ကြီးပဲ စည်းစိမ်ချမ်းသာ မြင့်မားနေစေဦးတော့၊ သားတွေသမီးတွေက တစ်ယောက်ကလေးမှ အသုံးမကျသော မိသားစုမျိုးကို တိုးတက်သော၊ အလားအလာကောင်းသော မိသားစုဟု ခေါ်နိုင်သကဲ့သို့ပင် ရှိပေမည်ပေါ့။

Manage Trusted Identities...
Change Accessibility Reading Options... Shift+Ctrl+5
www.sagarwarmyae.net
Accessibility Quick Check Shift+Ctrl+6
Accessibility Setup Assistant...

# သူတို့ကလေးတွေရဲ့စာ (၁)

မကြာသေးမီက စာရေးဆရာ တင်မောင်မြင့်က ကျွန်တော့ကို မေးခွန်းတစ်ခု မေးပါသည်။

"ဆရာ . . . ကလေးတွေ လှမ်းပြီးရေးတဲ့စာကို ပြန်လေ့ရှိသလား၊ ဆိုလိုတာက ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်းလို ကလေးငယ်တွေက လှမ်းပြီး ရေးတဲ့ စာတွေကို ပြန်လေ့ရှိသလားလို့ မေးတာပါ" တဲ့။

"ပြန်ပါတယ်။ တစ်ခါတစ်ရံ အလုပ်သိပ်များ လွန်းနေတဲ့ အခါမျိုးမှအပ တတ်နိုင်သမျှ ကြိုးစားပြီး ပြန်ရေးလေ့ရှိပါတယ်။ ဘာပြုလို့ မေးတာလဲ"

"နယ်က ကျွန်တော့် မိတ်ဆွေတစ်ယောက်ရဲ့ သမီးလေးဆီကို ဆရာပြန်ရေးလိုက်တဲ့စာကို တွေ့လို့ပါ။ ကျွန်တော့် မိတ်ဆွေက ဒီလိုကလေးပေါက်စလေးက လှမ်းပြီးမေးလိုက်တဲ့ စာကလေးကို အရေးတယူ အချိန်ပေးပြီး ကျကျနန စာရှည်ကြီး ပြန်ရေးလိုက်တာကို အံ့အားသင့်နေပုံရပါတယ်။

နောက်ပြီး ကျေးဇူးတင်ပုံလည်း ရပါတယ်။ အမှန်ပြောရရင် ဆရာက ခုကိုအချိန်ပေးပြီး ရေးနိုင်

တာကို ကျွန်တော်လည်း အံ့သြမိတာ အမှန်ပါပဲ။ သိပ် မလွယ်တဲ့ အလုပ် မဟုတ်လား ဆရာ"

"မလွယ်တာကတော့လည်း အမှန်ပဲ။ သူတို့ မေး ချင်တာကလေးတွေကို လှမ်းပြီးမေးလိုက်တဲ့ စာကို အရေးတယူ ပြန်ပြီးဖြေလိုက်ရင် အလွန်ပျော်ကြရှာမှာ ကိုတွေးပြီး တတ်နိုင်သမျှ အချိန်ယူပြီး ရေးရတာပါပဲ။ တစ်ခါတစ်လေ အလုပ်များလွန်းလို့ စာပြန်ရေးဖို့ မေ့သွားတဲ့ အခါမျိုးတွေလည်း ရှိခဲ့ဖူးပါတယ်၊ နောက် မှ သူတို့စာကလေးကို ပြန်ပြီးတွေ့လိုက်ရင် မေ့သွား မိလေခြင်းလို့ စိတ်မကောင်း ဖြစ်ရတာမျိုးလည်း ရှိတာ ပါပဲ။ ကိုတင်မောင်မြင့်တွေ့တာ ဘယ်စာပါလိမ့်"

"ဟို . . . ဆရာ . . . ရှစ်တန်းအစိုးရစစ် မဟုတ်ဘဲ ကျောင်းစစ် ကြေညာလိုက်တုန်းက . . ။"

"ဪ . . သတိရပြီ၊ ကျွန်တော် မှတ်မိပါတယ်၊ ရှမ်းပြည်နယ်က ကလေးမလေးတစ်ယောက် လှမ်းပြီး ရေးလိုက်တဲ့စာ မဟုတ်လား။ ဟုတ်တယ်၊ ကျွန်တော့် စိတ်ထဲမှာ အဲဒီကလေးမလေးကို သနားတာလည်း တစ်ကြောင်း၊ ကြည်ညိုမိတာလည်း တစ်ကြောင်းမို့ သေသေချာချာ ပြန်ပြီးရေးလိုက်ပါတယ်"

ထိုကလေးမလေး ရေးလိုက်သောစာနှင့် ကျွန် တော် ပြန်ရေးလိုက်သော စာများအကြောင်းကို

www.sagarwarmyae.net



(အမှတ်မထင်) လက်ဖက်ရည်ဆိုင်တွင် **သရဖူမဂ္ဂဇင်း** အဖွဲ့သားများအား ပြောပြလိုက်မိပါသည်။ ဘာရယ် မဟုတ် စကားစပ်မိလာသောကြောင့်သာ ပြောလိုက် မိခြင်း ဖြစ်ပါသည်။

ဤသည်တွင် ကလေးပေါက်စများ၏ ပေးစာ ကို ကျွန်တော်အချိန်ပေးပြီး အရေးတယူ ပြန်ကြား သည်ကို သရဖူအဖွဲ့သားများကလည်း အံ့အားသင့် သွားပုံရပါသည်။ အံ့အားသင့်ရုံမျှမက ကျွန်တော် ရေးလိုက်သည့် အကြောင်းအရာများကိုလည်း အလွန် နှစ်သက်သွားကြပုံရပါသည်။ ထို့ကြောင့် သူတို့မဂ္ဂဇင်း တွင် ထို စာနှစ်စောင်ကို ထည့်သွင်းဖော်ပြခွင့်ပြုရန်နှင့် ကလေးငယ်များက မဂ္ဂဇင်းမှတစ်ဆင့် ရေးသား မေးမြန်းလာကြလျှင် ဖြေကြားပေးပါရန် တောင်းပန်ကြ ပါသည်။

ကလေးများအတွက် ထိုက်သင့်သလောက် အကျိုးဖြစ်ထွန်းရာသည်ဟု ယူဆမိသောကြောင့် ကျွန်တော်ကလည်း လက်ခံလိုက်ပါသည်။

စာရေးဆရာ တင်မောင်မြင့်အား "အဲဒီ ကလေးမလေးကို သနားတာလည်း တစ်ကြောင်း၊ ကြည်ညိုတာလည်း တစ်ကြောင်းမို့ သေသေချာချာ ပြန်ပြီး ရေးလိုက်ပါတယ်" ဟု ကျွန်တော်က ပြောခဲ့

www.sagarwarmyae.net



သည်ကို စာဖတ်သူ သတိထားလိုက်မိလိမ့်မည် ထင်ပါသည်။

ကျွန်တော့်စကား သင့်၊ မသင့်ကို ထိုကလေးမငယ်၏ စာကိုဖတ်ကြည့်လိုက်လျှင် စာဖတ်သူ ဆုံးဖြတ်နိုင်ပါလိမ့်မည်။

၇-၁၁-၉၂

စနေနေ့

ဆရာကြီး ဦးအောင်သင်းရှင့်။ သမီးကို မှတ်မိလိမ့်ဦးမယ် ထင်ပါတယ်။ မမှတ်မိရင်လည်း မှတ်မိအောင် ပြန်ပြောပြပါရစေ။ သမီးတစ်ခါက စာစီစာကုံးကောင်းကောင်းရေးနိုင်အောင် ဆရာ့ဆီမှာ အကူအညီတောင်းခဲ့တဲ့ တောင်ကြီးမြို့က နှင်းအိဖြူပါ။ အခု သမီးစာရေးတာကလည်း လေးစားရတဲ့ ဆရာတစ်ဦးကို သမီးစိတ်ထဲမှာ ရှိတဲ့၊ ဖြစ်နေတဲ့ အကြောင်းတွေကို ပြောပြချင်လို့ ဖြစ်ပါတယ်။

(၅-၁၁-၉၂) က မြန်မာ့ရုပ်မြင်သံကြားသတင်းမှာ ရှစ်တန်းကို အစိုးရစစ်မဟုတ်တော့တဲ့ အကြောင်း ကြေညာတာကို ကြားလိုက်ရပါတယ်။ အဲဒီသတင်းဟာ ကျောင်းသားအချို့ကို ပျော်ရွှင်စေသလို၊ ကျောင်းသားအချို့ကို ဝမ်းနည်းစေလိမ့်မယ်

www.sagarwarmyae.net



ထင်ပါတယ်။ ဝမ်းနည်းရတဲ့ ကျောင်းသားတွေထဲမှာ သမီးလည်း ပါပါတယ်။ သမီးတစ်ခါက စာရေးတဲ့ အထဲမှာ ထည့်ရေးခဲ့ပါတယ်။ သမီးရှစ်တန်းမှာ ခြောက် ဘာသာလုံး ဂုဏ်ထူးထွက်အောင် ကြိုးစားမယ့် အကြောင်းပါ၊ သမီးက တခြားဘာသာတွေမှာ ဂုဏ်ထူးထွက်ဖို့ သေချာပေမယ့် မြန်မာစာ ဂုဏ်ထူး မထွက်မှာ ကြောက်တာမို့ ကျောင်းမဖွင့်ခင် နွေရာသီ ကတည်းက မြန်မာစာ ဂုဏ်ထူးထွက်ဖို့ ကြိုတင်ပြင်ဆင် ခဲ့ပါတယ်။ ဆရာ့ဆီမှလည်း အကြံဉာဏ်တောင်းပြီး ဆရာပေးတဲ့ အကြံအတိုင်း တစ်သဝေမတိမ်း လိုက်နာ ခဲ့ပါတယ်။ ဒါကြောင့်လည်း စာစီစာကုံးဆို မကြောက် တော့တဲ့ အဆင့်အထိ ဖြစ်လာခဲ့ပါတယ်။ ကျောင်းမှာ ဆို မြန်မာစာ အမှတ်အများဆုံး အမြဲရပါတယ်။ ကျောင်းဖွင့်စကနေ အခုအထိ ကျောင်းမှာ စာမေးပွဲ သုံးခါလုပ်ပါတယ်။ သုံးခါစလုံးမှာ မြန်မာစာ အမှတ် အများဆုံး ရပါတယ်။ ခြောက်ဘာသာစလုံးလည်း ဂုဏ်ထူးထွက်ပါတယ်။ တခြားဘာသာတွေက ဂုဏ်ထူးထွက်ဖို့ လွယ်တော့ သိပ်ဝမ်းမသာဘူး။ မြန်မာစာ ဂုဏ်ထူးထွက်တာတော့ သိပ်ဝမ်းသာတယ်။

ဆရာ့ဆီက အကြံပေးစာရတော့ သိပ်ဝမ်းသာ တယ်။ စာသာရေးလိုက်ရတာ။ ပြန်စာလာမယ်လို့ သိပ်

www.sagarwarmyae.net



မမျှော်လင့်ရဲဘူး။ ဆရာ့စာကို ရတော့ တအားတက်ခဲ့ရတယ်။ ဆရာက သမီးရည်ရွယ်ချက် အောင်မြင်မယ်လို့ တကယ်ယုံကြည်တဲ့အကြောင်း ရေးထားတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာတယ်။ မြန်မာစာဂုဏ်ထူး ထွက်မယ်လို့လည်း ထင်လာတယ်။ ကိုယ့်ရည်းမှန်းချက် ပြည့်ဝတော့မယ်လို့ တစ်ထစ်ချ ယုံကြည်ခဲ့တယ်။

ဒါပေမယ့် ဆရာရေ၊ အောင်မြင်မှုရဖို့ လက်တစ်ကမ်းအလိုမှာ အလဲထိုးခံလိုက်ရသလိုပဲ၊ ဘာကြောင့်လဲဆို ရှစ်တန်း အစိုးရစစ် မဟုတ်တော့ဘူးဆိုတာပေါ့။ အစိုးရစစ်ဆိုမှ ကိုယ့်အရည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာ သေသေချာချာ သိနိုင်တယ်လေ။ သမီးက ကိုယ့်အရည်အချင်းဟာ ပြည်နယ်အဆင့် ဝင်မဝင် သိချင်နေတာ။

ပြီးတော့ သမီးကြိုးစားတာ သမီးတစ်ဦးတည်းအတွက် မဟုတ်ပါဘူး။ အဓိကက သမီးရဲ့ မိဘနှစ်ပါးအတွက်ပါ။ ကျွန်တော့သမီးက (၆) ဒီ ရတာလို့ ပြောရတဲ့ မိဘဆိုတာ အတော်ကံကောင်းတဲ့ မိဘဖြစ်မှာပါ။ သားသမီးအတွက် ဂုဏ်ယူကြမှာပါပဲ။ အဲဒီလို ပြောရတာ လူပုံအလယ်မှာ မျက်နှာပွင့်လန်းရမှာပါပဲ။ သမီးတို့အိမ်ကိုလာလည်တဲ့ ဧည့်သည်တွေဆိုရင် သူတို့ သား

www.sagarwarmyae.net



သမီးဟာဖြင့် (၅) ဒီရတာ၊ (၆) ဒီရတာစသည်ဖြင့် ပြော ဆိုကြရင် သူတို့မျက်နှာက ပြုံးချိုနေတာပဲ။ လာလည် တဲ့ ဧည့်သည်နောက်တစ်ဦးဆိုရင် သူ့သမီး (၅) ဒီရ လို့ သူ့မိန်းမက အိမ်မှာချက်ဖို့ အစုံရှိနေပါလျက်နဲ့ ဈေး သွားဖို့ တပြင်ပြင်ဖြစ်နေတယ်လို့ ပြောပါတယ်။ သူ ကိုယ်တိုင်ကလည်း ညဆိုရင် သူ့သမီး (၅) ဒီ ရကြောင်း ပြောချင်လို့ ဟိုအိမ်လည်ရ၊ ဒီအိမ်လည်ရနဲ့လို့ ပြောပါ တယ်။ သူတို့ရဲ့ ဂုဏ်ကလည်း သူတို့ သမီးအတွက် တက်ခဲ့ရတယ်တဲ့။

သမီးကလည်း သမီးမိဘတွေကို သမီးအ တွက် ဂုဏ်တက်စေချင်တယ်။ နောက်တစ်ခုက သမီး ရဲ့ကျောင်းအတွက်ပေါ့။ ရှမ်းပြည်နယ်မှာ ပထမ၊ ဒုတိယ၊ တတိယ ရတဲ့လူတွေကို ဆုပေးတယ်။ ခြောက် ဘာသာ ဂုဏ်ထူးရတဲ့ လူတွေကိုပဲရွေးပြီး အမှတ်ပေါင်း ရှာတာ။ အဲဒီတော့ သမီးသာ ရှမ်းပြည်နယ်အဆင့် ဝင်မယ်ဆိုရင် သမီးတို့ကျောင်းဟာ နာမည်ကြီးပြီး ကျော်ကြားဦးမှာပေါ့။

အဲဒီလို မျှော်လင့်ချက်ကြီးနဲ့ ကြိုးစားခဲ့ပါတယ် ဆိုမှ ရှစ်တန်းက အစိုးရစစ် မဟုတ်တော့ဘူးတဲ့လေ။ အဲဒီသတင်းကြီး ကြားရတော့ သမီးလေ ဘယ်လိုခံစား ရမှန်း မသိဘူး။ ကိုယ်ရည်မှန်းထားတာတွေ ဘာမှ

www.sagarwarmyae.net



အမိပွာယ် မရှိတော့သလိုပဲ။ ရှစ်တန်းဆိုတာ ပေါ့ပေါ့ ကလေး ဖြစ်သွားသလိုပဲ။ သမီးဘဘ (ဖေဖေ) ကတော့ ပြောတယ်။ သမီးလို ခံစားရတဲ့သူတွေ အများကြီး ရှိမှာပါတဲ့။ မြန်မာတစ်နိုင်ငံလုံး အတိုင်း အတာနဲ့ပဲတဲ့။ သမီးကို ဒီအတိုင်းပဲ ဆက်ကြိုးစားသွား ပါတဲ့။ သမီးကြိုးစားမှုကို ပြသရမယ့် ဆယ်တန်းစာ မေးပွဲ ကျန်ပါသေးတယ်တဲ့။ ဘာပဲဖြစ်ဖြစ် စိတ်ဓာတ် ကျတာတော့ ကျတာပါပဲ။ ရှစ်တန်း အစိုးရစစ် မဟုတ် တော့ဘူး ဆိုတာကို သမီးတော့ လုံးဝမကြိုက်ဘူး။

သမီး ပြောချင်တာတွေတော့ အကုန်ပြောပြီး သွားပြီ။ အခုမှပဲ ရင်ထဲရှင်းသွားတော့တယ်။ သမီး ထင်တာဟာ မှားသလား၊ မှန်သလား ဆရာ ဆုံးဖြတ် ပေးပါနော်။

လေးစားစွာဖြင့်
မနှင်းအိဖြူ

လက်ရေးလက်သား အလွန်လှပသပ်ရပ် သည်ကို တွေ့ရပါသည်။ ထို့ကြောင့် **ငယ်ဆရာကောင်း** များနှင့် ကြုံခဲ့ကြောင်းသိသာပါသည်။ **ထို့မှုမက စကား စုများ အကြားတွင် "ချဲ" ပြီး စနစ်တကျ ရေးသားတတ် သည့် အလေ့ကိုလည်း သတိပြုမိလိုက်သည်။ ဤသို့**

www.sagarwarmyae.net



**စကားစုခဲ့ပြီး ရေတတ်သည့် ကျောင်းသားမျိုးကို တစ်ရာတွင် လေးငါးယောက်ပင် မတွေ့တတ်ပါ။** ထို့ကြောင့် အလယ်တန်း ဆရာကောင်းမျိုးနှင့် ကြုံခဲ့ဟန်တူသည်ဟုလည်း အောက်မေ့လိုက်မိပါသည်။

သူ့စာလေးကို စာဖတ်သူ ဖတ်ပြီးပါပြီ။ ကျွန်တော် အထက်တွင် ပြောခဲ့သလို ကြင်နာခြင်း၊ ကြည်ညိုခြင်း ဖြစ်ထိုက်၊ မဖြစ်ထိုက်ကိုလည်း စာဖတ်သူ ဆုံးဖြတ်လို့ ရနိုင်စကောင်းပါပြီ။ နောက်တစ်ဆင့် တက်ပြီး ကျွန်တော်က စာဖတ်သူကို မေးခွန်းတစ်ခု မေးလိုက်ချင်မိပါသည်။ "ဒီလိုသမီးလေးမျိုးတစ်ယောက်လောက် ရနိုင်မယ်ဆိုရင် မလိုချင်ဘူးလား"

ကျွန်တော် သူ့ထံ တလေးတစား စာပြန်လိုက်ပါသည်။ ထိုပြန်စာကို ကျွန်တော်က မိတ္တူယူထားလိုက်မိသည် မဟုတ်သောကြောင့် ယခုဖော်ပြလိုက်သောစာမှာ ထိုစာနှင့် တစ်သဝေမတိမ်း တူပါသည်ဟု တော့ဖြင့် ကျွန်တော် မပြောနိုင်ပါ။ သို့သော် အကြောင်းအရာ အနှစ်သာရအားဖြင့်တော့ အတူတူပင်ဖြစ်ကြောင်း ကျွန်တော် တာဝန်ယူနိုင်ပါသည်။

ကျွန်တော့် ပြန်စာက . . .

ချစ်ခင်လေးစားစွာ စာပြန်ကြားလိုက်ပါတယ် သမီးလေး နှင်းအိဖြူ။ ပေးလိုက်တဲ့စာကို ရပါတယ်။

www.sagarwarmyae.net



သမီးရဲ့ မေးမြန်းထားချက်ကို ဆရာတတ်နိုင်သမျှ စဉ်းစားပြီး ဖြေလိုက်ပါတယ်။

ရှစ်တန်းကို ကျောင်းစစ်စာမေးပွဲ လုပ်လိုက်တဲ့ အတွက်ကြောင့် သမီးလို စိတ်ပျက် လက်ပျက်ဖြစ်သွားတဲ့ ကျောင်းသား ကျောင်းသူတွေဟာ နည်းမယ် မဟုတ်ပါဘူး။ သမီးဘာဘပြောသလို တစ်ပြည်လုံး အတိုင်းအတာနဲ့ မဟုတ်လားသမီး။ အထူးသဖြင့် သမီးလို ရည်မှန်းချက်ကြီး တစ်ခွဲသားလောက်နဲ့ ကြိုတင်ပြင်ဆင်နေတဲ့ ကျောင်းသားတွေမှာတော့ ပိုပြီး ဆိုးမှာပေါ့။ အစိုးရကလည်း ကျောင်းသားတွေ ဒီလို ဖြစ်သွားနိုင်ကောင်းတယ် ဆိုတာကို သိမှာပေါ့။ သို့သော် လည်း သူ့မှာလည်း ဒီလိုလုပ်ဖို့ လုံလောက်တဲ့ အကြောင်းတရားတွေ ရှိနေပေလိမ့်မယ်။ ဒီလိုပဲပေါ့ သမီး။ အများနဲ့ ကြုံလာကြရတဲ့အခါမှာ အများနဲ့ပဲရောပြီး ဖြေသိမ့်နိုင်အောင် ကြိုးစားကြရပါတယ်။

တစ်ခုပြောချင်တာက မျှော်မှန်းချက်နဲ့ ကြိုးစားခဲ့တဲ့ သမီးလေး နှင်းဒီဖြူအဖို့ "ခဲလေသမျှ သဲရေကျ" ဖြစ်ရတယ်လို့ မအောက်မေ့စေချင်ပါဘူး၊ ဘာကြောင့် လဲဆိုတော့ သမီးလေးဟာခုဆိုရင် စာစီစာကုံးမ ကြောက်တော့တဲ့ အဆင့်ထိအောင် ရောက်သွားခဲ့ပြီးပြီ မဟုတ်လား။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်

www.sagarwarmyae.net



ရှိသည်ထိအောင် ခရီးပေါက်လာခဲ့တယ် မဟုတ်လား။ အဲဒီ အကျိုးအမြတ်တွေဟာ နည်းရော့လား သမီးရဲ့။ အတန်းထဲမှာ စာမေးပွဲတိုင်း မြန်မာစာအမှတ် အများဆုံးရခဲ့တယ်ဆိုတဲ့ အောင်မြင်မှုဟာ နည်းရော့လား သမီးရဲ့။ **ဒါကြောင့် သဲထဲရေသွန် အလဟဿ ဖြစ်ရလေခြင်းလို့ ယောင်လို့များတောင် မတွေးစေချင်ဘူး။**

သမီးစာထဲမှာ ရေးထားတာက "အစိုးရစစ်ဆိုမှ ကိုယ့်အရည်အချင်း ဘယ်လောက် ရှိတယ်ဆိုတာ သေသေချာချာ သိနိုင်တယ်" ဆိုတာကိုတော့ဖြင့် ဆရာအနေနဲ့ သိပ်ပြီး သဘောအတူချင်လှဘူး။ တကယ်သေချာပြန်ပြီး စဉ်းစားကြည့်လိုက်မယ်ဆိုရင် သမီးတို့ကို အနီးကပ် ကြီးကြပ်ပြီး သင်ပေးနေတဲ့ ဆရာ၊ ဆရာမဟာ အသိဆုံးပဲ ဖြစ်နိုင်တာပေါ့။ စာမေးပွဲဆိုတာမျိုးက တစ်ပွဲကောင်း 'စွတ်' ပြီးဝင်သွားရင်လည်း ဂုဏ်ထူးဆိုတာ ထွက်လာနိုင်ပြန်တာပဲ မဟုတ်လား။

တစ်ခုရှိတာက အစိုးရစစ်စာမေးပွဲမှာ ဆိုတော့ အပြိုင်အဆိုင် ကျောင်းသားက သိပ်ပြီးများလာတယ်။ ဒီတော့ ဂုဏ်ထူးလောက်သာ မကဘဲ တစ်မြို့နယ်လုံး၊ တစ်ပြည်လုံး ကျောင်းသားတွေထဲမှာ အဆင့်ဝင်တယ်ဆိုရင်ဖြင့် တကယ့်ကို အရည်အချင်း ပြည့်ဝတယ်ဆိုတာ အမှန်ပေပဲပေါ့။ ဒီတော့ သမီးကို စာမေးပွဲတိုင်းမှာ

www.sagarwarmyae.net



မြန်မာစာ အမှတ်အများဆုံး ပေးထားခဲ့တဲ့ ဆရာ၊ ဆရာမဟာ သမီးကို အနီးကပ်ကိုသိနေတာမို့ သူပေးလိုက်တဲ့ ဂုဏ်ထူးဟာလည်း ဂုဏ်မငယ်ဘူး ဆိုတာကို သမီးလေး အခိုင်အမာ ယုံကြည်စေချင်ပါတယ်။ **သမီး စိတ်ပျက်သွားတာက ရှစ်တန်းအစိုးရစစ် မဟုတ်တော့ဘဲ ကျောင်းစစ်ဖြစ်သွားလို့ စိတ်ပျက်သွားတာ မဟုတ်ပါဘူး။ သေချာ ပြန်စဉ်းစားကြည့်ပါ။ သမီး စိတ်ပျက်သွားတာက ကျောင်းသားတွေ အများကြီးနဲ့ အပြိုင်အဆိုင်ကြဲပြီး ဗိုလ်စွဲချင်နေတုန်းမှာ မပြိုင်လိုက်ရလို့ စိတ်ပျက်သွားတာ မဟုတ်လား။** သမီးလိုချင်တာ ဂုဏ်ထူးလောက် မဟုတ်ဘူး။ သမီးရဲ့ရည်မှန်းချက်က ပြိုင်ပွဲမှာ ဗိုလ်စွဲချင်နေတာ မဟုတ်လား သမီး။

ပြိုင်ပွဲကြီး မဝင်ရတော့ဘူးရယ်လို့ စိတ်ပျက်သွားတာကို ဆရာအပြစ်မတင်ပါဘူး။ စိတ်ပျက်ပေမယ့် လက်တော့ မပျက်လိုက်ပါနဲ့ သမီးရယ်။ "စိတ်ပျက်လက်ပျက်" ဆိုတာမျိုး မလုပ်လိုက်ပါနဲ့။ ဆိုလိုတာက သမီးလေ့ကျင့်ကြိုးပမ်းနေမှုကို လျှော့မပစ်လိုက်ပါနဲ့။ သမီး ဆိုင်းဆရာ ရွှေစာကြီး စိန်ဗေဒါ ဆိုတာ ကြားဖူးမှာပေါ့။

အဲဒီရွှေစာကြီး စိန်ဗေဒါဟာ သူ့ခေတ် သူ့အခါတုန်းကဆိုရင် ဆိုင်းဘုရား ဆိုင်းဘုရင်လို့

www.sagarwarmyae.net



တောင် ပြောစမှတ် ပြုလောက်အောင် ကျော်ကြားခဲ့ပါတယ်။ ရတနာဂီရိရောက် သီပေါဘုရင်မင်းမြတ်ကတောင်မှ သမီးတော်များ နားထွင်းပွဲမှာ ရတနာဂီရိကိုခေါ်ယူပြီး ဆိုင်းပွဲသဘင် တင်ဆက်စေခဲ့တဲ့ ဆိုင်းဆရာကြီးပေါ့။ ဒီတွင်မက နေမျိုးဗလကျော်သူဆိုတဲ့ ဘွဲ့ကိုတောင် ပေးသနားခြင်းခံခဲ့ရတဲ့ ဆိုင်းဆရာကြီးပေါ့။ အတိုချုပ်ရင် ပြိုင်ဘက်ကင်း ဆိုပါတော့ သမီးရယ်။

အဲဒီ စိန်ဗေဒါဟာ ဆိုင်းပွဲမရှိရင်တောင်မှ အိပ်ခါနီးမှာ စောင်းကောက်ကို လက်စမ်းလိုက်ရဦးမှ ကျေနပ်သတဲ့။ မနက်အိပ်ယာက နိုးလာလိုက်ရင်လည်း အိပ်ရာနားမှာအသင့်ရှိနေတဲ့ စောင်းကိုလှမ်းပြီး စောင်းကြိုးလေးတွေကို တို့နေလေ့ရှိသတဲ့။ ဒီကြားထဲမှာ စိတ်ကူးဝင်လာလိုက်ရင် ထထိုင်တဲ့ပြီး တီးလုံး တီးကွက်တစ်ခုခုကို ရအောင်ရှာတတ်သတဲ့။ မကျေနပ်မချင်း တီးနေတာပဲ။ ဒီအချိန်မှာ တပည့်တွေက ဆရာ့အတွက် မျက်နှာသစ်ရေတို့၊ လက်ဖက်ရည်တို့ စသည်အားဖြင့် အသင့်ပြင်ပြီးနေပြီ။ ကြာတော့ လက်ဖက်ရည်ကလည်း အေးကုန်ပြီ။ စိန်ဗေဒါကြီးက ကျေနပ်တော့မှပဲ ထလာပြီး မျက်နှာသစ်သတဲ့။

ဒီတော့ တပည့်တွေလည်း သူတို့ဆရာ လုပ်နေပုံကိုကြည့်ပြီး "ဆရာရယ် ဆရာ့မလည်း လွန်ပဲ

www.sagarwarmyae.net



လွန်လွန်း လှချည်ရဲ့၊ ဆရာ့ကို ပြိုင်နိုင်တဲ့လူလည်း မရှိတော့ပါဘူး၊ ဘယ်သူမှလည်း မပြိုင်ဝံ့တော့ပါဘူး။ ဒါတောင်မှ ဆရာ့ဥစ္စာက အိပ်တဲ့မျက်စိပဲ ရှိတော့တယ်" လို့ ပြောလိုက်ကြတော့ စိန်ပေဒါက ဘာပြောလဲ သိလား **. . "ဟ. . ကောင်တွေရ သူများနဲ့မပြိုင်ရ တော့လည်း ငါ့ဘာသာ ငါပြန်ပြီး ပြိုင်နေရတာပေါ့ကွ။ မနေ့က စိန်ပေဒါကို မနိုင်မချင်း ဒီနေ့စိန်ပေဒါက ကြိုးစားနေရတာပဲကွ"**

ဒီလောက်ဆိုရင် သမီးလေး သဘောပေါက်လောက်ပါပြီ။ ဆရာက ဘာမှ ဆက်ပြီး ရေးစရာမလိုတော့ပါဘူးနော်။

အဲဒါတွေက သမီးအတွက် ရေးပေးလိုက်တာတွေပါ။ ဆရာ့ ရင်ထဲမှာ ခံစားလိုက်မိတာကလေးတွေကိုလည်း ရေးလိုက်ပါရစေဦး သမီး။ သမီးရဲ့စာထဲမှာ သမီးအတွက် မိဘတွေဂုဏ်တက်စေချင်တယ်။ ကျောင်းကြီးလည်း ဂုဏ်တက်စေချင်တယ် ဆိုတာတွေကို ဖတ်လိုက်ရတော့ ဆရာဖြင့်လေ ရင်ထဲမှာ ကြည်နူးလိုက်တာ ပြောမပြနိုင်အောင်ပါပဲ။ "ဩော် . . သမီးရဲ့ မိဘများမှာ ဒီလို သမီးလေးကို ရလိုက်တာ အရတော်လေခြင်း၊ သမီးနေတဲ့ ကျောင်းတော်ကြီးအတွက်လည်း ဒီလိုကျောင်းသူလေးမျိုး တစ်ယောက်ကို

www.sagarwarmyae.net



ရလိုက်တာဖြင့် အရတော်လေခြင်း" လို့ အောက်မေ့လိုက်မိပါတယ်။ ဒါဟာ သမီးကို လောကွတ်စကားအဖြစ် ပြောလိုက်ခြင်း မဟုတ်ပါဘူး။ မှန်သော စကားကို ဆိုလိုက်ခြင်းသာ ဖြစ်ပါတယ်။ တကယ်ပြောလိုက်တာပါ သမီး။ မိဘရဲ့ဂုဏ်ကို ဆောင်ချင်စိတ် ထက်မြက်ပြင်းပြတဲ့ သားသမီးတစ်ယောက် ရနိုင်ဖို့ မလွယ်သလို၊ ကိုယ့်ကျောင်း ကိုယ့်ဆရာသမားများရဲ့ ဂုဏ်ကိုဆောင်လိုက်မယ်ဆိုတဲ့ စိတ်ဓာတ် ထက်သန်ကြီးမားတဲ့ တပည့်မျိုးကို ရဖို့လည်း မလွယ်လှပါဘူး။ ဒါကြောင့် သမီးရဲ့စာကိုဖတ်ပြီး မိဘများအတွက်ရော၊ ဆရာ၊ ဆရာမများအတွက်ပါ "သြော်. . . သူတို့မှ အရတော်လိုက်လေခြင်း" ရယ်လို့ မုဒိတာဖြစ်လိုက်မိပါတယ်။

နောက်ပြီး သမီးလေးကိုလည်း မမြင်ဘူးပေမယ့် အဝေးကလှမ်းပြီး ကြည်ညိုခြင်း ဖြစ်လိုက်မိပါတယ်။ ကြည်ညိုဆိုတဲ့စကားလုံးကို သုံးလိုက်လို့ အနေရအထိုင်ရ ခက်မသွားစေချင်ပါဘူး သမီး။ သုံးထိုက်တယ်ထင်မိလို့ ရဲရဲကြီးသုံးလိုက်တာပါ သမီး။ သားသမီးက မိဘပေါ်မှာ "သြော်. . . သူတို့ဟာဖြင့် ငါ့မိ၊ ငါ့ဖ ပါကလား" ဆိုပြီး ချစ်နေရရုံနဲ့ ပြီးတာမဟုတ်ပါဘူးသမီး။ "သြော် ငါ့မိ ငါ့ဖများဟာဖြင့် ဆင်းရဲသည်၊ ချမ်းသာသည်ကိုအပထား၊ အရပ်ရပ်သော လက္ခဏာ

www.sagarwarmyae.net



များနဲ့ သားသမီးကို ဂုဏ်တက်စေသည်တကား" လို့ ကြည်ညိုရမှ ကောင်းတယ်မဟုတ်လား သမီး။ အဲဒီလိုပဲ သားသမီးများ အပေါ်မှာလည်း ကိုယ့်သား၊ ကိုယ့်သမီးရယ်လို့ ချစ်နေရရုံနဲ့ ပြီးတာမဟုတ်ဘူး သမီးရဲ့။ သြော်. . . ငါ့သား၊ ငါ့သမီးဟာဖြင့် မိဘရဲ့ ဂုဏ်ကို ဆောင်နိုင်ဖို့ ကြိုးစား ရှာပေတကား" ရယ်လို့ ကြည်ညို ရမှ ကောင်းနိုင်တယ် မဟုတ်လား။

**ဒါ့ကြောင့် မိဘဂုဏ်ကို ဆောင်နိုင်ဖို့ ကျောင်းတော်ကြီးနဲ့ ဆရာသမားများရဲ့ ဂုဏ်ကို ဆောင်နိုင်ဖို့ ထက်ထက်သန်သန် ကြိုးစားနေရှာတဲ့ သမီးလေးအပေါ် ကြည်ညိုတယ်လို့ သုံးစွဲလိုက်ရခြင်း ဖြစ်ပါတယ်။**

စာလည်း အတော်လေးရှည်သွားပြီ။ တော်သေးပြီ သမီး။

စာမေးပွဲရေးရာ၊ ပညာရေးရာတွေမှာ သာမက အရာရာတိုင်းမှာ မိဂုဏ်၊ ဖဂုဏ်၊ ဆရာသမားများဂုဏ်ကိုပါ ဆောင်ရွက်ပေးနိုင်တဲ့ သမီးကောင်းတစ်ယောက် အဖြစ် အောင်မြင် ပေါက်မြောက်နိုင်ပါစေလို့ သမီးအတွက် ဆုတောင်းဆန္ဒပြုလိုက်ပါတယ် သမီး နှင်းအိမြူ။

ချစ်ခင်လေးစားနေသော

အောင်သင်း

www.sagarwarmyae.net

# သူတို့ကလေးတွေရဲ့စာ (၂)

အလယ်တန်း၊ အထက်တန်း ကလေးငယ်များက လှမ်းပြီးစာရေး မေးမြန်းသည်များကို ကျွန်တော် တတ်နိုင်သမျှ ကြိုးစားပြီးပြန်လည် ဖြေကြားခဲ့ကြောင်းကို ယခင်တစ်ပတ်ကပင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ သူတို့တစ်တွေ မေးကြမြန်းကြသော ပြဿနာများမှာ ကျောင်းသင်မြန်မာစာ စသည်တို့နှင့် ပတ်သက်နေလျှင် ဖြေကြားရသည်မှာ ခက်ခက်ခဲခဲ မရှိလှပါ။ လွယ်ကူသည်ဟု ဆိုနိုင်ပါသည်။ သို့သော် အခြားအခြားသော ပြဿနာများဖြစ်နေလျှင် လွယ်မလိုလိုနှင့် အတော်လေး ခက်သွားသည်တို့ကိုလည်း မကြာခဏ ကြုံရတတ်ပါသည်။ အောက်ပါ စာကလေး တစ်စောင်ကို ဖတ်ကြည့်လိုက်မည်ဆိုလျှင် စာဖတ်သူ သဘောပေါက်သွားလိမ့်မည် ထင်ပါသည်။

www.sagarwarmyae.net



သူ့စာက. . .

**ရိုသေစွာဖြင့် စာရေးလိုက်ပါသည် ဆရာကြီး ဦးအောင်သင်းရှင့်**

သမီးက ----- မြို့ အထက (၁) ကျောင်းသူ မခင်မြတ်မွန် ဖြစ်ပါသည်။ ကျွန်မတို့မြို့ကို ဆရာကြီး စာပေဟောပြောပွဲ ရောက်ခဲ့ဖူးပါသည်။ ကျွန်မတို့ ကျောင်းကိုလည်း လာပြီးဟောပြောဖူးပါသည်။ ကိုးတန်း ဆယ်တန်းတွေကိုသာ ဟောတော့ ကျွန်မက အဲဒီတုန်းက ရှစ်တန်းမို့ နားမထောင်လိုက်ရပါရှင့်။ ဆရာကြီးက ကျွန်မကို အကြံ၊ ဉာဏ်ပေးစေလိုပါသည် ရှင့်။

သမီးက ဖေဖေ မေမေတို့ရဲ့ တစ်ဦးတည်းသော သမီးဖြစ်သည့်အတိုင်း ဖေဖေနှင့်မေမေက အလွန်ချစ်ကြပါသည်။ သမီးတို့မြို့မှာ ကျူရှင်တွေလည်း ရှိပါသည်။ ဖေဖေနှင့်မေမေက သမီးတက်ချင်သော ကျူရှင်ကျောင်းမှာထားပေးပါသည်။ ဆရာကြီးကို ကြွားတာ မဟုတ်ပါ။ သမီး ငယ်ငယ်ကတည်းက ပညာတော်ခဲ့ပါသည်။ အတန်းတိုင်းမှာ ပထမ၊ ဒုတိယ အမြဲရခဲ့ပါသည်။ တစ်ခါတစ်လေ အတန်းအားလုံးပေါင်းမှာပင် ပထမ၊ ဒုတိယဆုတွေ ခဏခဏရခဲ့ပါတယ်။ ဒါပေမယ့် ခုတော့ ကိုးတန်းအောင်ပြီးလို့ ဆယ်တန်း တက်ရ

www.sagarwarmyae.net



ခါနီးမှာ သမီးသိပ်ကြောက်နေမိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သမီးရဲ့စာမေးပွဲ အဆင့်တွေဟာ တဖြည်းဖြည်း ကျလာပါတယ်။ ငယ်ငယ်ကတည်းက အဆင့်ကောင်းခဲ့တဲ့ ကျွန်မဟာ ရှစ်တန်းရောက်တော့ အဆင့်ကျသွားပါတယ်။ ကိုးတန်းမှာလည်း အဆင့်ထပ်ပြီး ကျသွားပါတယ်။ ဖေဖေနဲ့မေမေက စိတ်မကောင်းကြပါ။ သူတို့ စိတ်မကောင်းတော့ သမီးလည်း စိတ်မကောင်း ဖြစ်မိပါသည်။ စာမေးပွဲအောင်ပေမယ့် မနေ့ညက အိပ်ယာထဲမှာ ကျိတ်ပြီးငိုမိပါတယ်။ သမီးလည်း စာကို မှန်မှန်တော့ ကြိုးစားခဲ့ပါတယ်။ အရင်က သမီးအောက်က အဆင့်အများကြီး နိမ့်ခဲ့တဲ့လူတွေက အဆင့်ချိတ်သွားလို့ မခံချင်တာလည်း ပါပါတယ်။ သမီးက မနာလိုတာ မဟုတ်ပါဘူးရှင့်။ ဝမ်းနည်းသွားခြင်းသာ ဖြစ်ပါတယ်။ ဆယ်တန်းဆိုတာ သိပ်ခက်တယ်လို့ ပြောကြပြန်တော့ ပိုပြီးကြောက်နေမိပါသည်။ ဆယ်တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်အောင် ဘယ်လို ကြိုးစားရမည်ကို ကျွန်မအား အကြံဉာဏ်ပေးစေလိုပါသည်ရှင့်။ ဆယ်တန်းအတွက် မှတ်စုစာအုပ်တွေကိုလည်း ဝယ်ပြီးဖတ်ပါမယ်။ ဆယ်တန်းအတွက် မှတ်စု စာအုပ်တွေကလည်း အလွန်များပါသည်။ ဘယ်စာအုပ် ကောင်းသည်ကို ညွှန်ပြပေးစေလိုပါသည်။

www.sagarwarmyae.net



မနေ့က ကိုးတန်းအောင်စာရင်း ထွက်ပါသည်။ ဖေဖေနှင့် မေမေကိုပင် အသိမပေးပဲ ဤစာကို ရေးလိုက်ပါသည်။ ဆရာကြီးက စာမပြန်ဘဲနေလျှင် သမီး ရှက်နေမှာစိုးလို့ ဖေဖေနှင့်မေမေကို အသိမပေးတာဖြစ်ပါသည်။ ဆရာကြီးရဲ့လိပ်စာကိုတော့ ဆရာကြီးရေးတဲ့ **စာစီစာကုံးများနှင့်တွေးနည်းရေးနည်း** စာအုပ်က လိပ်စာအတိုင်း ရေးလိုက်ပါသည်။ သမီးဆီကို ဆက်ဆက်စာပြန်ပါ ဆရာကြီးရှင့်။ ဆရာကြီးကိုလည်း အဝေးက ရည်မှန်းပြီး ကန်တော့လိုက်ပါသည်ရှင့်။ ဆရာကြီးနှင့် ဆရာကြီးမိသားစု ကျန်းမာချမ်းသာစေရန် ဆုတောင်းလိုက်ပါသည်။

မခင်မြတ်မွန်

စာဖတ်သူ မည်သို့အကြံဉာဏ် ပေးမည်နည်း။ စဉ်းစားကြည့်စေချင်ပါသည်။ အတိုချုပ်လိုက်ရလျှင်တော့ "အားသွန်ခွန်စိုက် ကြိုးစားလိုက်ပါ။ ပင်ကိုဉာဏ်ကောင်းပြီးဖြစ်သောကြောင့် အဆင့်မြင့်မြင့် အောင်နိုင်ပါလိမ့်မည်" ဆိုတာမျိုးကို ပြန်ပြီးရေးရတော့မည် ဖြစ်ပါသည်။ သို့သော်လည်း ထိုမျှလောက်နှင့် လုံလောက်ပါမည်လား၊ သူ့ကိုယ်သူ ပြန်လည် ယုံကြည်လာအောင် မှန်ကန်သော ကြိုးစားမှုဖြစ်အောင် မည်သည့် အချက်

www.sagarwarmyae.net



အလက်များ ပါဝင်စေသင့်သလဲ။ ဤသို့လျှင် စဉ်းစား ကြည့်လိုက်သောအခါ ထင်သလောက် မလွယ်လှ သည်ကို တွေ့လာရပါသည်။

သို့သော်လည်း သူ့ခမျာ အားကိုးတကြီး ရေးလာလိုက်ခြင်း ဖြစ်သောကြောင့် ကျွန်တော် တတ် နိုင်သမျှ ကြိုးစားပြန်ကြား၍ အကြံဉာဏ် ပေးလိုက်ပါ သည်။ အထူးသဖြင့် ခင်မြတ်မွန်တို့အရွယ် ကလေး ငယ်များ စဉ်းစားဆင်ခြင် ကြည့်ကြရန် ရည်ရွယ်ပါသည်။

ချစ်ခင်လေးစားစွာ စာပြန်ကြားလိုက်ပါတယ် သမီးလေး ခင်မြတ်မွန်. . .

သမီးလေး ရေးလိုက်တဲ့စာကို ရခဲ့တာ နှစ်ပတ် နီးပါးတောင် ရှိသွားလေပြီ ထင်ပါတယ်။ ဆရာ့မှာ အလုပ်တွေကလည်း များနေတာ တစ်ကြောင်း၊ သမီး အတွက် အကောင်းဆုံး အကြံဉာဏ်ဖြစ်အောင် ကြိုးစားနေရတာလည်း တစ်ကြောင်းမို့ စာပြန်တာ နောက်ကျသွားတာကို ခွင့်လွှတ်ပါ။ သမီးလေးတို့ တစ်တွေက အလွန်ငယ်ရွယ်သူတွေ ဖြစ်နေလေတော့ ဆရာ့ဆီကို စာသွားတာက နှစ်ရက်လောက်၊ ဆရာက စာပြန် ထည့်လိုက်တာက နှစ်ရက်လောက်၊ အလွန်ဆုံး တစ်ပတ်လောက်ဆိုရင်ပဲ ဆရာ့ဆီက ပြန်စာကို မျှော် နေမိပြီ ဖြစ်မှာပေါ့။ မရောက်လာတော့ရင် ဆရာကြီးက

www.sagarwarmyae.net



စာပြန်မှာ မဟုတ်တော့ဘူးရယ်လို့ အောက်မေ့နေမှာ ကိုတွေးပြီး ဆရာ အားနာမိခဲ့ပါသေးတယ်။ ဒီတော့ နောင်အခါ ဆရာတို့လို အလွန်အလုပ်များတဲ့ လူမျိုး တွေနဲ့ ဆက်ဆံတဲ့အခါမှာ ဒါမျိုးတွေကို ထည့်ပြီး စဉ်းစားတတ်အောင် ဆရာက ပြောလိုက်ရတာပါ။

ကဲ ဒါတွေကို ထားလိုက်တော့၊ သမီး ဘာလုပ် သင့်သလဲ ဆိုတာကို စဉ်းစားကြစို့ရဲ့။ ဆရာ စဉ်းစားမိ သမျှကို နံပါတ်ထိုးပြီး ရေးလိုက်မယ်နော်. . .

(၁) သမီးဟာ ငယ်ငယ်က အတန်းထဲမှာ ဗိုလ် စွဲတယ်လို့ ပြောနိုင်လောက်အောင် ပညာတော်ခဲ့တယ်။ အတန်းကြီးကို ရောက်လာမှ အဆင့်နိမ့်သွားတယ်။ ကိုယ့်ထက် အဆင့်နိမ့်သူတွေက ကိုယ့်ကို ကျော်တက် သွားခဲ့တယ်။

ဒါမျိုးနဲ့ ပတ်သက်ပြီး ဖြစ်တတ်တဲ့ ယေဘုယျ အတွေ့အကြုံကို ဆရာ ဖြေချင်ပါတယ်။ အတန်း ငယ်စဉ် အခါများမှာ များသောအားဖြင့် ပင်ကိုဉာဏ် ကောင်းသော၊ ပညာပတ်ဝန်းကျင် (အသိပညာရှိတဲ့၊ ပညာတတ်တဲ့ မိဘပတ်ဝန်းကျင်) မှာနေရတဲ့ ကလေး တွေဟာ ပညာရည် ကောင်းတတ်ကြပါတယ်။ အတန်း ထဲမှာ ပထမ၊ ဒုတိယ ဆိုတာမျိုးတွေကို အလွယ်တကူ ချိတ်သွားတတ်ပါတယ်။ သမီးရဲ့စာထဲမှာ ဖေဖေ၊

www.sagarwarmyae.net



မေမေက ဘာလုပ်တယ်၊ ပညာကို ဘယ်လောက် သင်ခဲ့ရဖူးတယ် ဆိုတာမျိုး မပါပေမယ့် ပညာတတ်ပတ်ဝန်းကျင်ဆိုတာ မှန်းမိပါတယ်။ ဒါကြောင့် သမီးဟာ အတန်းထဲမှာ ဗိုလ်စွဲခဲ့တယ်။

အတန်းငယ်ငယ်မှာ ဆိုတော့ သင်ရတဲ့ စာကလည်း နည်းတယ်၊ တော်ရုံတန်ရုံဆိုရင်လည်း သားသမီး စာကျက်တာကို ကြားရုံနဲ့မှားနေရင် ဖေဖေ၊ မေမေက ပြင်ပေးနိုင်တယ်၊ သင်ပေးနိုင်တယ်။ ဒီတော့ အတန်းထဲမှာ အဆင့်ချိတ်ဖို့ ဘာမှသိပ်ပြီး ပင်ပင်ပန်းပန်း ကြိုးစားနေဖို့ မလိုတော့ဘူး။ ဆိုလိုတာက ဝီရိယ အင်အားကို သိပ်မသုံးရဘူး။ လွယ်လွယ်နဲ့ ရနိုင်ခဲ့တယ်။

အတန်းကြီးလာတော့ ဒီလို မဟုတ်တော့ဘူး။ မိဘကိုယ်တိုင်ကလည်း ဒီစာတွေအားလုံးကို မသိနိုင်တော့ဘူး။ ကျူရှင်ဖိုးကိုသာလျှင် ဖောဖောသီသီ ထုတ်ပေးနိုင်ဖို့ လုပ်ရတော့တယ်။ ဒါပေမယ့် ခက်သွားတာက အဲဒီကလေးဟာ ငယ်ငယ်ကလိုပဲ ကိုယ့်ဉာဏ်စွမ်း သက်သက်ကိုသာ အားကိုးပြီး ဝီရိယဘက်မှာ မသိမသာ လျော့လာတတ်တယ်။ လျော့တာရယ် မဟုတ်ဘူးပေါ့လေ။ အတန်းမြင့်လာသလို ဝီရိယက မြင့်လိုက်မလာဘူး။

အဲဒီလို မဟုတ်ဘဲ ပင်ကိုဉာဏ်ကလေးက

www.sagarwarmyae.net



လည်း ခပ်လေးလေး၊ ပညာပတ်ဝန်းကျင်လည်း မရှိတဲ့ ကလေးများကျတော့ သူတို့ရှိသမျှ ပင်ကိုဉာဏ်ကလေးမှာ ဝီရိယကိုသာ သာသာထိုးထိုး ပေါင်းထည့်ပြီး ကြိုးစားကြရရှာတယ်။ ဒီလိုနဲ့ပဲ ငယ်ငယ်မှာတော့ ဘာအဆင့်မှ မချိတ်နိုင်ကြရှာဘူး။ အောင်လာတာကိုပဲ ဝမ်းသာနေလှပြီ။

သို့ပေမယ့် ပညာဆိုတာမျိုးကလည်း အခြေခံကလေး ခိုင်လာလိုက်ပြန်ပြီဆိုရင် နောက်အဆင့်တွေမှာကျတော့ အထောက်အကူ ဖြစ်လာပြန်တာကိုး။ သမီး နားလည်အောင် ပြောရရင် သချာမှာ အဆင့် (၁၀) ခုရှိတယ် ဆိုကြပါစို့။ အဆင့် (၆) လောက်ထိ အောင် ပင်ပင်ပန်းပန်း လိုက်ခဲ့ရတာ မှန်တယ်။ ဒါပေမယ့် သချာကို သဘောပေါက် ပိုင်နိုင်နေအောင် နားလည်သွားတယ်။ အဲဒီလိုပိုင်နိုင်စွာ နားလည်သွားမှုက အဆင့် (၇) ကို နားလည်ဖို့ အခြေခံဖြစ်သွားပြန်တယ်။ အဲဒီလိုနဲ့ နောက်ပိုင်းကိုရောက်တော့ အခြေခံက ကောင်းလာပြီမို့ သူ့အဖို့ သက်သာမှန်းမသိ သက်သာ လာတယ်။

ဒါကြောင့်သမီး သတိထားပြီး ကြည့်စမ်းပါ။ ဉာဏ်သွက်ပြီး ပတ်ဝန်းကျင်ရှိတဲ့ ကလေးတွေဟာ မူလတန်းမှာ အစွမ်းပြကြတယ်။ ဝီရိယပါကောင်းရင်

www.sagarwarmyae.net



တော့ အထက်တန်း၊ တက္ကသိုလ် စသည်တို့အထိပါ ဆက်ပြီး အစွမ်းပြကြတယ်။ ဉာဏ်အသင့်အတင့်သာ ရှိပြီး၊ ပညာပတ်ဝန်းကျင် မရှိရှာတဲ့ ကလေးတွေမှာ တော့ (ဝီရိယကောင်းရင်) အလယ်တန်းကို ရောက်မှ တစ်စတစ်စ အစွမ်းပြလာကြတယ်။ အထက်တန်း ရောက်တော့ သူတို့က ဉာဏ်သမား သက်သက်ကို ကျော်တက်ကြတော့တာပဲ။

အဲ. . တက္ကသိုလ်ကို ရောက်လာပြီဆိုရင် တော့ဖြင့် ဆယ်တန်းတောင် အောင်လာခဲ့တဲ့နောက် သူသူ ကိုယ်ကိုယ် သာမန်အခြေခံ ပညာဉာဏ်ရည်ကို အားလုံး ရခဲ့ပြီးဖြစ်ကြောင်း ယုံမှားစရာ မရှိတော့ဘူး ပေါ့။ ဒါကြောင့် တက္ကသိုလ်တန်းတွေဟာ ဉာဏ်ချင်း ပြိုင်တဲ့နေရာ မဟုတ်တော့ဘူး။ ဝီရိယပြိုင်တဲ့ နေရာ တွေသာလျှင် ဖြစ်တယ်လို့ ယေဘုယျအားဖြင့် ဆိုနိုင် ပါတယ်။

ဒီနေရာမှာ ဝီရိယအကြောင်းကို ပြောလိုက် ချင်သေးတယ်။ လူတွေက ကျောင်းမှန်မှန် တက်တာ၊ သင်ခန်းစာ မှန်တာ၊ လေ့ကျင့်ခန်း မပျက်တာလောက် ကိုသာ ဝီရိယလို့ ထင်နေတတ်ကြတယ်။ ဘတ်စ်ကား စောင့်ရင်း၊ ထမင်းစားရင်း ဆိုတာမျိုးတွေမှာ စာပေ ကိစ္စ၊ သင်္ချာကိစ္စ ဆိုတာမျိုးတွေကို စဉ်းစားကြံဆ

www.sagarwarmyae.net



နေတတ်တဲ့ ဝီရိယမျိုးကိုကျတော့ မမြင်သာဘူး မဟုတ်လား။ တကယ်ဝီရိယ ဆိုတာမျိုးက အခါမလင့် (တစ်ရေးနိုးပါမကျန်) ကြိုးပမ်း ကြံဆနေမိတတ်တယ် သမီးရဲ့။

အဲဒီ သဘောတွေနဲ့ သမီးကိုယ်သမီး ပြန်ပြီး သုံးသပ်ကြည့်ပါ။ သမီးဟာ ဝီရိယဘက်မှာ လျော့မှန်း မသိ လျော့လာခဲ့သလားလို့ မှန်းဆကြည့်မိပါတယ် သမီး။ သေချာပြန်ပြီး စဉ်းစားကြည့်ပါ။ နောက်တစ်ခု ရှိသေးတာက . . .

**(၂) သမီးက တစ်ဦးတည်းသောသမီး ဖြစ်တယ်လို့ သိရတယ်။ မိဘက ကြိုက်တဲ့ ကျူရှင်ကိုတက်ထားပေးတယ်လို့ ဆိုတယ်။** ဒီတော့ သမီးအတွက် ရုပ်မြင်သံကြား စက်လောက်တော့ ရှိမှာသေချာနေပြီ။ အောက်စက်လို့ ခေါ်ကြတဲ့ ဗီဒီယိုပြစက်တောင်မှ ရှိနိုင်တယ်။ မရှိရင်တောင်မှ မကြာခဏတော့ ငှားကြည့်တာမျိုး ဖြစ်နိုင်တယ်။ **အဲဒီလို အိမ်တွင်းဖျော်ဖြေမှုတွေဟာ စာပေဝီရိယကို ထိခိုက်လာစေတတ်ပါတယ်။** ပစ္စည်းအစုံက ရှိနေတော့ ဗီဒီယိုကားကောင်း တစ်ခွေထွက်လာတယ်ဆိုရင် ကြည့်လိုက်ချင်တော့တာကိုး။ ရုပ်သံက ကားကောင်းတစ်ကား လွှင့်မယ်ဆိုရင်လည်း မရှောင်နိုင်ဘူး။ ကြည့်လိုက်မိပြန်တာပဲ မဟုတ်လား။

ဒီတော့ စာပေဘက်မှာ ဝီရိယက လျော့လာပြန်တော့တာပေါ့။ တကယ်ကို ပညာရည်မှန်းချက်ကြီးတဲ့ ကလေးတွေ ကျပြန်တော့ ကိုယ့်အိမ်မှာ ဘာစက်တွေ၊ ဘာဖျော်ဖြေရေးတွေပဲ ရှိနေရှိနေ ကိုယ်နဲ့သိပ်မဆိုင်သလိုကို နေပစ်လိုက်ကြတော့တာ။ ကြည့်တယ်ဆိုရင် တောင်မှ သာမန်လောက်ပဲ။ ခဏတစ်ဖြုတ်ပဲ။ သမီးမှာ အဲဒီလို ဝီရိယလျော့ပါးမှုတွေ ဘယ်လောက် များနေသလဲဆိုတာကို မှန်မှန်ကန်ကန် စစ်ဆေးကြည့်ဖို့ လိုပါလိမ့်မယ်။

**(၃) သမီးစာထဲမှာ ကြိုက်တဲ့ကျူရှင်မှာ မိဘများက ထားပေးတယ်လို့ ပါတယ်။ နောက်ပြီး ပို့ချချက် မှတ်စုကောင်းကောင်းကို ဝယ်ပြီးဖတ်ချင်ပါတယ် ဆိုတာလည်း ပါလာတယ်။ ဒါတွေကို ထောက်ကြည့်လိုက်တော့ သမီးဟာ ကိုယ့်ခွန်ကိုယ့်အားကို အားကိုးမှုနည်းပါးလာလေပြီလားလို့ မှန်းပြီးတွေး ကြည့်နေမိပါတယ်။** သမီးလေး ခင်မြတ်မွန်ရေ. . . အဲဒီပျော့ကွက်စွဲကပ်လာပြီဆိုရင် ကြောက်စရာ ကောင်းပါတယ်။ ကြပ်ကြပ်သတိထားပါ။ သင်္ချာလေးတစ်ပုဒ် ခက်လိုက်ရင် ကိုယ့်ဘာသာ မစဉ်းစားချင်တော့ဘူး။ ကျောင်းကဆရာ၊ ကျူရှင်ကဆရာကို မေးလိုက်ဖို့ပဲ အောက်မေ့ထားတတ်တယ်။ ကိုယ့်ဘာသာ အားမထုတ်ချင်ကြ

www.sagarwarmyae.net



တော့ဘူး။ **သမီး အားဆိုတာ အားထုတ်မှထွက်တာ၊ အားမထုတ်ရင် အားမထွက်ဘူး၊ အားမထွက်ရင် တစ်သက်လုံး အားနည်းပျော့ညံ့သူ ဖြစ်သွားတတ်ပါတယ်။** ဘယ်သင်ခန်းစာ၊ ဘယ်လေ့ကျင့်ခန်းကိုမဆို ကိုယ့်ဘာသာ အစွမ်းကုန် အားထုတ်စဉ်းစားကြည့်ပါ။ နောက်ဆုံး လုံးဝကိုမတတ်နိုင်တော့ဘူး ဆိုတော့မှ အကူအညီကိုတောင်းပါ။ ထစ်ခနဲဆိုရင် အကူအညီတောင်းတတ်တာဟာ **"ကယ်တော်မူပါ" ခဏခဏ အော်နေတာမျိုး ဖြစ်မနေဘူးလား သမီး။** ဒီ တော့ ကျူရှင်တွေ၊ ပို့ချချက်မှတ်စုတွေကို အားကိုးသင့်သလောက်သာ အားကိုးပါ။ သူ့တို့ကို ဆရာဝန်လို သဘောထားသင့်ပါတယ်။ ဆရာဝန်ရဲ့ အကြံပေးမှုကို နားထောင်ပါ။ ဒါပေမယ့် ကိုယ့်ကျန်းမာရေးကို ကိုယ့်ဘာသာပဲ ဂရုစိုက်ရမှာပဲ မဟုတ်လား။ အတတ်သာ တော့မှ ဆရာဝန်ကိုပြပြီး ဆေးစားရမှာပဲ မဟုတ်လား။

ကဲ. . စာလည်း ရှည်သွားပါပြီ။ သမီးရဲ့စာထဲမှ ပါသလောက်နဲ့ခန့်မှန်းပြီး အကြံဉာဏ်ပေးလိုက်ရတာမို့ တကယ့်အဖြစ်မှန်နဲ့ နည်းနည်းပါးပါး တိမ်းနေရင်လည်း ဆရာ့ကို ခွင့်လွှတ်ရပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ဆရာ့အကြံဉာဏ်ဟာ သမီးလေး ခင်မြတ်မွန် အတွက် ထိုက်သင့်သလောက်တော့ဖြင့် အထောက်

www.sagarwarmyae.net



အကူ ဖြစ်လောက်ရဲ့လို့တော့ မျှော်လင့်မိပါတယ်။

သမီးလေးခင်မြတ်မွန် ပညာရည် ထွန်းပြောင်လာပါစေ၊ မိဂုဏ်ဖဂုဏ်ကို မြှင့်တင်ပေးနိုင်တဲ့ သမီးမြတ်ကလေး ဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

(စာကြွင်း) ဩော်- ဆရာ့ဆီက စာပြန်လာတဲ့ အကြောင်း ဖေဖေနဲ့မေမေကို ပြောပြလိုက်ပါဦးနော်။

# သူတို့ကလေးတွေရဲ့စာ (၃)

**ဆရာကြီးရှင့် -သမီး ဂါရဝပြုလျက် မေးခွန်းတချို့ မေးချင်ပါသည်ရှင့်။ သမီးက တောင်ကြီးမြို့ အထက(၁)မှာ နေပါတယ်။ သမီးအမည်က နန်းအိမ့်အိမ့်ခမ်းပါ။ သမီး မေးချင်တာတွေက. . .**

မြန်မာစာ ဂုဏ်ထူးထွက်နိုင်ရင် ဘယ်လိုအရည်အချင်းတွေနဲ့ ပြည့်စုံရမလဲ။ သမီးရှစ်တန်းတုန်းက မြန်မာစာတစ်ခုပဲ ဂုဏ်ထူးမထွက်ခဲ့တာကြောင့်ပါ။

အခု သမီးတို့(၁၀) တန်း ကျောင်းသားအားလုံးဟာ ဝိဇ္ဇာဘာသာရပ်တွေကိုပါ တွဲပြီးသင်ကြရတော့ သိပ္ပံဘာသာရပ်မှာ အားနည်းလာပါတယ်။ အထူးသဖြင့် ဇီဝဘာသာရပ်မှာ ကျက်ပြီးတော့ မေ့လွယ်တာ ဘာကြောင့်လဲဆိုတာကို သိချင်ပါတယ်ရှင့်။

ဆယ်တန်း ကျောင်းသား ကျောင်းသူတစ်ယောက်အနေနှင့် တစ်နေ့ကိုစာကျက်ချိန် ဘယ်လောက်ထားသင့်သလဲ ဆိုတာကို ဖော်ပြပေးစေ ချင်ပါတယ် ရှင့်။ ခုအချိန်မှာ စာမေးပွဲကြီးဖြေဆိုဖို့ရန် (၅)လမျှသာ ကျန်တော့သဖြင့် ပြန်လည်လေ့ကျက်မှု အတွက်

www.sagarwarmyae.net



တစ်နေ့ကို အချိန်မည်မျှလို အပ်ပါသလဲရှင့်။ နေ့စဉ်သင်ကြားမှုအတွက် အချိန်မည်မျှကျက်မှတ်ဖို့ လိုသလဲ ဆိုတာကို ဖော်ပြပေးစေလိုပါသည်ရှင့်။

သချာင်္ကိုကျွမ်းကျင်ရန်အတွက် ပုစ္ဆာတစ်ပုဒ်ကို ဘယ်နှစ်ကြိမ်ထိ တွက်ချက်ရမည်ကို သိချင်ပါတယ်ရှင့်။

စာကို စိတ်ဖြင့်ဖတ်၍ ကျက်မှတ်သည်နှင့် နှုတ်မှ အသံထွက်ကျက်မှတ်သည်တို့တွင် မည်သည့်နည်းက မေ့ပျောက်မှု နည်းစေနိုင်သည်ကို ဖော်ပြပေးပါရှင့်။ ကြည်ညိုလေးစားစွာ ဂါရဝပြုလျက်

နန်းအိမ့်အိမ့်ခမ်း
ပြည်တော်သာရပ်
တောင်ကြီးမြို့။

**ချစ်ခင်လေးစားစွာ စာပြန်လိုက်ပါတယ်**
**သမီးလေး နန်းအိမ့်အိမ့်ခမ်း-**

သမီးလေးရဲ့စာကို ဖတ်လိုက်ရတာ အလွန့်ကို အားရကျေနပ်ခြင်း ဖြစ်မိပါတယ်။ စာကိုဖတ်ရုံနဲ့ကိုပဲ စေတနာ သဒ္ဓါတရား ပေါက်လောက်ပါပေတယ်။ သမီးတို့ရဲ့ တောင်ကြီး အထက(၁) မှာရှိကြတဲ့ ကျောင်းသား ကျောင်းသူတွေဟာ စာကို တမက်မောမော

www.sagarwarmyae.net



အပြိုင်အဆိုင် ကြိုးစားကြတယ် ထင်ပါရဲ့လို့လည်း အောက်မေ့ပြီး အားတက်လေးစားခြင်းလည်း ဖြစ်လိုက်မိပါတယ်။ လက်ဖက်ရည်ဆိုင်မှာ တစ်နေကုန် ထိုင်ပြီး ကက်ဆက်သီချင်းသံကို နားထောင်ရင်း အဖိုးတန် အချိန်တွေကို သတ်ပစ်နေတဲ့ လူငယ်ကလေးတွေ၊ ပေါ်ပင် အဝတ်အစား ဆန်းဆန်းပြားပြားတွေကို ဂုဏ်တုဂုဏ်ပြိုင် တုပဝတ်ဆင် နေဖို့လောက်သာ စိတ်ဝင်စားနေတဲ့ မိန်းကလေးတွေကို တွေ့နေရတဲ့အခါမှာ လူငယ်တွေရဲ့အနာဂတ်၊ နိုင်ငံတော်ရဲ့ အနာဂတ်အတွက် စိတ်ပျက်အားငယ်မိသလောက် သမီးလေးတို့ကို လူငယ်မျိုးဆက်သစ်တွေကို တွေ့လိုက်ရပြန်တော့လည်း စိတ်အားတက်လာမိ တတ်ပြန်ပါသည်။ ဒါကြောင့် ဒီစကားနဲ့ နိဒါန်းပျိုးလိုက်တာပါပဲ သမီး။

ကဲ. . . သမီးလေး မေးလိုက်တာတွေကို ဆရာ စဉ်းစားမိသမျှ ပြန်ပြီးဖြေလိုက်ပါမယ်။

**(၁) မြန်မာစာ ဂုဏ်ထူးထွက်ဖို့အတွက် လိုအပ်တဲ့ အရည်အချင်းကတော့ မြန်မာစာမှာ တကယ်တော်ဖို့ လိုအပ်တာပဲပေါ့ သမီးရဲ့။ မြန်မာစာ တကယ်တော်ဖို့ ဘာတွေ လိုအပ်သလဲလို့ မေးလာပြန်ရင်လည်း မြန်မာဘာသာစကားကို စိတ်ဝင်စားဖို့ လိုတာပေါ့လို့ ဖြေရတော့မှာပဲ။**

www.sagarwarmyae.net



ဒီလိုပဲ သမီး။ မြန်မာစာ ဆိုတာဟာ စင်စစ်မှာ "ဘာသာစကား" တစ်ခု ဖြစ်ပါတယ်။ ဘာသာစကားကို စိတ်ဝင်စားမှုဆိုတာဟာ 'ဗီဇ' သဘောပါတယ်လို့တောင်မှ ထင်မိပါတယ်။ မွေးရာပါစိတ်ဓာတ်လို့ ပြောချင်တာပါ။ ဆိုကြပါစို့ ကလေး ပေါက်စကလေးတွေမှာကိုပဲ ဒီဗီဇသတ္တိဟာ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးလို့ ထင်မိတယ်။ တချို့ကလေးတွေဟာ ငယ်ငယ်ကတည်းကလိုပဲ လူကြီးတွေသုံးတဲ့စွဲတဲ့ ဝေါဟာရတွေကို ဘယ်နေရာမှာ သုံးတယ်၊ ဘယ်လို အဓိပ္ပာယ်နဲ့ သုံးတယ် ဆိုတာမျိုးတွေကို အတုခိုးမှတ်သားပြီး သုံးစွဲတတ်တယ်။

တချို့ကလေးတွေဟာ အသက် လေးငါးနှစ်လောက်မှာကိုပဲ သိသာနေတတ်တယ်။ တခြားကလေးတစ်ယောက်က "ထမင်းစားချင်တယ်"လို့ ပြောပေမယ့် သူက "ထမင်းဆာလိုက်တာ၊ ဗိုလ်ထဲမှာ ပူနေပြီ" လို့ ပြောတတ်တယ်။ "ကျွန်တော်တို့ ဆရာမက သိပ်ရိုက်တယ်" လို့ ပြောရမယ့်နေရာမျိုးမှာ သူက "ဆရာမကတော့ ရိုက်သလားမမေးနဲ့" ဆိုတာမျိုးကို ပြောတတ်ပါတယ်။ တစ်ခါတစ်ရံ "မေမေကြီးကတော့ဗျာ တကယ့်စိတ်ဓာတ်ပဲ" ဆိုတာမျိုးတွေ၊ "ကိုကိုကြီးကတော့ ဝေါက်နေပြီ" ဆိုတာမျိုးတွေကိုပါ ကြားဖူး

www.sagarwarmyae.net



နားဝ ရှိသမျှကို ငယ်ငယ်နဲ့ သုံးတတ်စွဲတတ်ကြပါတယ်။ အဲဒီလို ကလေးမျိုးတွေဟာ ငယ်ငယ်ကတည်းကကိုပဲ စာဖတ်လိုက်တဲ့အခါမှာလည်း သတ်ပုံစာလုံးပေါင်းတွေကို သူ့ဘာသာသူ (ဘယ်သူကမှ သတိမပေးဘဲ) မှတ်သားသွားတတ်ပါတယ်။ သူတို့ဟာ ဘာသာစကားကို မွေးကတည်းက စိတ်ဝင်စားလာသူတွေဖြစ်တယ်လို့ ပြောချင်မိပါတယ်။

သမီးလေး နန်းအိမ့်အိမ့်ခမ်းရဲ့ စာကိုကြည့်ရတာမှာ ဘာသာစကားကို စိတ်ဝင်စားမှု ရှိတယ်လို့ ယူဆမိပါတယ်။ လက်ရေးလက်သား ကောင်းတယ်၊ သတ်ပုံမှန်တယ်၊ ဝါကျဖွဲ့ပုံ ကြည်လင်တယ်၊ ကိုယ်ပြောချင်တာကို တိုတိုနဲ့ လိုရင်းရောက်အောင် ပြောတတ်တယ်။ ဒါတွေကို ကြည့်ပြီး အကဲဖြတ်လိုက်တာပါပဲ။

ကဲ. . . မြန်မာစာ ဂုဏ်ထူးထွက်နိုင်အောင် ကြိုးစားမှုများဘက်ကို လှည့်လိုက်ကြဦးစို့။ ပထမဆုံး အရေးကြီးတာက ပြဋ္ဌာန်းစာတွေကို ညက်ညက်ကြေနေအောင် နားလည်ဖို့လိုအပ်ပါတယ်။ ကဗျာလိုဟာမျိုးဆိုရင် လိုအပ်တဲ့အပိုဒ်တွေကို အလွတ်ရအောင် ကျက်မှတ်ဖို့ လိုပါလိမ့်မယ်။ ဒါတွေကိုတော့ ကျောင်းက ဆရာ၊ ဆရာမတွေကလည်း ပြည့်စုံအောင် သင်ကြားပို့ချပေးထားတာမို့ အထူးပြောမနေ

www.sagarwarmyae.net



တော့ပါဘူး။

အရေးကြီးတာကတော့ စာစီစာကုံးပါပဲ။ စာစီစာကုံးမကောင်းရင် ဂုဏ်ထူးမထွက်နိုင်ပါဘူး။ အလွန်ကို အရေးကြီးပါတယ်။ စာစီစာကုံးရေးဖို့ ခေါင်းစဉ် သုံးခုလာလေ့ရှိပါတယ်။ ရှုခင်းစသည်တို့ကို သရုပ်ဖော်ရတာက တစ်ခု၊ စကားပုံတို့၊ ဆောင်ပုဒ်တို့၊ ခေတ်အလိုက် ကြွေးကြော်သံတို့လိုဟာမျိုးက တစ်ခု၊ မျက်မှောက်နိုင်ငံနဲ့ အဝန်းမှာ နိုင်ငံတော်အစိုးရက ဦးဆောင်လှုပ်ရှားနေတဲ့ လုပ်ငန်းတွေအကြောင်းကတစ်ခု၊ များသောအားဖြင့် အဲဒီလို မေးတတ်တာကို တွေ့ရပါတယ်။

ရှုခင်းလိုဟာမျိုးကို သရုပ်ဖော်ရတာကို ရေးရတာက လွယ်ပါတယ်။ ဒါပေမယ့် သူကကာထက်ထူးချွန်အောင်ရေးဖို့ အတော်လေးကို ခက်ပါတယ်။ ဒါကြောင့် မလွဲသာမှသာရေးပါလို့ ပြောလိုက်ချင်ပါတယ်။ အမှတ်ကောင်းကောင်း ထွက်နိုင်တာက နောက်ဆုံးခေါင်းစဉ် ဖြစ်ပါတယ်။ ခုအချိန်လောက်ကစပြီး သတင်းစာ၊ ဆောင်းပါးတွေကို သေချာဖတ်ပြီး ဖြတ်ညှပ် သိမ်းထားသင့်ပါတယ်။ မကြာခဏ ပြန်ပြီးဖတ်၊ ကိန်းဂဏန်း စသည်တို့၊ ခုနှစ်တို့၊ ရပ်ရွာ ပုဂ္ဂိုလ်အမည်နာမ စသည်တို့ကိုပါ လိုအပ်မယ်ထင်ရင် မှတ်သားထားသင့်ပါတယ်။

www.sagarwarmyae.net



အဲဒီလိုဖတ်ခြင်း မှတ်ခြင်းအားဖြင့် အကြောင်းအရာ အချက်အလက်တွေနဲ့ ပတ်သက်ပြီး ဗဟုသုတ တိုးတက်လာရုံမကဘဲ အရေးအသား တင်ပြပုံတွေပါ ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ သမီးဆီမှာ ဆရာရေးတဲ့ **စာစီစာကုံးများနှင့် တွေးနည်း ရေးနည်း** စာအုပ်ရှိပြီး ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ အဲဒီစာအုပ် ရှိနေပြီးဖြစ်ရင် **ရှင်းပြချက်** တွေကို သေချာ ဖတ်ကြည့်စေချင်ပါတယ်။ တခြားသင့်လျော်ရာ စာစီစာကုံး စာအုပ်တွေကိုလည်း ဖတ်ပါ။ မှတ်သင့်မှတ်ရာကို မှတ်ပါလို့ပဲ ပြောလိုက်ချင်ပါတယ်။

**(၂) ဇီဝဘာသာရပ်မှာ ကျက်မှတ်ပြီး မေ့လွယ်တာကတော့ သူက လက်လီစိတ်ပြီးမှတ်ရတဲ့ ဘာသာရပ်ကိုး သမီးရဲ့။ ဒီတော့ မေ့လွယ်တာပေါ့။** ဟိုအရင်တုန်းက တက္ကသိုလ်ဘာသာရပ်များ အညွှန်းဆိုတဲ့ စာအုပ်မှာဆိုရင် **ဆေးတက္ကသိုလ်** နဲ့ ပတ်သက်ပြီး **မှတ်ဉာဏ်ကို အများဆုံး အသုံးပြုကြရပါသည်** လို့ ရေးထားတာကိုတောင် ဆရာ သတိရလိုက်မိပါသေးတယ်။

ဆရာ့တပည့်ဖြစ်ခဲ့ဖူးတဲ့ ဇီဝဆရာတစ်ယောက်ကို သမီးရဲ့မေးခွန်းအကြောင်း ပြောပြမေးကြည့်တော့ ဒီလိုပဲ မေ့တတ်တယ်လို့ သူကလည်းပြောပါတယ်။ သူပေးလိုက်တဲ့ အကြံဉာဏ်ကတော့ "ရုပ်ပုံ"

www.sagarwarmyae.net



တွေကို အထပ်ထပ်ဆွဲပြီး လေ့ကျင့်ပါ။ အဲဒီ သရုပ်ပြပုံနဲ့ တွဲပြီး ကျက်မှတ်ရင် ပိုပြီးခိုင်ခိုင်မာမာ မှတ်မိနိုင်တယ်လို့ အကြံဉာဏ်ပေးပါတယ်။ အထူးသဖြင့် အခြေခံသဘော တရားကိုလည်း ပိုင်မယ်၊ သရုပ်ပြပုံကိုလည်း အထပ် ထပ်ဆွဲပြီး လေ့ကျင့်မှတ်သားမယ်ဆိုရင် ကောင်း ကောင်းကြီး မှတ်မိနိုင်တယ်လို့ ပြောပါတယ်။

**(၃) နေ့စဉ် သင်ကြားစာတွေကို ကျက်မှတ်တဲ့ ကိစ္စနဲ့ ပတ်သက်လို့ ဒီခေတ်ကျောင်း သားတွေ (များသောအားဖြင့်) ကျင့်သုံးပုံ မှားနေတာတွေကို ထောက်ပြ လိုက်ချင်ပါသေးတယ်။**

ဆရာတို့ ငယ်စဉ်ဘဝတုန်းကတော့ ဒီခေတ် လို မှတ်စုစာအုပ်တို့၊ အဖြေစာအုပ်တို့ ဆိုတာမျိုးတွေ ကလည်း မရှိဘူး။ ပြင်ပကျူရှင်ဆိုတာမျိုးတွေက လည်းမရှိဘူး။ ဒီတော့ အတန်းထဲမှာ ဆရာ သင်လိုက် တာကိုပဲ အားကိုးကြရတာ၊ အဲဒီအပြင် ဆရာကိုလည်း သိပ်ကြောက်ရတယ်။ အတန်းထဲမှာ တောင်ငေး မြောက်ငေးလုပ်နေရင် ဆရာက တွယ်တော့တာပဲ။ သမီးတို့ခေတ်မှာတော့ မှတ်စုစာအုပ်တွေကို အားကိုး တယ်။ ကျူရှင်ကို အားကိုးကြတယ်၊ ဒီတော့ အတန်း ထဲမှာ ဆရာသင်တာကို သေချာအာရုံစူးစိုက်ပြီး နက်နက်နဲနဲ မမှတ်သားကြဘူး။ စကားများချင် များနေ

www.sagarwarmyae.net



တယ်၊ စကားမများရင်တောင်မှ စိတ်ကပျံ့လွင့်နေတတ်တယ်။ မှတ်စုအားကိုးနဲ့၊ ကျူရှင်အားကိုးနဲ့ ပေါ့ပေါ့ဆဆ ကျောင်းတတ်နေကြတာတွေကို တွေ့နေကြရတယ်။

ဒီတော့ ဘာဖြစ်သလဲ။ ကျောင်းတတ်ချိန် (၅) နာရီလောက်ဟာ သက်သက်မဲ့ အလဟဿ ဆုံးရှုံးသွားကြရတယ်။ အိမ်မှာ တစ်နေ့ (၃) နာရီ စာကြည့်မယ် ဆိုပါတော့၊ ကျောင်းမှာလည်းပဲ (၅) နာရီ ကြိုးစား သင်ယူခဲ့မယ်ဆိုရင် အဲဒီကျောင်းသားဟာ တစ်နေ့ကို စာကြည့်ချိန် (၈) နာရီ မရပေဘူးလား။ ခုတော့ ကျောင်းတက်တဲ့ (၅) နာရီဟာ သက်သက်ဆုံးရှုံးသွားရတယ်။ သေချာစဉ်းစားကြည့်လိုက်ရင် ဘယ်လောက်နှမြောစရာ ကောင်းသလဲ။

သမီးလေးကိုတော့ ကျောင်းမှာလည်း အာရုံစူးစိုက်ခဲ့သူ၊ ကျောင်းချိန် (၅) နာရီကို အပြည့်အဝ အသုံးချခဲ့သူအဖြစ် အကြံဉာဏ်ပေးလိုက်ပါ့မယ်။

ကျောင်းစာသင်ခန်းထဲမှာကိုပဲ သေချာမှတ်ခဲ့သွားခဲ့တာကြောင့် နည်းနည်းလောက်ပြန်ပြီး ဖတ်လိုက်မှတ်လိုက်ရင်ပဲ ကြေညက်သွားနိုင်ပါတယ်။ ဒါကြောင့် စာကြည့်ချိန် (၄) နာရီထက် မလိုနိုင်ပါဘူး။ အနက်စောစော တစ်နာရီလောက်၊ ညဦးပိုင်းမှာ သုံးနာ

www.sagarwarmyae.net



ရှိလောက် ဆိုရင်လုံလောက်ပါတယ်။

သတိပြုဖို့က စာကြည့်ရင် ဆက်တိုက် တစ်နာရီထက် ပိုပြီးမကြည့်ပါနဲ့။ တစ်နာရီလောက်ကြည့်ပြီးရင် ဆယ်မိနစ်လောက် နားလိုက်ပါ။ သီချင်းနားထောင်ချင် ထောင်ပါ။ ကိုယ်တိုင် သီချင်းဆိုချင်ရင်လည်း ဆိုလိုက်ပါ။ တစ်ခုခု အပြောင်းအလဲအဖြစ် ကိုယ်ကြိုက်တာတစ်ခုခုကို ထလုပ်လိုက်ပါ။ ပြီးမှ ခုနကဖတ်ခဲ့တဲ့စာကို ပြန်ပြီးစဉ်းစားပါ။ မေ့သွားတဲ့ နေရာတွေကို ပြန်ဖတ်ပါ။ နောက်ပြီးမှ ရှေ့ကိုဆက်ဖတ်ပါ။ အဲဒီလို အနားယူရပါတယ်။

စစ်သားတွေ ခရီးရှည် ချီတက်ကြပြီဆိုရင် တစ်နာရီမှာ တစ်ကြိမ် ငါးမိနစ်၊ ဆယ်မိနစ် စသည်ဖြင့် အနားပေးရပါတယ်။ မနားဘဲ ဆက်တိုက်ချီတက်လိုက်ရင် သိပ်ပင်ပန်းသွားတာကြောင့် ပိုပြီးခရီးဖင့်တတ်တယ်ဆိုတာ သုတေသနလုပ်ထားလို့ရတဲ့ အဖြေတွေပါပဲ။ ဒါကြောင့် (Rest before you ger tired) "မမောမီနားပါ" လို့ ဆိုရိုးရှိပါတယ်။

သမိုင်းမှာ ထင်ရှားတဲ့ သိပ္ပံပညာရှင်ကြီးတွေ နေ့ညမနားမနေ ကြိုးစားလုပ်ကိုင်ကြတာတွေကို သွားပြီး မနှိုင်းယှဉ်လိုက်ပါနဲ့ သမီး၊ သူတို့က သူတို့ရဲ့ ဝါသနာတွေနဲ့ လုပ်ကြ ကိုင်ကြတာဖြစ်ပါတယ်။ အဲဒီလိုပဲ

www.sagarwarmyae.net



နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုလိုကြတဲ့ ရဟန်းတော်ကြီးတွေဟာလည်း မနေမနား အားထုတ်ချင်ထုတ်ကြတာပါပဲ။ ဒါပေမယ့် အဲဒါက သူတို့ စိတ်ဆန္ဒအလျောက် လုပ်ကြတာ၊ သူတို့ တပ်မက်မှုကိုကစေ့ဆော်လာတာ။ သမီးတို့တစ်တွေရဲ့ စာမေးပွဲဆိုတာက များသောအားဖြင့် ကိုယ်လုပ်ချင်တဲ့ ဆန္ဒကြောင့်မဟုတ်ဘဲ၊ မလုပ်ရင်မဖြစ်လို့သာ လုပ်ကြရတာ မဟုတ်လား။ ဒီတော့ ထက်သန်မှုချင်း အနည်းနဲ့အများကွာခြားနေတာပဲပေါ့ သမီးရဲ့။

(၄) သင်္ချာကျွမ်းကျင်ဖို့အတွက် ပုစ္ဆာတစ်ပုဒ်ကို ဘယ်နှစ်ကြိမ်လောက် ထပ်ပြီးတွက်ဖို့ လိုပါသလဲဆိုတာမှာ ဖြေရမှာ ခပ်ခက်ခက်ပဲ ထင်ပါရဲ့ကွယ်။ ဒီလိုပါ။ သင်္ချာဆိုတာ အလွတ်ကျက်ရတဲ့ ဘာသာမျိုးမှမဟုတ်ပါဘဲကလား။ အခြေခံစဉ်းစားနည်းနဲ့ တွက်နည်းသဘောကို သေသေချာချာ သဘောပေါက်သွားပြီဆိုရင် ထပ်ပြီးတွက်ဖို့ မလိုလောက်အောင် ဖြစ်သွားတတ်ပါတယ်။ သို့သော်လည်း ဂျော်မက်ထြီလို သင်္ချာမျိုးမှာတော့ဖြင့် တစ်ခါတစ်ရံ ကြောင်သွားတတ်တာကြောင့် နည်းနည်းခက်တဲ့ အပုဒ်မျိုးဆိုရင် ပုံကို ပြန်ကြည့်ပြီး နှစ်ခါသုံးခါစီလောက် စိတ်နဲ့ပဲ ပြန်တွက်ထားကြည့်သင့်တယ်လို့ အောက်မေ့မိပါတယ်။ အချိန်ရရင်

www.sagarwarmyae.net



တော့လည်း စိတ်ရှည်လက်ရှည် ချပြီးရေးလိုက်နိုင်ရင် ကောင်းတာပေါ့လေ။

(၅) စာကို စိတ်နဲ့ကျက်တာနဲ့ နှုတ်ကပါ ရွတ်ပြီးကျက်တာမှာ ဆိုရင်တော့ မြန်မာစာ၊ ပထဝီ၊ သမိုင်း ဆိုတာမျိုးတွေမှာ နှုတ်နဲ့ရွတ်ပြီး ကျက်မှတ်တာက ပိုပြီးမှတ်မိလွယ်တယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ အကျိုးအကြောင်း ဆက်စပ်ပြီး မှတ်ရတာမျိုး ဆိုရင်တော့ဖြင့် နှုတ်နဲ့ကျက်တာကို အားမကိုးဘဲ စိတ်ထဲက ကျိုးကြောင်းဆက်စပ်ပြီး မှတ်တာကို ပိုပြီးအားကိုးသင့်ပါတယ်။ ကဗျာလိုဟာမျိုးမှအပ ကျိုးကြောင်းဆက်စပ်ပြီး စိတ်နဲ့မှတ်သွားတာမျိုးကို ပိုပြီးအကြံညာဏ်ပေးလိုက်ချင်ပါတယ် သမီး။ ကဲ . . ဒီလောက်ဆိုရင် သမီးလေး နန်းအိမ့်အိမ့်ခမ်း သိချင်လောက်တဲ့ အဖြေမျိုးကို ရလောက်ပြီလို့ ထင်ပါတယ်။ သမီးလေး ကျန်းမာချမ်းသာစွာနဲ့ စာမေးပွဲကြီးကို စိတ်ကြိုက် ဖြေနိုင်ပါစေ၊ ဆန္ဒရှိသလောက် ပေါက်မြောက် နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ချစ်ခင်လေးစားနေပါသော
အောင်သင်း

www.sagarwarmyae.net

# သူတို့ကလေးတွေရဲ့စာ (၄)

ကျွန်တော်က လူငယ်များ ပညာကို ကြိုးစား သင်ယူအောင် ကျောင်းနေချိန်ကာလကို လွန်လာလျှင် လည်း စာပေဗဟုသုတ လိုက်စားကြအောင် အမြဲ တိုက်တွန်း နေခဲ့သူဖြစ်ပါသည်။ စာပေဟောပြောပွဲများ၌လည်း ထိုအချက်ကိုပင် ပဓာနထားပြီး ပြောဆိုလေ့ရှိကြောင်းကို ကျွန်တော့် ဟောပြောချက်များကို နားထောင်မိသူများ၊ အသံဖမ်းတိတ်ခွေ နားထောင်မိသူများ သတိထားမိကြပါလိမ့်မည်။ လူငယ်တစ်ယောက်က ကျွန်တော်ထံ ရေးလိုက်သော စာတစ်စောင်ကို ဖတ်လိုက်မိသောအခါ ကျွန်တော့်ရင်ထဲတွင် မည်သို့ခံစားမိလိုက်မည်ကို စာဖတ်သူမှန်းဆ ကြည့်နိုင်ပါလိမ့်မည်။ တဆိတ်လောက်ဖတ်ကြည့် လိုက်စမ်းပါဦး ခင်ဗျာ. . .

**Future Publishing House**

www.sagarwarmyae.net



နေ့စွဲ ၁၀. ၁၀. ၉၄

လေးစားအပ်ပါသော ဆရာကြီးခင်ဗျား. . .

ကျွန်တော် ရိုသေစွာ စာရေးလိုက်ပါသည်။

ကျွန်တော်က မြန်မာစာအဓိက ယူထားတဲ့ ကျောင်းသား တစ်ယောက်ပါ ဆရာ။ မိဘတွေက စီးပွားရေး ချို့တဲ့လို့ အဝေးသင်တက္ကသိုလ်ပဲ ယူခဲ့ရပါတယ် ဆရာ။ မိဘရဲ့လက်ငုတ်လက်ရင်း ဖြစ်တဲ့ ကူးသန်း ရောင်းဝယ်ရေးကို လုပ်ရပါတယ်။ အထက်အညာက သနပ်ခါးအစရှိတဲ့ ကုန်မျိုးကို အောက်ပြည်အောက်ရွာ သယ်ပြီးရောင်းချတဲ့ အလုပ်မျိုးပါပဲ။ ဒါကို ပြောလိုက်ရတာက ကျွန်တော်ဟာ အစိုးရဝန်ထမ်း တစ်ယောက် မဟုတ်ကြောင်း သိစေလိုတာကြောင့် ဖြစ်ပါတယ်။

ကျွန်တော် တတိယနှစ် စာမေးပွဲကို ဖြေတဲ့ရက်က ကျွန်တော့် ဆွေမျိုးသားချင်းထဲက တစ်ယောက်က ကျွန်တော့်ကိုပြောသွားတယ် ဆရာရယ်။ "မင်းက ဝန်ထမ်းအလုပ် မဟုတ်ဘဲနဲ့ ဒီဘွဲ့ရတော့ ဘာဖြစ်သွားမှာလဲ၊ ခုခေတ်မှာ ဘွဲ့ရပြီး ထင်းခုတ် စားနေတာတွေ တောင်ရှိနေတယ်။ ပညာလည်း တကယ်တတ်တာလည်း မဟုတ်ဘဲနဲ့၊ မင်းဘွဲ့ရလည်း ဘာမှမဖြစ်ဘူး။ အချိန်ကုန်တာပဲ ရှိတယ်။ ကိုယ့်အလုပ် ကိုယ်လုပ်ပေါ့" တဲ့။

www.sagarwarmyae.net



ပြောသွားတဲ့လူက အစိုးရဝန်ထမ်း တစ်ဦးပါ ဆရာ။ ကျွန်တော် အဲဒီစကားကို ကြားလိုက်ရတော့ အတော့်ကို ခံပြင်းမိတယ်။ ပြေးပြီး ဆွဲထိုးချင်စိတ်တောင် ပေါက်ပါတယ်။ ကိုယ့်ဒေါသကို မနည်းထိန်းချုပ်ထားလိုက်ရပါသည်။

ဒါနဲ့ ကျွန်တော်လည်း စာမေးပွဲအတွက် စာဖတ်ပြီး (၁၁) နာရီလောက် အိပ်ရာဝင်တော့ အိပ်လို့မရတော့ဘူး ဆရာ။ ကျွန်တော့် ရင်ထဲမှာ မကျေနပ်ဘူး ဆရာ။ ဘာကို မကျေနပ်တာလဲ ဆိုတာကိုလည်း မဝေခွဲနိုင်ဘူး။ ကျွန်တော်တို့ မြို့ကို ပြန်ရောက်တော့လည်း ကျွန်တော့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းကလည်း ဒီစကားမျိုးတွေကိုပဲ ပြောကြတယ်။ သူတို့ပြောတာ ဟုတ်သင့်သလောက်လည်း ဟုတ်နေလေတော့ ကျွန်တော့်မှာ ပြန်ပြောစရာစကားလည်း မရှိဘူး။ ဒါပေမယ့် ကိုယ်လုပ်နေတာ မှန်တယ်လို့ ထင်ပါတယ် ဆရာ။ ဒီတော့ လောကကြီးမှာ တစ်ခုခုတော့ မှားနေပြီထင်တယ် ဆရာ။ ဘယ်လိုမှားတယ်၊ မှန်တယ်ဆိုတာ ကျွန်တော့်မှာလည်း ဒွိဟ ဖြစ်နေပါတယ်။

နောက်ပြောင်ပြီး ပြောကြသေးတယ်။ "ဒါဟာ ခေတ်သမယပေါ်မှာ မှီတင်းပြီး နေတာဖြစ်တယ်။ ရေများ ရေနိုင်၊ မီးများ မီးနိုင်ပဲ" တဲ့။ ဒီအကြောင်းနဲ့

www.sagarwarmyae.net



ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ အခုအချိန်ထိ အစိုင်အခဲလို ဖြစ်နေတယ် ဆရာ။ ကျွန်တော့်ကို အသင့်တော်ဆုံး အကြံပေးခြင်းဖြင့် ပြန်ကြားစေလိုပါတယ် ဆရာ။

ရိုသေလေးစားစွာဖြင့်
မောင်ဝင်း

သူ့နာမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ အပြည့်အစုံထည့်ပေးလိုက်ရုံမျှမက စာပြန်ရန် တံဆိပ်ခေါင်းပင် ထည့်လိုက်ပါသေးသည်။ ဤစာတွင်တော့ သူ့အမည်ကို ပြောင်းထားလိုက်ပါသည်။ နေရပ်လိပ်စာကိုလည်း မထည့်လိုက်တော့ပါ။ သူ့အဖြစ်ကို သနားကြင်နာ ကိုယ်ချင်းစာမိသောကြောင့် သူ့ထံသို့ စာပြန်ရေးလိုက်မိပါသည်။ အခြားသော လူငယ်များကိုလည်း ဤသို့ ကြုံနိုင်ဖွယ်ရှိသောကြောင့် ပြန်စာကို ထည့်သွင်းဖော်ပြလိုက်ရပါသည်။

လေးစားခင်မင်စွာ စာပြန်ကြားလိုက်ပါတယ် မောင်ဝင်း

မင်းရဲ့(၁၀-၁၀-၉၄) နေ့စွဲနဲ့စာကို သရဖူက လာပြီးပေးလို့ (၁၆) ရက်နေ့က ရပါတယ်။ ပညာတတ်

www.sagarwarmyae.net



တော့ ဘာဖြစ်နိုင်လို့လဲဆိုတဲ့ စကားမျိုးတွေကိုတော့ ကြားရတာ များလွန်းလို့ ရိုးနေပြီ။ ဘာမှ ထူးထူးထွေထွေ အံ့ဩခြင်း မဖြစ်မိတော့ပါဘူး။ အံ့ဩတာက မင်းရဲ့ ဆွေမျိုးသားချင်းဆိုတဲ့ လူကိုပါပဲ။ ကိုယ့်ဘာသာ ကြိုးစားပြီး စာမေးပွဲဖြေနေတဲ့ ဆွေမျိုးသားချင်း တစ်ယောက်ကို သူမို့လို့ အားအားယားယား ဒီစကားမျိုး ပြောရက်ပလေလို့ အောက်မေ့လိုက်မိတယ်။ မင်း ဆွဲထိုးချင်စိတ် ပေါက်လာတယ်ဆိုတာ မအံ့ဩပါဘူး။ "ဒါဖြင့်ရင် ကျွန်တော်က အရက်ဆိုင် ထိုင်နေရမလား။ ဖဲဝိုင်းသွားနေရမလား။ မူးရစ်ဆေး ရှူနေရမလား" လို့သာ မေးလိုက်ဖို့ ကောင်းတော့တာပဲ။ တစ်ခု သိချင်တာက သူက ဘွဲ့ရသလား၊ ပညာဘယ်လောက်ထိအောင် တတ်ခဲ့သလဲ၊ ဝန်တိုစိတ်နဲ့ ပြောနေသလား ဆိုတာမျိုးတွေထိအောင် ငါဖြင့် လှမ်းပြီးတွေးလိုက်မိသေးတယ်။

ထားလိုက်ပါတော့ကွာ။ ဒီလို လူတွေအကြောင်း ပြောရတာ အသရေမဲ့ပါတယ်။ ကိုယ့်အလုပ်၊ ကိုယ့်ကိစ္စကိုပဲ စဉ်းစားကြတာ ကောင်းပါတယ်။

မင်းရဲ့စာထဲမှာ ပါသလောက်နဲ့ ပြောလိုက်ရမယ်ဆိုရင်၊ မင်းဟာ မိဘ လက်ငုတ်ဖြစ်တဲ့ ကုန်သန်းရောင်းဝယ်မှုကို လုပ်နေတယ်။ ကြွယ်တောင့် ကြွယ်ဝ

www.sagarwarmyae.net



ကြီးမဟုတ်စေကာမူ စားနိုင်သောက်နိုင်၊ ဘဝရပ်တည်နိုင်တယ်။ ပညာကိုဆက်ပြီး ဆည်းပူးချင်တယ်။ တက္ကသိုလ်ကိုတော့ မတက်နိုင်ဘူး။ ဒါကြောင့် အဝေးသင်ကိုပဲ တက်ခဲ့ရတယ်။

ဒါတွေကို ကြည့်လိုက်ရင် မင်းဟာ လေးစားလောက်တဲ့ လူငယ်တစ်ယောက်ဖြစ်နေတာ အမှန်ပဲ။ မိဘလုပ်စာကို အရှက်မရှိ ကပ်မြှောင်စားသောက်ရင်း အရက်သောက်၊ ဖဲရိုက် လေလွင့်နေကြတဲ့ လူငယ်မျိုးတွေကို မင်း မတွေ့ဘူးလား။ ရပ်တကာ ရွာတကာမှာ တွေ့နေရတာပဲ။ အဲဒီလို လူမျိုးတွေနဲ့ စာလိုက်တော့ မင်းအဆင့်ဟာ ဘယ်လောက်မြင့်သလဲ၊ ဘယ်လောက်မာနတက်ဖို့၊ ဂုဏ်ယူဖို့ကောင်းသလဲ။ သိပ်စဉ်းစားနေဖို့မလိုဘဲ သိသာနေတဲ့ ကိစ္စမျိုးပါ မောင်ဝင်းရာ။

မင့် စာမေးပွဲတွေ၊ ဘွဲ့တွေ အသာထားပြီး ယေဘုယျ ဘဝကိစ္စကို စဉ်းစားကြည့်ကြရအောင်။

အသိပညာ၊ အတတ်ပညာ တစ်ခုခုကို ဆည်းပူးနေတာ မကောင်းဘူးလား၊ ကောင်းသလား အဖြေက ရှင်းနေပြီနော်။ ပညာရှိလေ ကောင်းလေပဲ မဟုတ်လား။ နောက်တစ်ခုရှိသေးတာက ဘဝဆိုတာ အချိန်နဲ့ ဖွဲ့စည်းထားတာ မင်းအသက် ဘယ်လောက်ရှိပြီလဲ၊ (၂၇) နှစ်ဆိုပါတော့။ အဲဒီ (၂၇) နှစ်ဆိုတာ အချိန်

www.sagarwarmyae.net



မဟုတ်လို့ ဘာလဲ။ အသက် (၆၀) ဆိုတာကော အချိန်ပဲ မဟုတ်လား။ ဘဝဆိုတာဟာ အချိန်နဲ့ တွဲနေတာ။ ဘဝကိုမြတ်နိုးရင် တန်ဖိုးထားရင် အချိန်ကိုလည်း တန်ဖိုးထားကြရတာပဲ။ အချိန်ကို တန်ဖိုးမထားရင် ဘဝကို တန်ဖိုးမထားရာ အလိုလို ရောက်သွားတာပဲ မဟုတ်လား။

ပညာတစ်ခုခုကို ဆည်းပူးနေတာဟာ အချိန်ကို တန်ဖိုးရှိစွာ ကုန်လွန်နေတာပဲ မဟုတ်လား။ ဘာမှ မလုပ်ဘဲ ဟိုလိုလို၊ ဒီလိုလို၊ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ အချိန်ကို ကုန်လွန်သွားစေတဲ့ လူမျိုးတွေကို မင်းလည်းတွေ့ဖူးမှာပေါ့။ အဲဒီထက်ဆိုးတာကတော့ ဘာမဟုတ်တဲ့ အပျော်အပါးတွေ၊ လောင်းကစားမှုတွေနဲ့ အချိန်ကို ကုန်လွန်စေတဲ့ လူမျိုးတွေပဲပေါ့။

အဲဒီ လူတွေနဲ့ စာလိုက်တော့ လျှို့ဝှက်သည်းဖိုလို၊ သိုင်းဝတ္ထုတို့လို၊ အပေါစား အချစ်ဝတ္ထုတို့လို စာမျိုးတွေကို ဖတ်ပြီး အချိန်ကိုကုန်လွန်စေတဲ့ လူမျိုးကမှ ပိုပြီး တော်သေးတယ် မဟုတ်လား။ ဖတ်ပြီးတော့လည်း မြီးမြီးပျောက်ပျောက်ပဲပေါ့။ ဒါပေမယ့် ခုနက လူမျိုးတွေနဲ့ စာလိုက်ရင် အဲဒီစာပေ အပျော်ဖတ်သမားတွေက ပိုပြီးလေးစားစရာ ကောင်းမနေပေဘူးလား။

နောက်တစ်ဆင့် တက်လိုက်တော့ ဝတ္ထုတို့ ဘာတို့ကို ဖတ်တာတောင် အတွေးအခေါ်ပါတဲ့ ဝတ္ထု၊

www.sagarwarmyae.net



ဘဝကို သရုပ်မှန်မှန်တင်ပြတဲ့ ဝတ္ထုမျိုးကို ဖတ်တယ်။ အတွေးအခေါ် အကြားအမြင်များတဲ့ စာမျိုးတွေကို အလေးအနက်ထားပြီး ဖတ်တယ်၊ မှတ်တယ်။ ဒီလို လူမျိုးကျတော့ ပိုပြီး အဆင့်မြင့်မလာပေဘူးလား။

နောက်တစ်မျိုး ဖတ်ရုံမှတ်ရုံဆိုတဲ့ သာမန်အဆင့် မဟုတ်တော့ဘဲ မှတ်စုတွေ ဘာတွေထုတ်၊ ကူးယူတန်ယူ၊ အဲဒီမှတ်စုလေးတွေကို ပြန်ပြီးဖတ်လိုက်၊ ကိုယ်ပိုင်ဉာဏ်နဲ့ သုံးသပ်လိုက်၊ အာဂုံဆောင်တန်ရင် ဆောင်လိုက် လုပ်တတ်တဲ့လူမျိုးပဲ။ အဲဒီလူမျိုးကတော့ တစ်နေ့မှာ မုချသူ့ဆည်းပူးမှုက သူ့ကိုပြန်ပြီး ကျေးဇူးပြုမှာ အမှန်ပဲလို့ ပြောနိုင်တယ်။

ကောင်းပြီ။ မင်းက အဝေးသင်မှာ ဘာလုပ်ခဲ့ရသလဲ။ တကယ်ကျွမ်းတဲ့ သက်ဆိုင်ရာ ပညာရှင်များက ရွေးပေးထားတဲ့ စာတွေကို ကျုံးပြီးဖတ်ခဲ့ရတယ်။ သူ့တို့ပို့ချချက်တွေကို ဖတ်ပြီး အပြန်ပြန် အလှန်လှန် သုံးသပ်ခဲ့ရတယ်။ မှတ်စုတွေ ထုတ်တန်ရင်ထုတ်၊ အာဂုံဆောင်တန်ရင်ဆောင် လုပ်ခဲ့ရတယ်။ မင်း တကယ်တမ်း ဖတ်ရဲ့လား၊ မှတ်ရဲ့လား၊ ကိုယ်ပိုင်ဉာဏ် သုံးတတ်ပါရဲ့လား ဆိုတာကိုတောင် သူတို့ကစစ်တဲ့ ဆေးတဲ့ မေးခွန်းတွေကို ဖြေဆိုအောင်မြင်ခဲ့လို့ ဒီထိအောင်ရောက်ခဲ့ပြီ မဟုတ်လား။ ဒီတော့ သာမန်

www.sagarwarmyae.net



အပျင်းပြေစာဖတ်တဲ့သူထက် မင်းက ဘယ်လောက် အဆင့်မြင့်နေပြီဆိုတာ မသိသာပေဘူးလား။

ဒါဖြင့် ပညာတွေကို တတ်လိုက်တော့ ဘာလုပ်ရမှာလဲ။ ဒီလိုမေးစရာ ဖြစ်လာပြန်တယ်။ အဲဒီကိစ္စကအလီပေါင်း ကျက်ရသလိုပဲကွ။ အလီပေါင်းတွေကို ရလိုက်တော့ ဘာလုပ်ရမလဲ။ သူ့ချည်းတော့ဖြင့် ဘာမှ တန်ဖိုးမရှိဘူးပေါ့။ သို့သော် မြှောက်စရာ၊ စားစရာ ကိန်းဂဏန်းတွေပေါ်လာမှ အသုံးဝင်လာတာကိုး။ အဲဒီလိုပဲပေါ့။ ဒီလို ပညာမျိုးတွေက ကိုယ်ပိုင်ဉာဏ် သုံးပြီး စဉ်းစားရတဲ့ ကိစ္စမျိုးတွေ၊ ရှေ့နောက် ချင့်ချိန်ရတဲ့ ကိစ္စမျိုးတွေ ကြုံလာတဲ့အခါမှာ ဆင်ခြင်ဖို့ ဉာဏ်ရည် တက်မှန်းမသိ တက်လာစေတာမျိုး ဖြစ်ပါတယ်။ မင်းကိုယ်မင်း ပြန်ပြီး သတိထားကြည့်ပါ။ အဲဒီ အဝေးသင်ပညာကို မင်းမသင်ယူခဲ့ဘူး ဆိုပါတော့။ မသင်ယူခဲ့တဲ့ မောင်ဝင်းနဲ့ သင်ယူလိုက်မိတဲ့ မောင်ဝင်း ဘယ်လို ကွာခြားသွားမယ်ဆိုတာကို ပြန်ပြီးယှဉ်ကြည့်လိုက်ပါ။ အဲဒီတော့မှ မင်းရရှိလိုက်တဲ့ ကျေးဇူးကို သိလာပါလိမ့်မယ်။

အဝေးသင်တက္ကသိုလ်က အောင်တာမို့ အတွင်းမှာ ကျောင်းတက်ပြီး သင်ယူတဲ့ ကျောင်းသားတွေလောက် မတတ်ဘူးလား၊ တတ်သလား ဆိုတာ

မျိုးကတော့ အတော်လေး ပြောဖို့ခက်တယ်။ လူပေါ်မှာ တည်တာပဲလို့ ပြောလိုက်ချင်တာပဲ။ မင်းက တကယ့်ကို လေးလေးနက်နက် ကြေညက်အောင် ဖတ်တယ်၊ မှတ်တယ်၊ သုံးသပ်တယ်ဆိုရင် မင်းလည်း တကယ်တတ်တဲ့ ကျောင်းသားတစ်ယောက်ဖြစ်နိုင်တာပဲ။ ဘွဲ့တစ်ခုပေးလိုက်တာဟာ အပြီးတိုင်အောင် ပညာတတ်သွားပြီလို့ အသိအမှတ်ပြုလိုက်ခြင်း မဟုတ်ဘူး။ ကိုယ့်ဘာသာ ပညာရပ်ကို ဆက်ပြီး လေ့လာချင်ရင် ဆက်လက်လေ့လာဖို့ အခြေခံကောင်းကောင်းကြီး ရသွားပြီလို့ အသိအမှတ်ပြုလိုက်တာပါပဲ။ မင်းက ဆက်ပြီး မရပ်မနားလေ့လာမယ်ဆိုရင် တက္ကသိုလ်ပရိဝုဏ်ထဲမှာ တက်ခဲ့တဲ့ လူတွေထက် တော်သွားနိုင်တာပဲ။ သက်ဆိုင်ရာ ပညာရပ်ရဲ့ အနက်အရှိုင်းကို ရှိုးတိုးရိပ်တိတ်တောင်မှ မသိရင်တော့ ဘယ်ကနေပြီး ဘွဲ့ရနေပစေ အထင်ကြီးစရာ သိပ်မရှိလှဘူးပေါ့ မောင်ဝင်းရာ။ ဘုရားဟောတာကလေး တစ်ခုကို သွားပြီးသတိရမိလို့ ထည့်ပြီး ပြောလိုက်ချင်သေးတယ်။ အတိုချုပ်ကတော့ . . .

**ရဟန်းတို့ အကြင်ရဟန်းသည် ဆင်ခြင်ဉာဏ်မရှိ သတိလက်လွတ် ဖောက်လွဲဖောက်ပြန် ဖြစ်လျက် စောင့်စည်းမှု မရှိအံ့၊ ထိုရဟန်းသည် ငါဘုရား၏**

www.sagarwarmyae.net



သက်နီးစွန်းကို ကိုင်လျက် ငါဘုရား၏ ခြေရာကို နင်း၍ နောက်မှပင်လိုက်သော်လည်း ထိုရဟန်းသည် ငါဘုရားနှင့် ဝေးသည်သာတည်း။ အကြောင်းမူ ထိုရဟန်းသည် တရားကို မမြင်၊ တရားကို မမြင်သော် ငါ ဘုရားကို မမြင်သောကြောင့်တည်း။

ရဟန်းတို့ အကြင်ရဟန်းသည် ဆင်ခြင် ဉာဏ်ရှိလျက် သတိမြဲကာ ဖောက်လွဲဖောက်ပြန် မဖြစ်၊ စောင့်စည်းမှုရှိအံ့၊ ထိုရဟန်းသည် ယူဇနတစ်ရာ ဝေးသော အရပ်၌ပင် နေသော်လည်း ငါဘုရားနှင့် နီးသည်သာတည်း။ အကြောင်းကား ထိုရဟန်းသည် တရားကိုမြင်၏။ တရားကိုမြင်သည်ရှိသော် ငါဘုရားကို မြင်သောကြောင့်တည်း။

ကျန်းမာပျော်ရွှင် အောင်မြင်ပါစေ။

www.sagarwarmyae.net

# သူတို့နှင့် ကျွန်တော်

သူတို့နှင့်ကျွန်တော် တွင် သူတို့ ဆိုသည်မှာ ကျွန်တော်၏ တပည့် ကိုးတန်း၊ ဆယ်တန်း ကျောင်းသားငယ်များကို ဆိုလိုပါသည်ဟု ပထမဆုံး ဆောင်းပါးတွင် ပဋိညာဉ်ပြုခဲ့ပါသည်။ ဒုတိယဆောင်းပါးရောက်တော့ စာပေအဖတ်အရှု ဝါသနာအိုး ကလေးများ၊ အရေးအသား ဝါသနာအိုးကလေးများက သူတို့စာရင်းတွင် ဝင်လာပြန်ပါသည်။ ယခု ဤဆောင်းပါးတွင်တော့ ကျောင်းအုပ်ဆရာကြီး တစ်ယောက်ပါ သူတို့စာရင်းတွင် ဝင်လာပြန်လေပြီကောဟု တွေးပြီး ရေးနေရင်းပင် ပြုံးလိုက်မိပါသည်။

ကျောင်းအုပ်ဆရာကြီးက ကျွန်တော့် ကျောင်းနေဘက် သူငယ်ချင်းဖြစ်ပါသည်။ သူက စနစ်ဟောင်းသိပ္ပံဘွဲ့နှင့် ပညာရေးဘွဲ့ရထားသူဖြစ်ပါသည်။ သူမေးပုံက. . .

www.sagarwarmyae.net



"ကိုအောင်သင်းရေ၊ ခင်ဗျားကို မေးလိုက်ရဦးမယ်။ မြန်မာစာနဲ့ ပတ်သက်လို့ပါပဲ။ ခင်ဗျားသိတဲ့အတိုင်း ကျုပ်က သိပ္ပံနဲ့ဘွဲ့ရထားခဲ့တာ၊ ခက်တာက တချို့ဆရာ၊ ဆရာမတွေက ကျောင်းအုပ်ဆရာကြီးလို့ဆိုရင် မြန်မာစာရော၊ အင်္ဂလိပ်စာရော ဘာမဆို အကုန်သိနေရမယ်များ ထင်နေသလား မသိဘူး။ သင်ခန်းစာထဲမှာ သူတို့မသိတာ ပါနေရင် လာမေးကြတော့တာပဲဗျ၊ အဲဒါ ခင်ဗျားကို မေးမလို့။ နေစမ်းပါဦးဗျ။ 'သဂြိုဟ်' တယ်ဆိုတာ လူသေလို့ မြေမြှုပ်တာ၊ မီးရှို့တာအပြင် ဘာအဓိပ္ပာယ်တွေ ရှိသေးသလဲ။ သူတို့ သင်ခန်းစာမှာ အဲဒီအဓိပ္ပာယ်နဲ့ မကိုက်ဘဲ ဖြစ်နေတယ်။ အဲဒါ ကျုပ်ကို လာပြီး မေးနေလို့ဗျ။ လုပ်စမ်းပါဦး"

သဂြိုဟ်

သူ့စကားဆုံးသည်နှင့် တပြိုင်နက် ကျွန်တော်က ချက်ချင်းသိလိုက်ပါပြီ။ ဒသမတန်း ပင်ရင်း မြန်မာစကားပြေ လက်ရွေးစင်တွင် ရှင်မဟာသီလဝံသ၏ တိုင်းပြည် စည်းကားကြောင်းတရား ခုနှစ်ပါး ကောက်နှုတ်ချက် ပြဋ္ဌာန်းထားပါသည်။ ထိုတရား ခုနှစ်ပါးအနက် အမှုခပ်သိမ်း၌ ညီညွတ်ရခြင်း ဟူသော အချက်တွင်. . .

www.sagarwarmyae.net



*တစ်စုံတစ်ယောက်သော အမျိုးအမတ် မင်းဆွေမင်းမျိုးတွင် အလုပ်အကြံ ချွတ်၍မကိုမလို ဖြတ်လတ်မှုကား သူစိမ်းမြန်လူဟု တစ်ယောက်ကိုသာဝန်မူပဲ ကိုလိုအောင်မူ၍ သဂြိုဟ်ကြ၏။ တစ်ယောက်ယောက်အား မင်္ဂလာ၊ အမင်္ဂလာ ဖြစ်လတ်ငြားတို့သော်လည်း အညီလျှင် ဆင်းရဲချမ်းသာအမှု၌ အဖော်ဖြစ်ကြကုန်၏။ ဤကား အမှုခပ်သိမ်း၌ ညီညွတ်သောအကျင့်တည်း။*

**မြန်လူ** ဆိုသည်မှာ ရှေးဟောင်းစကားဖြစ်၍ သူစိမ်းဟူသော အဓိပ္ပာယ်ပင်ဖြစ်ပါသည်။

မိမိတို့အချင်းချင်း တစ်ယောက်ယောက်တွင် အလုပ်အကိုင် အဆင်မပြေသောကြောင့် ကျပ်တည်းလာလျှင် ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြလျက် သာရေး နာရေးတို့တွင်လည်း ညီညွတ်ဝန်းဝိုင်းကြရမည် ဆိုသည့်သဘောမှာ ထင်ရှားလှပါသည်။

သို့သော်လည်း ဆရာ၊ ဆရာမအဖြစ် သင်ကြားကြရတော့မည် ဆိုသောအခါ စကားလုံးတိုင်း၏ အဓိပ္ပာယ်ကို သိထားနိုင်လေ ကောင်းလေဖြစ်ပါသည်။

သာမန်အားဖြင့် ဆိုလျှင်မူကားအကြောင်းမဟုတ်လှ။ ယခုတော့ 'သဂြိုဟ်' ဟူသော စကားမှာ မြေမြှုပ်ခြင်း၊ မီးရှို့ခြင်းဟူသော သဘောသာ ထင်ရှား

www.sagarwarmyae.net



သောကြောင့် ဆရာ၊ ဆရာမများအဖို့လည်း (ခြေခြေမြစ်မြစ်မသိလျှင်) ရှင်းပြရန် ခက်ပါသည်။ ကျောင်းသားများကလည်း နားမလည်နိုင်အောင်ဖြစ်သောကြောင့် မေးကြ မြန်းကြမည်သာ ဖြစ်ပါသည်။

သိထားလျှင်တော့ အလွန်ကို ရှင်းပါသည်။ မကြာသေးမီက မြန်မာစာအဖွဲ့မှ ထုတ်ဝေလိုက်သည့် မြန်မာအဘိဓာန်တွင် သင်္ဂြိုဟ်ကို ရင်းမြစ်အားဖြင့် သက္ကတစကား 'သင်္ဂြိုဟ်'မှ လာကြောင်း၊ အနက်အားဖြင့် ကူညီထောက်ပံ့ခြင်း ဟူသော သဘောလည်း ရှိကြောင်းကို ဖွင့်ဆိုပြထားပါသည်။ ထို့ကြောင့် မိမိတို့အချင်းချင်းတွင် အကျပ်အတည်းကြုံတွေ့လျှင် ဝိုင်းဝန်းကူညီကြရမည် ဟူသော သဘောသာဖြစ်ကြောင်းကို ရှင်းပြလိုက်ရပါသည်။

သို့သော်လည်း ကျွန်တော့်သူငယ်ချင်းက မကျေနပ်နိုင်ပါ။ သူကလည်း ကျောင်းအုပ်ဆရာကြီးတစ်ယောက်ပေကိုး။

"နေစမ်းပါဦး၊ အဲဒီ ကူညီထောက်ပံ့တာတွေက ဘာကြောင့် သေလို့မြေမြှုပ်တာတွေ၊ မီးရှို့တာတွေကို ရောက်သွားရတာလဲ။ ဆက်ပြီး ပြောစမ်းပါဦး"

"ဒီကိစ္စမှာတော့ ကျုပ်ထင်မြင်ချက်တွေကိုသာ ပြောတော့မယ်ဗျာ။ ဘာကျမ်းကိုး ကျမ်းကားမှ

www.sagarwarmyae.net



တော့ မရှိဘူးဗျာ။ ဒီလိုဗျ လူတွေဟာ အသက်ရှင်နေစဉ်အခါမှာ ကိုယ့်ကိစ္စကိုကိုယ့်ဘာသာ ထိုက်သင့်သလောက် လုပ်နိုင်ကြတယ်ပေါ့ဗျာ၊ ဒါပေမယ့် သေသွားတဲ့ အခါကျတော့ ကိုယ့်ဘာသာကိုယ် မြေမမြှုပ်နိုင်တော့ဘူး။ မီးမရှို့နိုင်တော့ဘူး။ ဒီတော့ သူတစ်ပါးကူညီမှသာ ဖြစ်နိုင်တော့မယ် မဟုတ်လား။ အဲဒါကြောင့် နောက်ဆုံး ထောက်ပံ့ကူညီတဲ့ သဘောမျိုး ဖြစ်လာတယ်လို့ ထင်တာပဲ"

"စကားကပ်တယ်လို့တော့ မထင်နဲ့ပေါ့ဗျာ။ သေသွားတဲ့နောက်မှတော့ သူတို့ဘာသာ မြေမမြှုပ်လည်း ကိုယ်က ဘာသိတော့မှာလဲဗျ"

"ဒီလို မပြောနဲ့လေဗျာ။ သေပြီးတဲ့နောက်မှ ပုပ်ဟောင်ပြီး ခွေးအ စားစား၊ ကျီးအ ထိုးထိုး ဖြစ်နေတာမျိုးကိုတော့လည်း ဘယ်ဖြစ်ချင်ပါ့မလဲ။ သေပြီးမှ မဖွယ်မရာ အဝတ်မဲ့ အစားမဲ့ ဖြစ်နေပြန်တော့လည်း မကောင်းလှပေဘူးပေါ့။ နောက်ပြီး ဒီထက်အရေးကြီးတာက ဘာသာရေး ယုံကြည်ချက်လို ဟာမျိုးပေါ့။ ဆိုကြပါစို့ဗျာ၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာဆိုရင် သေသွားတဲ့သူကို ဘဝကူးကောင်းအောင် သရဏဂုံတင်ကြရတယ်။ ဆွမ်းသွပ် အမျှဝေကြရတယ်။ အဲဒီလိုပဲ ခရစ်ယာန်ဘာသာမှာ ဆိုရင်လည်း ဝတ်ပြုဆုတောင်း

www.sagarwarmyae.net



ကြရတာတွေ၊ ဟိန္ဒူဘာသာမှာဆိုရင်လည်း အရိုးပြာကို ဂင်္ဂါမြစ်ရေမျှော မျှောတာ၊ အစ္စလာမ်ဘာသာ မှာဆိုရင် လည်း သန့်ရှင်းစင်ကြယ်အောင် ရေချိုး သုတ်သင်ပေး ရတာ စသည်အားဖြင့် ရှိကြသေးတာကိုး။ ဒါမျိုးတွေကို သေသူက ကိုယ်တိုင်ဘယ်မှာ လုပ်နိုင်ပါ့မလဲ။ ဒါကြောင့် မိတ်ဆွေသင်္ဂဟများက နောက်ဆုံးနိဂုံး အဖြစ် ဝိုင်းဝန်းကူညီ ထောက်ပံ့ကြတာမို့ သင်္ဂြိုဟ် တယ်လို့ သုံးလာကြတယ် ထင်မိတာပဲ”

“ခုတော့ဖြင့် သင်္ဂြိုဟ်တယ်ဆိုတာ လူသေအ လောင်းကို မြေမြှုပ်တာ၊ မီးရှို့တာဆိုတဲ့ အဓိပ္ပာယ်ပဲ ရှိတော့တယ်နော်”

“အေးပေါ့ဗျာ၊ ဒါကြောင့်လည်း ဘာသာစ ကားဆိုင်ရာ ပညာရှင်များက လူအများသုံးစွဲ အသက် ရှင်နေတဲ့ ဘာသာစကားများမှာ ဝေါဟာရတွေဟာ နယ်ကျဉ်းသွားမှု၊ နယ်ကျယ်လာမှု ရှိနေကြစမြဲ ဖြစ်တယ်လို့ ပြောကြတာပေါ့”

**စာရင်း**

**ဝေါဟာရများ၏ နယ်ကျဉ်းသွားမှု၊ နယ်ကျယ် လာမှု**ကို ပြောလိုက်မိသောကြောင့် စာရင်း ဟူသော စကားလုံးကို သတိရမိပြန်ပါသည်။

www.sagarwarmyae.net



အထက်တွင် ပြောခဲ့သည့် ရှင်မဟာသီလဝံသ၏ **တိုင်းပြည်စည်ကားကြောင်း တရားခုနှစ်ပါးတွင် ပညတ်ပေါင်းကို ကျင့်မြဲ ကျင့်ရခြင်း** ဟူသော အချက်တစ်ခုပါပါသည်။

အတုတ်အခွန် ကင်းခစသည်တို့ကို ရှေးကစဉ်ဆက် ပြဋ္ဌာန်းထားသည့် အတိုင်းသာ ကောက်ခံရမည်ဟူသော အချက်ဖြစ်ပါသည်။ တစ်နေရာတွင် ရေးထားသည်မှာ. . .

**ရှေးကလာသော မင်းစဉ်စာရင်းအလျောက် ကျင့်ပေခြင်းသည်ကား ပြည်ထဲ အစီးအပွားအလို့ငှာ ပေတည်းဟု နှစ်လိုဝမ်းသာ ဖြစ်ကြလေကုန်ရာ၏။**

ကျွန်တော်တို့ ယခုခေတ် နားလည်ပုံမျိုးနှင့်သာ အနက်ကောက်လိုက်မည်ဆိုလျှင် **မင်းစဉ်စာရင်းဆိုသည်မှာ မင်းများ၏ အမည်တို့ကို အစဉ်အတိုင်း စီတန်းရေးချထားသည့် ရေးမှတ်ချက်** ဟုသာနားလည်ပါလိမ့်မည်။

သို့သော် ဆရာတော်၏ဆိုလိုချက်နှင့် မကိုက်ညီကြောင်း သိသာနေပါသည်။ တပည့်များက မေးကြသောကြောင့် ကျွန်တော်လည်း ကြံဆကြည့်ရပါသည်။

ကျွန်တော့်အယူအဆမှာ **စာအရင်း၊ ရင်းမြစ်မူလစာ** ဟု ဆိုလိုသည်ဟု ထင်မိပါသည်။

www.sagarwarmyae.net



ထို့ပြင် ကျွန်တော်တို့ အညာတွင် လူကြီးများ သုံးစွဲတတ်ကြသော **လူချင်းချစ်ရင် သက္ကရာဇ် နာနာကန်** ဟူသော စကားကိုလည်း ပြန်လည် သတိရမိပြန်ပါသည်။

အထူးသဖြင့် ငွေကြေး အချေးအငှား လုပ်ကြရာတွင် ချေးငွေ ဆပ်ငွေ စသည်တို့ကို ရက်စွဲနှင့် တကွ မှတ်ကြသောအခါမျိုးတွင် သုံးလေ့ရှိကြပါသည်။ သူတို့ အသုံးအနှုန်းမှ 'ကန်' ကို မေးကြည့်သောအခါ 'ရေးတာမှတ်တာ' ဟု ပြန်ပြောကြပါသည်။ 'စာရင်းလုပ်သည်' သက္ကရာဇ်ကန်သည်' ဟု ပြောတတ်ကြပါသည်။

ဥပမာအားဖြင့် ငွေတစ်ရာကို ချေးယူလိုက်သည်။ မကြာမီ (၆၀) ကျပ်ကိုပြန်ဆပ်သည်။ ထို့နောက် ငွေ (၄၀) ကျပ် ချေးယူပြန်သည်။ နောက် (၃၀) ပြန်ဆပ်သည်။

ဤသို့အားဖြင့် အချေးအဆပ် ရှုပ်လာသောအခါ မှတ်တမ်းတိကျ မရှိလျှင် ငြင်းကြခုံကြနှင့် လူချင်း မုန်းသွားတတ်ကြပါသည်။ ထို့ကြောင့် ချစ်ခင်နေကြသူချင်း မုန်းမသွားကြရအောင် ဆပ်ငွေပမာဏ၊ နေ့စွဲ ရက်စွဲ အတိအကျကို မှတ်တမ်း တင်ထားကြရန် သတိပေးသောစကား ဖြစ်ပါသည်။

www.sagarwarmyae.net



နောင်အခါ သတိပေါ့လျော့ အငြင်းပွားလာကြလျှင် မိမိတို့ မှတ်သားထားသော 'မူရင်းစာ' 'စာအရင်း' (စာရင်း)ကို ပြန်ပြီး ကြည့်ကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော် ရှင်မဟာသီလဝံသ၏ မင်းစဉ်စာရင်းဆိုသည်မှာ ရှေးမင်းများအစဉ်အဆက် ကျင့်သုံးခဲ့ကြသော မှတ်တမ်းမူရင်းများဟူသော အဓိပ္ပာယ် ရောက်သည်ဟု ကျွန်တော်ယူဆမိပါသည်။

ယခုခေတ် ကျွန်တော်တို့ သုံးစွဲနေကြသည့် စာရင်း၏ အဓိပ္ပာယ်နှင့် နှိုင်းယှဉ်ကြည့်လိုက်မည်ဆိုလျှင် ဝေါဟာရတို့၏ အနက်ရွေ့လျားတတ်ပုံကို သတိပြုမိနိုင်ဖွယ်ရာ ဖြစ်ပါသည်။

ဝန်ကြီးနှင့် ပန်းနံ့သာ

ကျောင်းသားငယ်များ၏ စိန်ခေါ်သော မေးခွန်းများကြောင့် ကျွန်တော့်မှာ အကြံအစည် အသိပညာ မကြာခဏ တိုးရကြောင်းကို ရေးခဲ့ဖူးပါပြီ။ ထိုတိုင်းပြည် စည်းကားကြောင်းတရား ခုနစ်ပါးထဲတွင် ပါဝင်သည့် အမှုခပ်သိမ်း ညီညွတ်ရခြင်း၌. . .

**အမှုခပ်သိမ်း ညီညွတ်သည်၌ကား မင်းထွက်စည်သံကြားက ငါ၏ကိစ္စ ပြုဖွယ်ရှိခဲ့၏။ငါ့အား မင်္ဂလာ**

www.sagarwarmyae.net



**ပြုပါသေး၏ ဟု အချုတ်အယွင်း မရှိစေမူ၍ စားသော အစာ တစ်ဝက်စာခင်းကာသာ လည်းကောင်း၊ ပန်းနံ့သာ တစ်ဝက်လိမ်းခင်းကာသာ လည်းကောင်း သူ့ရှေ့ဦး ငါရောက်အောင် ဟူ၍ မူလာ၍စည်းဝေး၏** ဟူ၍ ရေးထားပါသည်။

ဘုရင်မင်းမြတ် ညီလာခံထွက်တော့မည် ဖြစ်ကြောင်း အသိပေးသည့် စည်သံကိုကြားလျှင် ဝန်ကြီး မှူးကြီးများသည် မိမိတို့လုပ်ဆောင်နေသော အမှုကို ပစ်ချထားခဲ့ပြီး ညီလာခံသဘင်သို့ အလျင်စလို လာကြရမည် ဖြစ်ကြောင်း ဆုံးမထားသည်ကို အလွယ်တကူ တွေ့နိုင်ပါသည်။ သို့သော် ကျောင်းသားတွေ မေးလိုက်ပုံက. .

"ဆရာ၊ ရှေးက ဝန်ကြီး မှူးကြီးတွေက ပန်းတွေဘာတွေ ပန်သလား ဆရာ၊ ရေမွှေးတွေ ဘာတွေ ဆွတ်ကြလို့လား ဆရာ"

ကျွန်တော်လည်း ရုတ်တရက်တော့ ကြောင်သွားပါသည်။ ပြီးမှ စဉ်းစားပြီး ဖြေခဲ့ရသည်။

"ပန်းနံ့သာ လိမ်းတယ်ဆိုတာကြောင့် ပန်းပန်တယ်လို့တော့ မဆိုသင့်ဘူးပေါ့ကွာ။ ပန်းနံ့သာဆိုတာက စံပယ်ဆီတို့ ဒေါနဆီတို့ဆိုရင်ပဲ ပန်းနံ့သာ ခေါ်ကြတာကိုး။ အဲဒီ နံ့သာဆီလိမ်းတာကို ပြောတာပါ။ ငါတို့ မြန်မာ

www.sagarwarmyae.net



မင်းများခေတ်ကလည်း နံ့သာဆီကို အမွှေးအကြိုင် အဖြစ်သာမဟုတ်ပဲ အသားအရေ ကျန်းမာရေး အတွက် လိမ်းခဲ့ကြတာတွေ ရှိပါတယ်။ နောက်ပြီး မင်းတို့ တစ်ခုသတိထားသင့်တာက ဒီ **တိုင်းပြည် စည်ကားကြောင်းတရား ခုနစ်ပါး** ဟာ ဘုရားဟော **အပရိဟာနိယတရား ခုနစ်ပါး** ကို ဘာသာပြန်ထားတာ မဟုတ်လား။ အိန္ဒိယက ဝန်ကြီးမှူးကြီးတွေကို ပဓာန ထားပြီး ဟောကြားခဲ့တာကိုး။ ဒီတော့ ကုလားလူမျိုး တွေ နံ့သာဆီလိမ်းတဲ့အလေ့အထ ခုထက်ထိ ရှိနေကြ တာ မင်းတို့လည်း အသိကြသားပဲ"

ဤသို့လျှင် ကျွန်တော်ကြံဆပြီး ဖြေခဲ့ရ ပါသည်။ ကိုယ့်ဟာကိုယ်တော့ ယုတ္တိတအတန်အသင့် ရှိပြီဟု ယူဆမိသောကြောင့် ဤသို့ ဖြေပေးခဲ့ခြင်းဖြစ်ပါ သည်။ စာဖတ်သူလည်း ချင့်ချိန်ကြည့်နေမည်သာ ဖြစ် ပါသည်။

အထူးသဖြင့် ကျွန်တော့်လို ဒသမတန်း ကျောင်းသားများအား သင်ကြားပို့ချပေးနေရသော ဆရာ၊ ဆရာမများ ဖြစ်လျှင် ပို၍ပင် စိတ်ဝင်စားနေကြ လိမ့်မည်ဟု ထင်မိပါသည်။

# ကြုံခဲ့ရသော စာပေဆွေးနွေးပွဲများ

ဘိုကလေးမြို့နယ် စာပေလုပ်သားအဖွဲ့မှ ကျင်းပသော
စာပေလုပ်သားအဖွဲ့ တတိယအကြိမ်
ဗဟိုမျက်နှာစုံညီအစည်းအဝေး အထိမ်းအမှတ်

ရေးသူဖတ်သူ ဆွေးနွေးပွဲ

၁။ ဦးဆောင်ဆွေးနွေးမည့် စာရေးဆရာ-အောင်သင်း (မဟာဝိဇ္ဇာ)
၂။ ဆွေးနွေးမည့်နေ့ရက်- ( ၁၆၊၃၊ ၈၈) ဗုဒ္ဓဟူးနေ့
နံနက် (၁၁း၀၀) နာရီ
၃။ နေရာ - မြင့်ရတနာ ခန်းမ

အထက်ပါတို့မှာ မေးခွန်းလွှာပုံစံတွင် ရိုက်နှိပ်ထားသော ခေါင်းစီးဖြစ်ပါသည်။ ဆွေးနွေးမည့် အကြောင်းအရာ၊ ဆွေးနွေးသူ၏ လက်မှတ်၊ အမည်၊ နေရပ် စသည်အားဖြင့် အားလုံးကိုစနစ်တကျ ပြုလုပ်ထားပါသည်။

**Future Publishing House**

www.sagarwarmyae.net



မေးခွန်းများကို သိမ်းထားခဲ့သည့်အတိုင်း ပြန်ပြီး ဖတ်ကြည့်နေမိပါသည်။ ထိုကဲ့သို့ ဖတ်နေရင်းပင် ကျွန်တော့်စာပေဘဝလမ်းကြောင်း ပြောင်းလာပုံကိုလည်း သတိပြုမိလိုက်ပါသည်။ ထိုစဉ်ကနှင့် ဘာမှ မဆိုင်တော့ပြီ ဟုပြောလောက်အောင်ပင် ခြားနားနေသည်။ ယခု ကျွန်တော်ကြုံလိုက်ရသော မေးခွန်းများမှာ ဘဝပြဿနာများ၊ ပညာရေးပြဿနာများ၊ ဘဝရည်မှန်းချက်၊ ဘဝတိုးတက်မှု စသည်တို့သာလျှင် လုံးလုံး ဖြစ်နေတော့သည်။

**မိုးမိုး(အင်းလျား) အမှတ်တရ အမေ့ဆွေးနွေးပွဲ** တို့မှစပြီး ကျွန်တော်စာပေဘဝလမ်းကြောင်းကြီး ပြောင်းသွားလိုက်လေရော့သလားဟုပင် အောက်မေ့နေမိပါသည်။

တစ်ခါတစ်ရံ ယခုတစ်လော ပြောဆိုဆွေးနွေးနေကြသည့် စာပေရေးရာကိစ္စများကို စိတ်ဝင်တစား ဖတ်ကြည့်လိုက်မိရင်း ကိုယ်တွေးတောမိသမျှလေးကို ဝင်ရောက်ဆွေးနွေးလိုစိတ် ပေါ်မိတတ်ပါသည်။ သို့သော် ခေတ္တမျှသာဖြစ်ပြီး မေ့မေ့ပျောက်ပျောက် ဖြစ်သွားတတ်ပါသည်။ ထို့ကြောင့် ကျွန်တော့် **စိတ်အထာ** ကိုယ်တိုင်ကလည်း နေရာပြောင်းသွားလေရော့သလားဟုပင် အောက်မေ့နေမိပါသည်။

www.sagarwarmyae.net



သရဖူက ကျွန်တော့်အိမ်ရှိ စာရွက်စာတမ်း အစုံထုပ်ကြီးကို ကောက်ကြည့်လိုက်မိရာမှစ၍ ဤအမေးအဖြေများကို ပြန်လည်ထည့်သွင်းလိုကြောင်း ပြောကြားလာသည်ကို ကျွန်တော်ကလည်း "ရေးပေးတာပေါ့" ဟုခပ်လွယ်လွယ်ပင် ကတိပြုလိုက်မိသည်။ ယခင်တစ်ပတ်က ပါသွားသော ကာတွန်းဆရာများနှင့် ပြဿနာကတော့ ရေးသားခဲ့သည်မှာ ကြာလှပါပြီ။ စာမူ အနားစလေးများကိုပင် ပိုးကိုက်ထားသည်ကို တွေ့ရသည်။ ထိုစဉ်က ပေဖူးလွှာတွင် ထည့်သွင်းရန် ရေးထားခဲ့ခြင်း ဖြစ်သည်။ သို့သော် ပေဖူးလွှာက "လောလောဆယ်မထည့်ပါနှင့်ဦး" ဟု ဆိုင်းထားသောကြောင့်သာ ကျွန်တော့်လက်ထဲတွင် ရှိနေခြင်း ဖြစ်သည်။

မေးခွန်းလေးတွေ ဆက်ပြီး ကြည့်ပါဦး။

**ဆရာ ခင်ဗျား. . .**

မဂ္ဂဇင်းစာစောင်များ အများအပြားထွက်ရှိလာကြရာ လူထုအကျိုးပြုနှင့် အကျိုးမပြုသော မဂ္ဂဇင်းများကို တွေ့ရပါသည်။ ဥပမာ- အချို့မဂ္ဂဇင်းများမှာ ရုပ်ရှင်မင်းသား၊ မင်းသမီးတို့ မွေးနေ့ပွဲ၊ မင်္ဂလာဆောင်၊ တစ်နေ့တာ လုပ်ငန်း၊ ဈေးဝယ်ထွက်ခြင်း၊ ခရီးထွက်ခြင်းများ လောက်ကိုသာ ဓာတ်ပုံတွေ ဝေဝေဆာဆာနှင့် ဖော်ပြနေကြပါသည်။ စာဖတ်ပရိသတ်

www.sagarwarmyae.net



တော်တော် များများကလည်း အလုအယက် ငှားဖတ်ကြပါသည်။

ပညာတန်ဆောင်မဂ္ဂဇင်း၊ သုတစာစောင်၊ တို့ကျောင်းသား၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ပညာပေးဆောင်းပါးများကို ငှားဖတ်သူ အရမ်းနည်းပါးသည်ကို တွေ့ရပါသည်။ အဘယ့်ကြောင့်နည်း. . .

ကျွန်တော်ဖြေခဲ့တာက. . .

"ဒီမေးခွန်းထဲမှာ ပါလာသလို အများကြိုက် စာစောင်မဂ္ဂဇင်း ဆိုတာမျိုးဟာ ကျွန်တော်တို့ ဆီမှာသာ ရှိတာမဟုတ်ပါဘူး။ တခြားတိုင်းပြည်တွေမှာလည်း ရှိနေတာပါပဲ။ အဲဒီလို စာစောင်မျိုးတွေက ပိုပြီး အရောင်းရသွက် တွင်ကျယ်နေတာဟာ ထူးဆန်းတဲ့ကိစ္စ မဟုတ်တော့ပါဘူး။

အဲဒီလို စာမျိုးတွေကိုသာ ဖတ်နေကြတယ် ဆိုပြီးတော့လည်း သူတို့လူမျိုးအားလုံးကို သိမ်းကျုံး အထင်သေးလို့တော့ မဖြစ်ပေဘူးလို့ ထင်ပါတယ်။ သူတို့ တစ်ဦးချင်းတွေရဲ့ ဘဝကိုပါ ထည့်ပြီးစဉ်းစားရပါလိမ့်မယ်။ သူတို့မှာလည်း သူတို့ဟာသူတို့ ဘဝအတွက် ရုန်းကန် လှုပ်ရှားနေတာမျိုး ရှိနိုင်တာပါပဲ။ တစ်နေ့တာ ပင်ပင်ပန်းပန်း လှုပ်ရှားပြီးတဲ့အခါမှာ အပန်းဖြေစရာ တစ်ခုခုတော့ ရှာကြမှာပေါ့။ ခြင်းလုံးခတ်မယ်၊ ကျားထိုး

www.sagarwarmyae.net



မယ်၊ ဂစ်တာတီးမယ်၊ ရုပ်ရှင်ကြည့်မယ်၊ သီချင်းဆိုမယ် စသည်အားဖြင့် အမျိုးမျိုးရှိကြမှာပေါ့။

အဲ . . . မိန်းကလေးတွေမှာတော့ဖြင့် ယောကျ်ားလေးတွေလောက် အပန်းဖြေဖို့ နည်းလမ်း မများလှပေဘူး။ ဒီတော့ ရုပ်ရှင်ကြည့်မယ်၊ စာဖတ် မယ်ပေါ့။ သူတို့ စာဖတ်တာကိုက အပန်းဖြေဖို့ ဖတ် တာပဲ။ ခင်ဗျားရဲ့ ရည်ရွယ်ချက်နဲ့ တူချင်မှ တူပေမပေါ့။ ဘယ်လိုစာမျိုးကို ဖတ်သည်ဖြစ်စေ ယောကျ်ားလေး တွေ အပန်းဖြေ အရက်သောက်တာလောက်တော့ အဆိုးနိုင်ပါဘူး။ အဲဒီလိုပဲ တချို့ယောကျ်ားလေးတွေ မှာလည်း မိမိဘဝရပ်တည်မှုအတွက် ဆိုက်ကားနင်း တာလို၊ မော်တော်ကားစပယ်ယာ လုပ်တာလို၊ ဆံပင် ညှပ်တာလို အလုပ်မျိုးတွေကို လုပ်ကိုင်ရတာ ရှိမှာပေါ့။ အားလပ်တဲ့အချိန်မှာ စာဖတ်တာကို အပန်းဖြေနည်း အဖြစ် ရွေးချင်ရွေးမှာပေါ့။ သူကို အပေါစား၊ အပေ့စား စာပေကို ဖတ်ရမလားလို့ အပြစ်တင်လို့တော့ မဖြစ် ပေဘူးထင်ပါတယ်။

ဒီနေရာမှာ စကားစပ်မိလာလို့ ပြောလိုက် ချင်ပါသေးတယ်။ ရသစာပေမှာ အဆင့်မြင့်ဝတ္ထုတို့၊ အဆင့်မြင့်ကဗျာတို့လို ရသစာပေကိုဖတ်တဲ့ လူငယ် တွေဟာ အပေ့စား လျှို့ဝှက်သည်းဖိုဝတ္ထုတို့ကို စာမျိုး

www.sagarwarmyae.net



တွေ ဖတ်နေတဲ့သူတွေကို အထင်သေးချင်သလိုလို ဖြစ်မိတတ်ကြတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ခပ်ငယ်ငယ်က အဲဒီလို သဘောထားမျိုး အတန်အသင့် ရှိခဲ့ဖူးပါတယ်။ နောက်တော့မှ. . . သဘောပေါက်လာတယ်။ **ကျွန်တော်တို့က စာပေကို အနုပညာခံစားမှု သဘောနဲ့ ဖတ်ကြတာ။ သူတို့က အပန်းဖြေတာ။ ရည်ရွယ်ချက်ချင်း သိပ်မတူကြဘူးဆိုတာကို သတိပြုသင့်တယ်လို့ အောက်မေ့မိပါတယ်။**

အပန်းဖြေကြတာ မဟုတ်လား။ ဒီတော့ စာပေနဲ့ အပန်းဖြေတဲ့သူရှိတယ်။ ရုပ်ရှင်နဲ့ အပန်းဖြေတဲ့သူ ရှိတယ်။ ဘယ်ပရိသတ်က ပိုများသလဲ။ ရုပ်ရှင်ပရိသတ်က ပိုများတယ် ဆိုရမှာပေါ့။

ပညာတန်ဆောင်တို့၊ သုတစာစောင်တို့ကို ဖတ်တဲ့သူနည်းပါးတာကတော့ သိပ်ပြီး ထူးဆန်းလှတာ မဟုတ်ပါဘူး။ ဒီခေတ်မှာသာ မဟုတ်ပါဘူး။ ဘယ်ခေတ်မဆို ဒီလိုပဲ ဖြစ်နေမှာပဲ။ အသိသုတ ဆည်းပူးလိုတဲ့သူက အမြဲ နည်းနေမှာပါ။ အဲဒီအတွက်ကို သိပ်ပြီး စိတ်ပူနေစရာ မလိုဘူးလို့ ထင်ပါတယ်။

လောကကြီးမှာ အမှတ်မထင် နေသွားတဲ့သူနဲ့ ပတ်ဝန်းကျင်ကို သတိပြုသုံးသပ်နေတဲ့သူ ဘယ်သူက ပိုများလဲ။ အကျိုးသင့်အကြောင်းသင့် စဉ်းစား

www.sagarwarmyae.net



တတ်တဲ့သူနဲ့ သူများပြောတာကို စွတ်ပြီးသုံးတဲ့သူ ဘယ်သူက ပိုများသလဲ။ စဉ်းစားကြည့်ပေါ့။ ဒါကြောင့် ပျောက်စေဆရာလို ဟာမျိုးတွေ၊ ကွဒ္ဒိလိမ်၊ သိဒ္ဓိလိမ် ဆိုတာမျိုးတွေဟာ ဘယ်တော့မှ ခေတ်အကုန်နိုင်ဘူး လို့ ဆိုရမှာပါပဲ။

ဒီတော့ အပေါစားဖျော်ဖြေရေး စာပေတွေ ဟာ ဘယ်တော့မှ ခေတ်မကုန်ဘူးလို့သာ အောက်မေ့ လိုက်ပါတော့။ သို့သော်လည်း အဲဒါမျိုးတွေချည်း ထွန်းကားပြီး စာကောင်းပေမွန်တွေ ထွက်မလာတော့ ဘူးဆိုရင်တော့ကောလို့ မေးစရာရှိပါတယ်။ အဲဒီလို ဖြစ်လာတော့လဲ ဝိုင်းဝန်းလုပ်ကိုင်လာကြတာပါပဲ။ ဒီ လောက်ဆိုရင် ကျေနပ်လောက်ကြပြီလို့ ထင်ပါတယ်။

ဆရာ ခင်ဗျား. . .

ဆရာ့ကို စာပေဝေဖန်ရေးဆရာတစ်ယောက် ဟု သိထားပါသည်။ စာပေဝေဖန်ရေးသမားဟူသည် 'အနုပညာသမား' ဖြစ်ပါသလား။ သို့မဟုတ် ဖြစ်နိုင် ပါသလား။ ထို့ထက် ဆရာ့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် အနုပညာသမားလို့ ခံယူထားပါသလား။ အကယ်၍ ခံယူထားပါသည်ဆိုလျှင် မည်သည့် အနုပညာရပ်ကို ဖန်တီးခဲ့ဖူးပါသလဲ။

www.sagarwarmyae.net



**စာပေဝေဖန်ရေးသမားဆိုတာ အနုပညာသမား** ဖြစ်ပါသလား တဲ့။ ပထမဆုံး ဝေဖန်ရေးသမားဆိုတာကို စဉ်းစားကြည့်ရအောင်။ စာပေရယ်လို့ မကန့်သတ်ပဲ **ဝေဖန်ရေး** ဆိုတာ စဉ်းစားကြည့်ကြစို့။

အားလုံးသိကြတဲ့အတိုင်း မြတ်စွာဘုရားသခင်ကိုယ်တော်တိုင်က သူတစ်ပါးပြောသမျှ ရေးသမျှကို မျက်စိမှိတ်ပြီး မယုံဘဲ ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ဝေဖန်သုံးသပ်ရမယ်လို့ ကာလာမသုတ်မှာ ဆုံးမခဲ့ဖူးပါတယ်။ ဘုရားရှင် ရည်ရွယ်တော်မူတာကတော့ တွေးခေါ် မြော်မြင်မှု၊ နိဗ္ဗာန်ရောက်မှု သစ္စာတရားနဲ့ ပတ်သက်ပြီး မိန့်တော်မူတာပါ။ အဲဒီမှာလည်း ဝေဖန်မှုရှိတာပါပဲ။ ဒဿန ဝေဖန်မှုလို့ ဆိုရမှာပေါ့။

အဲဒီလိုပဲ. . . နိုင်ငံရေးမှာ ဆိုရင်ကောဝေဖန်မှု မရှိဘူးလား။ ဒီနေ့ သတင်းစာ တစ်စောင်ကို ကောက်ပြီး ဖတ်လိုက်မယ်ဆိုရင်၊ ရေဒီယို နားထောင်လိုက်နယ်ဆိုရင်၊ ဝေဖန်မှုတွေရှိနေတာပဲ မဟုတ်လား။ နိုင်ငံရေးဝေဖန်မှုလို့ ဆိုရမှာပေါ့။

အဲဒီလိုပဲ ရုပ်ရှင်လောက၊ ဂီတလောကမှာလည်း ဝေဖန်မှုတော့ ရှိနေကြတာပဲ။ ဆိုလိုတာက ဘယ်လောကမှာမဆို ဝေဖန်မှု၊ ပိုင်းခြားမှု ဆိုတာ ရှိနေကြတာပဲ။ ဆရာကြီးဇေယျ ပြောသလိုသာ ပြောရ

www.sagarwarmyae.net



မယ်ဆိုရင် ဘူးသီးကြော်လေးတစ်ခု ဝယ်တာတောင်မှ 'ရော့ ပိုက်ဆံနှစ်ပြား၊ ပေး ဘူးသီးကြော်တစ်ခု' လို့ အလွယ်တကူ ကောက်ယူသွားတာမှ မဟုတ်ဘဲ။ ဘယ်အကော်လေးက ပိုကောင်းသလဲ ဆိုပြီးဝယ်ကြတယ် မဟုတ်လား။ ပြောချင်တာက ဝေဖန်ရေးဆိုတာ အမြဲရှိနေတယ်လို့ ပြောချင်တာပါ။

ကောင်းပြီ၊ နိုင်ငံရေးကို ဝေဖန်ပြီဆိုပါတော့။ ဝေဖန်တဲ့သူကလည်း နိုင်ငံရေး အသိအမြင်တော့ ထိုက်သင့်သလောက်ရှိရမှာပေါ့။ သူ ကိုယ်တိုင်ကတော့ နိုင်ငံရေးနယ်ပယ်မှာ လက်တွေ့ဝင်ပြီး လုပ်နေသူ ဟုတ်ချင်မှ ဟုတ်မှာပေါ့။ ဥပမာ ဆိုကြပါစို့၊ **ဂျာနယ်ကျော် ဦးချစ်မောင်** ဆိုရင် နိုင်ငံရေးဝေဖန်မှုတွေ အများကြီး လုပ်ခဲ့တာပေါ့။ ဒါပေမယ့် သူကိုယ်တိုင် နိုင်ငံရေးကို ဝင်ပြီးမလုပ်ခဲ့ဘူး။

**ဆရာကြီး ရွှေဥဒေါင်း** ဆိုရင်လည်း နိုင်ငံရေးခေါင်းဆောင်ကြီးတွေကို အများကြီး ဝေဖန်ရေးသားခဲ့ဖူးတာပါပဲ။ ဒါပေမယ့် ဘယ်နိုင်ငံရေး အဖွဲ့အစည်းထဲကိုမှ ပါဝင်လုပ်ဆောင်ခြင်း မပြုခဲ့ပါဘူး။ မဟာဆွေဆိုရင်လည်း ထိုနည်းလည်းကောင်းပါပဲ။ ဒါပေမယ့် သူတို့မှာ သက်ဆိုင်ရာ နိုင်ငံရေးအသိအမြင် ရှိနေကြလို့ သူတို့ဝေဖန်ရေးကို အသိအမှတ်ပြုပြီး လေးစားခဲ့ရ

www.sagarwarmyae.net



တယ်လို့ ဆိုနိုင်ပါတယ်။

ကျွန်တော်တို့ စာပေနယ်ကို ကြည့်လိုက်ကြရအောင်။ ရသစာပေနယ်မှာ ကျွန်တော် သတိထားမိတဲ့ ပုဂ္ဂိုလ်တစ်ယောက်အကြောင်းကို ပြောချင်ပါတယ်။ သူကတော့ ယောအတွင်းဝန် ဦးဖိုးလှိုင်ပါပဲ။ အားလုံးသိကြတဲ့အတိုင်း ယောမင်းကြီးဟာ အသိပညာရှင်၊ သိပ္ပံပညာရှင်၊ နိုင်ငံရေး သိပ္ပံပညာရှင်လို့ ဆိုနိုင်တဲ့ ပုဂ္ဂိုလ်မျိုးပါ။ ရသစာပေအနေနဲ့တော့ ကဗျာစသည်တို့ကို ရေးသားခဲ့ဖူးတယ်လို့ ကျွန်တော် မတွေ့မိပါဘူး။ ဒါပေမယ့် အလင်္ကာနိဿယကျမ်းကို ပြုစုခဲ့ဖူးပါတယ်။ အလင်္ကာနိဿယ ဆိုတာဟာ ရသဘောအခြေခံကိုဖွင့်ပြရုံသာ မဟုတ်ပါဘူး၊ အပြစ်ဒေါသတွေကို ထုတ်ဖော်ရှာဖွေပြတဲ့ ကျမ်းကြီးလည်း ဖြစ်ပါတယ်။ ဝေဖန်ရေးပါပဲ။ စကားစပ်မိလို့ ပြောလိုက်ရဦးမယ်။ ကင်းဝန်မင်းကြီးက နေမိရကန်တို့ ဘာတို့ရေးနေတယ်ဆိုတာကို ကြားရတော့ ယောမင်းကြီးက "ကိုကောင်းတို့လည်း ကဗျာလင်္ကာတွေ ဖွဲ့နေတယ်လို့ ကြားရတယ်။ အဲဒီလိုဆိုရင် ကျုပ်တို့ရေးထားတဲ့ အလင်္ကာကျမ်းလေး ဘာလေးကိုလည်း ဖတ်ကြည့်ဦးဗျ" လို့ မိန့်ကြားခဲ့ဖူးတယ်လို့ ဆိုပါတယ်။ နောက်ပြီး ကိုရင်ပေါက်စလေး အရွယ်မျှသာ ရှိနေသေးတဲ့ လယ်တီ

www.sagarwarmyae.net



ဆရာတော်လောင်းလျှာလေးဟာ ယောမင်းကြီးအိမ်ကို မကြာခဏ ရောက်ရောက် လာတတ်တယ်။ ကြာတော့ "ကိုရင်လေး ဘာကြောင့် ခဏခဏ လာနေသလဲ ဘုရား" လို့ မေးတော့ ကဗျာဖွဲ့နည်း သင်ချင်လို့ပါလို့ ပြောတာနဲ့ နည်းပေးလမ်းပြ လုပ်ပေးလိုက်သေးတယ် ဆိုတာကို တွေ့ဖူးဖတ်ဖူးကြပါလိမ့်မယ်။ ကဗျာအနုပညာကို ကိုယ်တိုင်ရေးဖွဲ့သူပင် မဟုတ်သော်လည်း ကဗျာသဘောတရားကို သိနေသူ တစ်ယောက်က ကဗျာဝေဖန်မှု ပြုနိုင်တယ်။ သူ့ဝေဖန်သုံးသပ်မှုကို လည်း တလေးတစား နားထောင်ကြတယ် ဆိုတာ အလွန်ထင်ရှားပါတယ်။

အနုပညာကို ကိုယ်တိုင်ဖန်တီးနိုင်စွမ်း ရှိသူ၊ ဖန်တီးနေသူကလည်း ဝေဖန်နိုင်တာပါပဲ။ **ဒါပေမယ့် ဝေဖန်ရေးဟာ အနုပညာ မဟုတ်ပါဘူး။ တတ်နိုင်သမျှ သိပ္ပံနည်းကျဖြစ်အောင် ကြိုးပမ်းဆန်းစစ်နေခြင်းသာ ဖြစ်ပါတယ်။** ဥပမာ သိပ္ပံမောင်ဝဟာ ရသစာပေ အတော်များများကို ရေးခဲ့ပါတယ်။ အဲဒီလိုပဲ စာပေဝေဖန်ရေး ဆောင်းပါးတွေလည်း မြောက်မြားစွာရေးခဲ့ ပါတယ်။ ဒါပေမယ့် ဖန်တီးထားတဲ့ ရသစာပေက တခြား၊ ဝေဖန်ရေးတခြား သီးခြားစီရှိနေတယ်လို့ ကျွန်တော် နားလည်ပါတယ်။

www.sagarwarmyae.net



**"ဆရာ့ကိုယ်ဆရာ အနုပညာသမားလို့ ခံယူထားပါသလား"** တဲ့။ ဒီမေးခွန်းကတော့ ကျွန်တော်ကိုယ်တိုင်ရဲ့အယူအဆကို မေးထားတာ ဖြစ်လာပြီ။

နောက်ပြီး **"မည်သည့် အနုပညာမျိုးကို ဖန်တီးခဲ့ဖူးပါသလဲ"** တဲ့။ ရသစာပေကို ဆိုလိုတာပေါ့နော်။ အတန်အသင့်လောက်တော့ ရေးခဲ့ဖူးပါတယ်။ **ရသစာတမ်းငယ်ဆိုပါတော့။** ခင်ဗျားတို့တောင် အလယ်တန်း၊ အထက်တန်းတွေမှာ သင်ခဲ့ရဦးမလား မသိဘူး။ **ရွှေယုန်နှင့်ရွှေကျား** တို့ **ချိုတကူးနှင့် ဂုဏ်ရည်မတူ** တို့ ဆိုတာမျိုးတွေ ကျွန်တော် ရေးခဲ့ဖူးပါတယ်။

ဒါပေမယ့် ကျွန်တော့်ကိုယ် ကျွန်တော်ပြန်ပြီး စစ်ဆေး ကြည့်လိုက်တဲ့အခါမှာ အနုပညာကို ဖန်တီးခြင်းထက် ဟိုဟိုဒီဒီကိစ္စရပ်တွေကို ကျိုးကြောင်းကျကျ စဉ်းစားနေရခြင်းမှာ ပိုပြီးပျော်မွေ့ပါတယ်။ နောက်ပြီး အသက်နည်းနည်း ကြီးလာလေလေ၊ ရသစာပေ ဖတ်ရှုမှုမှာ အာရုံနည်းပါးလာလေလေ ဖြစ်တာကြောင့် ကိုယ့်ကိုယ်ကိုယ် "အနုပညာသမား" ရယ်လို့ မထင်မိဘူးလို့ ပြောချင်ပါတယ်။ ဒီလောက်ဆိုရင် ကျေနပ်လောက်ပြီလို့ ထင်ပါတယ်။

# အဆိပ်အတောက်စာပေသစ်

လွန်ခဲ့သော နှစ်နှစ်သုံးနှစ်ခန့်က မြန်မာပြည် အလယ်ပိုင်းမြို့ကြီးတစ်မြို့တွင် စာပေဟောပြောပွဲ ပြုလုပ်ရာ အထက်မြန်မာနိုင်ငံက ကဗျာဆရာတစ်ဦး နှင့်အတူတွဲ၍ ဟောပြောခွင့်ကြုံခဲ့ရပါသည်။ သူက အထက်မြန်မာနိုင်ငံမှ ထိုမြို့သို့ဆင်းလာ၍ ကျွန်တော်က ရန်ကုန်မှ တက်သွားခဲ့ခြင်း ဖြစ်ပါသည်။

သူ ဟောပြောခဲ့သည့် အချက်တစ်ခုကို တွေး မိတိုင်း ဘဝင်မကျ ရှိလှသောကြောင့် ဤဆောင်းပါးကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးအရဆိုလျှင် သူ့ကို ကျွန်တော့်အနေနှင့် ဘာမှ ပြောရန်မရှိပါ။ သူ ဟောပြောလိုက်သည့် အကြောင်းအရာနှင့် ပတ်သက် ၍သာလျှင် ပြောလိုခြင်း ဖြစ်ပါသည်။

သူက ကဗျာအကြောင်းကို ပြောခြင်းဖြစ်ပါ သည်။ ကဗျာများကို ဌာန်ကရိုင်းကျကျ ဒေါနှင့်မာန်နှင့် ရွတ်ဆို ဟောပြောသွားရာ စိတ်ဝင်စားဖွယ်လည်း ကောင်းလှပေသည်။ စိန္တကျော်သူ၏ ခနဲ့ဖြူတွင်ချိရတု

www.sagarwarmyae.net



အကြောင်းကိုလည်း ထည့်သွင်းဟောပြောသွားပါသည်။ ဝဲဝိုက်ကလိုင်၊ မနိုင်ခိုင်းမက်၊ ပွဲတက်မစား၊ ထိုးဝါးမမိ၊ ခတ်ချိမပါ၊ ရေးကြီးရာတွင် ဟူသော စကားရပ်များတွင် မနိုင်ခိုင်းမက် ဟူသောစကားကို ရှင်းပြပါသည်။

ခိုင်းသည်၊ မက်သည် ဟူသော ဝေါဟာရများမှာ လှေသမား ဝေါဟာရများ ဖြစ်သည်ဟုဆိုပါသည်။ ယခုပြန်ပြီးစဉ်းစားကြည့်တော့ ကျွန်တော်လည်း ခပ်မှေ့မှေ့ပင် ဖြစ်နေပါသည်။ သတိရသလောက် ပြန်ပြီးရေးရလျှင် လှေကိုခတ်သည့်အခါ တက်ခတ်သည့် ဘက်သို့ ကွေ့လျှင်ခိုင်းသည်၊ တခြားဘက်သို့ကွေ့လျှင် မက်သည်ဟု ခေါ်ဝေါ်ကြောင်းဆိုသည့် သဘောမျိုးပင်ဖြစ်ပါသည်။ (ကျွန်တော် အမှတ်အသား လွဲကောင်းလွဲပါမည်။ သေချာမမှတ်မိတော့ပါ၊) ဤဝေါဟာရကို ကျွန်တော်တို့ ကောင်းကောင်းမသိကြပါ။ ကျွန်တော်တို့ကို ဆရာ့ဆရာကြီးများ သင်ကြားပို့ချခဲ့စဉ်ကလည်း လှေကို မိမိစိတ်ကြိုက်လိုသလို ထိန်းသိမ်းမရနိုင်ဘဲဖြစ်နေကြောင်းလောက်ကိုသာ သင်ကြားပို့ချသွားပါသည်။

ထိုဝေါဟာရများအကြောင်း ရှင်းပြသည့်ကိစ္စကို ကျွန်တော်ဘာမှ မပြောလိုပါ။ ထိုသို့ ရှင်းပြလိုက်ပြီး သူဆက်ပြောလိုက်သေ မှတ်ချက်ကိုသာလျှင် ဆွေးနွေးတင်ပြလိုခြင်း ဖြစ်ပါသည်။ သူက. . .

www.sagarwarmyae.net



"ကျွန်တော်ဟာ တက္ကသိုလ်မှာလည်း ဒီကဗျာကို သင်ယူခဲ့ဖူးပါတယ်။ ဆရာကြီးများဟာ ဒီဝေါဟာရတွေကို ရေရေရာရာ တိတိကျကျ မပြောနိုင်ကြပါဘူး။ ကျွန်တော်ကိုယ်တိုင် အကြောင်းအားလျော်စွာ လှေသမားတွေ၊ ရေလုပ်သားတွေရဲ့ လောကမှာ ခေတ္တနေခဲ့ရတော့မှ ဒါတွေကို နားလည်လာခဲ့ရပါတယ်။ ကျွန်တော်ပြောချင်တာက တက္ကသိုလ်က ပညာရှင်ကြီးတွေ၊ ပါမောက္ခကြီးတွေ သင်မပေးနိုင်တဲ့ ပညာကို ပြည်သူတွေကသာလျှင် သင်ပေးနိုင်ခဲ့တယ်"

နောက်ဆုံးစကားများကို ပြောသောအခါ အသံကိုမြှင့်ပြီး ခွန်နှင့်အားနှင့် ဒေါမာန်ပါပါပြောချလိုက်ပါသည်။

ကျွန်တော်က ဟောပြောပွဲပရိသတ်၏ ရှေ့တန်း စာရေးဆရာများ၏နေရာတွင် အခြားစာရေးဆရာတစ်ယောက်နှင့်အတူ ထိုင်နေပါသည်။ ကျွန်တော် တက္ကသိုလ် မြန်မာစာဌာနတွင် အမှုထမ်းခဲ့ကြောင်းကို အများသိကြပါသည်။ ကျွန်တော့်ကို ရှေ့မှာထားပြီး ဤစကားများကို ပြောဟောလိုက်ခြင်းသည် ကျွန်တော့်ကို လှမ်းပြီး 'ခတ်' လိုက်ခြင်းဖြစ်သည်ဟု ထင်စရာအကြောင်းရှိပါသည်။ ထိုသို့ မဟုတ်ပါ။ ကျွန်တော့်ကို ထိပါးလိုသည့်စေတနာမျိုး တစ်ဆံခြည်မျှ မရှိကြောင်း

www.sagarwarmyae.net



ကျွန်တော် ကောင်းကောင်းကြီးသိပါသည်။ ပြည်သူကို ဦးထိပ်ထက် တင်ရွက်သည်၊ ပြည်သူသာလျှင် အရာရာလည်းဖြစ်သည်။ အလုံးစုံလည်းဖြစ်သည်။ ပြည်သူတွေထဲကို သွားရောက်နေခြင်းသည်သာလျှင် တော်ဖြောင့်မှန်ကန်သော ပညာကို ရစေသည်။ ပြည်သူပေးသော ပညာရပ်ကို ရစေသည် စသည့် သဘောမျိုးနှင့် ဤသို့ပြောလိုက်ခြင်း ဖြစ်ပါသည်။

သို့သော် ခိုင်းသည်၊ မက်သည် ဆိုသော စကားလေးနှစ်လုံး၏ အဓိပ္ပာယ်ကို သိခွင့်ရလိုက်သည့် အတွက်ကြောင့် "တက္ကသိုလ်က ပညာရှင်ကြီးတွေ၊ ပေါမောက္ခကြီးတွေ သင်မပေးနိုင်ခဲ့တဲ့ ပညာကို ပြည်သူတွေကသာလျှင် သင်ပေးနိုင်ခဲ့တယ်" ဟု ကောက်ချက်ဆွဲပစ်လိုက်ပုံမှာ ပရမ်းပတာနိုင်ရုံမျှမက အူကြောင်ကြောင် နိုင်လွန်းသည်ဟုလည်း ထင်လိုက်မိပါသည်။ ဤစကားမျိုးကို ပြောလိုက်ကြွေးကြော်လိုက်ရုံနှင့် ပြည်သူကိုဂုဏ်ပြုရာ ရောက်ပေသည်ဟု ထင်နေပါလျှင်လည်း အူတူတူအတွေးအခေါ်မျိုးပဲဟု ကျွန်တော် စွပ်စွဲမိမည် ဖြစ်ပါသည်။

ခိုင်းသည်၊ မက်သည်ဆိုသော ဝေါဟာရကို တက္ကသိုလ်က ဆရာများ သိထားနိုင်ခဲ့လျှင်တော့ ကောင်းသည်မှာ မှန်ပါသည်။ သို့သော် ရှေးခေတ်

www.sagarwarmyae.net



ကဗျာ စာပေများကို လေ့လာကြသောအခါ ဒေသသုံး စကားများ၊ လုပ်ငန်းဆိုင်ရာ ဝေါဟာရများနှင့် ပတ်သက်လာလျှင် အပြည့်အစုံသိနိုင်ရန် အတော် လေး ခက်ပါသည်။ ရကန်လို စာပေမျိုးဆိုလျှင် သူတို့ ခေတ်က လူငယ်ကာလသားတွေ သုံးခဲ့သည့် ဗန်း စကားလို ဝေါဟာရများကို ထည့်သွင်းပြီး သုံးချင်သုံး လိုက်သည့်အတွက် ပိုလို့ပင် အခက်တွေ့ကြရသည်။ ရှေ့နောက် စကားစပ်ကို ကြည့်ပြီး အဓိပ္ပာယ်ကို မှန်း ကြည့်ကြရသည်။ ခိုင်းသည်၊ မက်သည် ဆိုသောစကား များကိုလည်း တိတိကျကျ မပြောခံကြစေကာမူ မနိုင် ခိုင်းမက် ဆိုသည်မှာ လှေကို မိမိစိတ်ကြိုက် လိုသလို ချုပ်ထိန်း၍ မရနိုင်ကြောင်းလောက်ကိုတော့ သင်ကြား ပို့ချခဲ့ကြပါသည်။ ဤစကားလုံးနှစ်လုံးကို အတိအကျ မသိရသည့်အတွက်ကြောင့် ကဗျာအရသာကို မခံစား နိုင်လောက်အောင် ဖြစ်သွားသည်တော့ မဟုတ်ပါ။

ဤဆောင်းပါးတွင် ကျွန်တော်တင်ပြလိုသည် မှာလည်း ဤဝေါဟာရနှစ်လုံးအကြောင်းကို အကျယ် ချဲ့လို၍မဟုတ်ပါ။ မြန်မာစာဆရာကြီးများကို အကာ အကွယ်ပေး ချေပလို၍လည်း မဟုတ်ပါ။ **ပြည်သူကို ဦးထိပ်ထက် တင်ရွက်သည်၊ ပြည်သူကို ဦးစားပေး သည်၊ ပြည်သူသာ ပဓာန** စသည့် စကားမျိုးတွေကို

www.sagarwarmyae.net



တကျော်ကျော် ဇော်ကြဟစ်ကြရင် မရောင်ရာဆီလူး သည့် အပြောအဆိုအရေးအသားများ စတန့်ထွင်လာ တတ်ကြသော အချက်ကိုသာ တင်ပြလိုခြင်းဖြစ်ပါသည်။

သူတို့ပြောကြ ဆိုကြပုံမှာ တက္ကသိုလ်ထက် ပြည်သူက ပိုပြီးပညာပေးနိုင်သည်။ ပြည်သူကြားမှာ ပညာရှာယူခြင်းက သာလျှင် တော်ဖြောင့်မှန်ကန်သော ပညာရှာနည်းဖြစ်သည်ဟု ဆိုလိုရာရောက်နေပါ သည်။ တက္ကသိုလ်တွင် မြန်မာစာတစ်ခုကိုသာ သင်ပေးနေသည် မဟုတ်ပါ။ မြန်မာစာ၌ပင်လျှင် စိန္တ ကျော်သူ၏ ခနေဖြူတွင် ရတုလေးတစ်ပိုဒ်ကိုသာ သင် ကြားပေးနေသည် မဟုတ်ပါ။ ကဗျာ၊ စကားပြေ၊ ကျောက်စာ၊ ဘာသာဗေဒစသည်ဖြင့် ဘာသာရပ်တွေ များစွာရှိပါသည်။ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်၌ပင်လျှင် ပညာ ရပ်ကြီးတွေ တစ်ပုံကြီး ဖြစ်ပါသည်။ အခြားသော စက် မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ် စသည့်တက္ကသိုလ်များတွင် သင်ကြားနေသည့် ဘာ သာရပ်၊ ပညာရပ်တွေကိုပါ တွက်ပြီး ကြည့်လိုက်မည် ဆိုလျှင် ဘာသာရပ်တွေ ရာချီပြီး ရှိလာနိုင်ပါလိမ့်မည်။ သည်တော့ ပြည်သူတွေဆီမှာ ပညာယူရမည်ဆိုလျှင် ဘယ်ပြည်သူတွေဆီမှာ ဘယ်ပညာကိုယူရမှာလဲဟု မေးရမည်ကဲ့သို့ ဖြစ်လာပါသည်။

www.sagarwarmyae.net



ယခုလို တိတိကျကျ မေးခွန်းထုတ်လိုက်သော အခါတွင်မူကား ထိုထိုသော သူတို့ပြောကြဆိုကြသည့် စကားများမှာ ဘာမှအဓိပ္ပာယ်မရှိကြောင်း ထင်ရှား မြင်သာလာပါသည်။ သို့သော် စကားလုံးပြောင်းပြောင်၊ အလင်္ကာလှလှတွေနှင့် တန်ဆာဆင်ခြင်း၊ ဇာတ်လမ်းနှင့် ဖမ်းစားခြင်းများပြုလျက် အနုပညာ ခွန်အားကို သုံးလိုက်သောအခါတွင် အတွေးနုသော လူငယ်အချို့အဖို့ ဟုတ်လေသယောင် ထင်မှတ်ပြီး သူတို့ကပါ သံယောင်လိုက် ပြောတတ်ကြသည်ကို မကြာခဏ တွေ့ခဲ့ဖူးပါသည်။

ထို့အပြင် ပြောစရာလည်း ရှိပါသေးသည်။ **အဆောင်အယောင်များနှင့် ဟန်သာရှိပြီး အဆန်မရှိသော တက္ကသိုလ်ကို စွန့်ခွာရမည်။ ပြည်သူကြားမှာ သွားနေခြင်းကသာလျှင် ပြည်သူ့သားကောင်းတိုးတက် အလားအလာရှိသောသူ** ဖြစ်သည် စသည့် လေသံမျိုး တွေကိုလည်း ရေးတတ်ကြပါသည်။

တစ်ခါတစ်ရံတွင် တက္ကသိုလ်က ပညာရှင်၊ ပါမောက္ခစသည်တို့ကို ဝတ္ထုဇာတ်ခွင်ထဲသို့ သွင်းလာပြီး သူတို့၏ ဇာတ်လိုက်မင်းသားနှင့် တွေ့လိုက်သောအခါ ထိုပါမောက္ခကြီးများမှာ ကြက်ကြီးကို လည်လိမ်ထားသကဲ့သို့ ပါးစပ်မှမဟတ်နိုင်အောင် ဖြစ်သွားလေဟန်လည်း

www.sagarwarmyae.net



ရေးတတ်ကြပါသည်။ ထိုထက် တစ်ဆင့်တိုးပြီး တက်လိုက်တတ်ပုံက ဒဿနပါမောက္ခကြီးက လမ်းဘေးက ပြည့်တန်ဆာလောက်မှ ဒဿနမကြည်လင်လေဟန် အတွေးအခေါ် မမြင့်မားလေဟန် ရေးနည်းမျိုးတွေကိုလည်း တွေ့ရတတ်ပါသေးသည်။ ဝတ္ထုတစ်ပုဒ်အနေနှင့်တော့ ဖတ်လို့ကောင်းပါလိမ့်မည်။ သို့သော် မတော်တရော် ဝတ္ထုမျိုးဖြစ်သည်ဟု ကျွန်တော်ကတော့ စွပ်စွဲရန် ဝန်မလေးပါ။

အကြောင်းမဲ့ ပြောခြင်းမဟုတ်ပါ။ ဝတ္ထုဆရာများသည် တောလိုက်မုဆိုးတို့၏ ဘဝလုပ်ငန်းများကို သရုပ်ပီပြင်အောင် ရေးတော့မည်ဆိုလျှင် ထိုလောက၊ ထိုဘဝကို သေချာသိအောင် စူးစမ်းလေ့လာပြီးမှ ရေးကြစမြဲ ဖြစ်ပါသည်။ ထိုအတူ ရေလုပ်သားတို့၏ လုပ်ငန်းဘဝ၊ လမ်းဘေးဈေးသည်တို့၏ လုပ်ငန်းဘဝစသည်တို့ကို သရုပ်ပီပြင်အောင် ဝတ္ထုရေးကြမည်ဆိုလျှင်လည်း ထိုသူတို့၏ လောကကို သေချာစူးစမ်းရေးသားကြရမည် ဖြစ်ပါသည်။ ဤသို့ပင် ပညာရှင်ကြီးတစ်ယောက်၏ လုပ်ငန်းဘဝကို သရုပ်ပီပြင်အောင် ဝတ္ထုရေးချင်သပဆိုလျှင် ထိုပညာရပ်ကိုလည်းကောင်း၊ ထိုလုပ်ငန်းကိုလည်းကောင်း သိအောင်စူးစမ်းပြီးမှ သာ ရေးရပါလိမ့်မည်။ ထိုပညာရှင်ကြီး၏ အိမ်ထောင်ရေး

www.sagarwarmyae.net



ကိစ္စ သားရေးသမီးရေးကိစ္စမျိုးကို ဝတ္ထုဆင်သည်ဆိုလျှင်တော့ (သူလည်း လူထဲကလူ တစ်ယောက်မျှသာဖြစ်၍) သာမန် လူတစ်ယောက်လိုပဲ သဘောထားပြီး ရေးလိုက်လျှင် ဖြစ်နိုင်စရာ ရှိပါသည်။ သို့သော် သူ၏ပညာရပ်ကိစ္စ၊ လုပ်ငန်းကိစ္စကို ဘာမှရေရေရာရာ မသိဘဲ လုပ်ငန်းဘဝကို ရေးလိုက်မည်ဆိုလျှင် နားမလည် ပါးမလည် စာဖတ်သူများက ဩဘာပေးသည့် ပေါချာချာ ဝတ္ထုသာလျှင် ဖြစ်လာပါလိမ့်မည်။

"အဆိပ်အတောက်စာပေ၊ အဆိပ်အတောက်စာပေ" ဟူသော စကားကို ကျွန်တော်တို့ မကြာခဏ ကြားနေရပါသည်။ ထိုစကားများ၏ ဆိုလိုရင်းကို မှန်းဆစစ်ဆေးကြည့်လိုက်သောအခါ မောင်စွမ်းရည် ပြောသလို "အပစ်အခတ်၊ အညှစ်အသတ်၊ အညစ်အပတ်" စာပေမျိုးကို ဆိုလိုကြသယောင် တွေ့နေရပါသည်။ ကျွန်တော်ကတော့ ထိုစာပေမျိုးသည် အဆိပ်အတောက် ဖြစ်စေပါသည်ဆိုလျှင် လူငယ်တို့၏ အတွေးအခေါ်ကို မှားယွင်းစေသည့် စာပေမျိုးလောက် အန္တရယ်မကြီးဟု ယူဆပါသည်။ မဟုတ်မမှန်သောသတင်း၊ မှားယွင်းသောအသိတို့ကို ဟုတ်လေယောင်၊ မှန်လေယောင် ဖြစ်အောင်ရေးသည့် စာရေးဆရာတို့၏ အဆိပ်အတောက်သည်သာလျှင်

www.sagarwarmyae.net



ပိုမိုကြောက်မက်ဖွယ် ကောင်းပါသည်။

စုန်းတစ္ဆေဝတ္ထု၊ မှော်ဝတ္ထုစသည်တို့မှာလည်း ယုံချင်ယုံ၊ မယုံချင်နေ ဟူသော သဘောမျိုး ဖြစ်သော ကြောင့် အရေးမကြီးလှပါ။ ယုံသူရှိလျှင်လည်း သူ့ တစ်ယောက် အတွက်သာလျှင် သူ့ဘာသာသူ စွဲလမ်း ထိတ်လန့်နေပါလိမ့်မည်။ တိုင်းပြည်နှင့် နိုင်ငံတော်ကို ထိခိုက်ရန် အကြောင်းမရှိပါ။ ပညာရေးဆိုသည့် ကိစ္စမှာ ထိုကဲ့သို့ မဟုတ်ပါချေ။ နိုင်ငံတော်ကြီးပွားတိုးတက်ရေး အတွက် ရည်မှန်းပြီး အရင်းအနှီးကြီးစွာ မြှုပ်နှံရသည့် ဧရာမလုပ်ငန်းကြီး ဖြစ်ပါပေသည်။ ထိုလုပ်ငန်းကြီး အတွက် မျှော်လင့်ချက်ကြီးစွာ တည်ထောင်ထားသော တက္ကသိုလ်ကြီးများ၊ ပညာရပ်များကို ပေါ့ဖျင်းသေးသိမ် အောင် မမှန်မကန်မရေးသင့်ပါ။ ဤသို့ ဆိုလိုက်သော ကြောင့် တက္ကသိုလ်ဆရာကြီးများ၊ ပညာရှင်ကြီးများ၊ တွေးကြံသမျှ၊ ပြောသမျှ မှန်ကန်နေပြီဟု မဆိုလိုပါ။ ထိုသို့သော အမှားအယွင်းမျိုး ရှိလျှင်လည်း ဝေဖန် ပြောဆိုရမည်ဖြစ်ပါသည်။ သို့သော် ထိုအခါမျိုးတွင်ကား ပညာရပ်ဆိုင်ရာကိစ္စများ ဖြစ်လာသောကြောင့် သုတေသီ ပြောနည်းမျိုး ပြောကြရပါလိမ့်မည်။

ကျွန်တော်တို့ တိုင်းပြည်ကို တကယ်တန်း တိုးတက်စေလိုသည့် စေတနာရှိပါလျှင်၊ အနာဂတ် လူ

www.sagarwarmyae.net



ငယ်တို့အတွက် စေတနာတကယ်ရှိပါလျှင် ပညာရေးကို အစွမ်းကုန် မြှင့်တင်နိုင်အောင် ကြိုးပမ်းကြရပါလိမ့်မည်။ အထူးသဖြင့် ယခုအချိန်ကဲ့သို့ ကမ္ဘာကြီးတစ်ခုလုံး အတတ်ပညာ ယှဉ်ပြိုင်နေကြသည့် အခါမျိုးတွင် ပိုလို့ပင် ကြိုးပမ်းကြရပါလိမ့်မည်။ ထိုအခါမျိုးတွင် ဝတ္ထုဆရာစသော စာရေးဆရာများသည် ပညာသင်ကြားရာဌာနကြီးများ၊ ပညာရပ်ကြီးများကို (သေချာမစူးစမ်းဘဲ) အလွဲလွဲ အမှားမှား သိမ်ဖျင်းပေါ့ပျက်အောင် မလုပ်သင့်ဟု ထင်ပါသည်။

ကျွန်တော်က တက္ကသိုလ်က ပညာရပ်များကို တန်ဖိုးထားပြီး ပြောနေသောကြောင့် "တက္ကသိုလ်ပညာကိုရမှပဲ လူဖြစ်ရကျိုး နပ်ရတော့မှာလား၊ တက္ကသိုလ်ရောက်မှပဲ ကြီးပွားအောင်မြင်တော့မှာလား" စသည်ဖြင့် စောဒကတက်ကြဦးမည်ကို ကြားယောင်လိုက်မိပါသေးသည်။ လူတစ်ယောက်အနေနှင့် ကျောင်းသင်ပညာကို ဘာမှ ဟုတ်တိပတ်တိမတတ်ဘဲနှင့်လည်း ကြီးပွားအောင်မြင်နိုင်ပါသည်။ ဤသည်မှာ သူ၏ တစ်ကိုယ်ရေ ဘဝမျှသာဖြစ်ပါသည်။ နိုင်ငံတစ်ခုအနေနှင့်မူကား တက္ကသိုလ်မမြင့်လျှင် နိုင်ငံမြင့်ရန် မဖြစ်နိုင်ပါ။ အထူးသဖြင့် ယခုကဲ့သို့ ခေတ်မျိုးတွင် သာလို့ပင် မဖြစ်နိုင်ပါ။

www.sagarwarmyae.net



အကြောင်းမသင့်၊ အခွင့်မသာ၍ တက္ကသိုလ်သို့ မရောက်နိုင်ရှာကြသော လူငယ်များ၏ဘဝကို ကျွန်တော် ထောက်ထား နားလည်နိုင်ပါသည်။ ပညာသင်လိုသောစိတ်ရှိသည့် လူငယ်များ စိတ်ရှိလက်ရှိ အစွမ်းကုန် သင်ကြားနိုင်ခွင့်ရအောင် ကျွန်တော်တို့ အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်သာ ဖြစ်ပါသည်။

တက္ကသိုလ်သို့ မရောက်ဘဲ၊ တက္ကသိုလ်ပညာရပ်ကို မရဘဲလည်း ကြီးပွားတိုးတက်နိုင်ကြောင်း လူငယ်တွေကို အားပေးလို့ဆော်လိုပါသည် ဆိုလျှင်လည်း ဆရာကြီးပီမိုးနင်းရေးသည့် တက်ကျမ်း တက်ဝတ္ထုမျိုးကို ရေးနိုင်ပါသည်။

**"ပြည်သူ" "တိုးတက်သော" စသည့် ဘာဘာညာညာ ဝေါဟာရများကို မဆီမဆိုင် အသုံးချပြီး တကယ့် ပညာရပ်များ၊ ပညာသင်ဌာနကြီးများကို စတန့်ထွင်ကာ နှိပ်နင်း၍ မသိနားမလည်ရှာသော လူငယ်အချို့၏သြဘာသံကို မြှူဆွယ်မည်ဆိုပါလျှင် ထိုစကားများ၊ ထိုစာများသည်လည်း . . အဆိပ်အတောက်ပင် ဖြစ်သည်ဟု ကျွန်တော်ယုံမှတ်ပါသည်။**

# အံ့စရာငါက်သံ

ကျွန်တော်သည် ဘာသာရေးစာပေများကို ရေးလေ့ ရေးထရှိသူမဟုတ်ပါ။ ရေးနိုင်လောက်အောင်လည်း ဘာသာရေးစာပေများ၌ လေ့လာနှံ့စပ်သူမဟုတ်ပါ။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနှင့် မိမိ ကိုးကွယ်ရာ ဘာသာတရားအကြောင်းကို ထိုက်သင့်သလောက် သိနေသည်မှာလည်း ဂုဏ်ယူလောက်ဖွယ်မဟုတ်ပါ။ စာတစ်ပုဒ် ကောက်ပြီး ရေးနိုင်လောက်သည့် ကိစ္စမျိုး မဟုတ်ပါ။

သာမန် ဗုဒ္ဓဘာသာ တစ်ယောက်ထက် နည်းနည်းပါးပါး ကျွန်တော်ကပို၍သိသော အကြောင်းအရာများ ရှိပါသေးသည်ဆိုလျှင် မြန်မာစာပေ လေ့လာမှုကြောင့်သာ သိခြင်းဖြစ်နေပါလိမ့်မည်။ မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံတွင်မဆို စာပေ၊

www.sagarwarmyae.net



ယဉ်ကျေးမှု တိုးတက်လာခဲ့ပုံကို ခြေရာခံကြည့်လိုက်မည်ဆိုလျှင် ယုံကြည်ကိုးကွယ်မှုကို အခြေခံခဲ့ကြကြောင်း တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ကမ္ဘာ တည်လောက်အောင် ကောင်းပါပေသည်ဟု သတ်မှတ်ကြသော ဂန္ထဝင်စာပေများကို ကြည့်လိုက်လျှင်လည်း ဘာသာရေးအခြေခံ စာပေများသာ ဖြစ်နေကြကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာစာပေ (အထူးသဖြင့်ရသစာပေ) လေ့လာမှုကြောင့် သိကျွမ်းလာရသည့် ဘာသာရေး အသိလောက်သာ ကျွန်တော့်မှာ ရှိပါသည်။ အခြားခြားသော ပိဋကတ် ကျွမ်းကျင်သူများ၊ ဘာသာရေး နှံ့စပ်သူများလောက် လေးနက်သည့်စာမျိုးကို ကျွန်တော် ရေးနိုင်စွမ်းမရှိပါ။

သို့ပါလျက်နှင့် ဤသို့သော ဆောင်းပါးမျိုးကို ရေးချင်လာရသည်မှာ လယ်တီဆရာတော်ကြောင့်သာ ဖြစ်ပါသည်။ ကျွန်တော် ကျောင်းသားဘဝ ပထမနှစ်နှင့် ဒုတိယနှစ် (ဥပစာဝိဇ္ဇာ) တန်းတွင် မဂ္ဂင် ဒီပနီကို သင်ယူခဲ့ရသည်။ တတိယနှစ် နှင့် စတုတ္ထနှစ် (ဝိဇ္ဇာ) တန်းတို့တွင် ပဋိစ္စသမုပ္ပါဒ် ဒီပနီကို သင်ယူခဲ့ရပါသည်။ ကျွန်တော် တက္ကသိုလ်တွင် ဆရာဖြစ်လာသောအခါ ဒါနာဒိ ဒီပနီကိုလည်းကောင်း၊ ဗောဓိပက္ခိယ ဒီပနီကိုလည်းကောင်းသင်ကြားပို့ချခဲ့ရသည်။ ထိုကျမ်းအား

www.sagarwarmyae.net



လုံးမှာ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့သော ကျမ်းများချည်းသာ ဖြစ်လေသည်။ ထို့ကြောင့် ကျွန်တော်၏ တက္ကသိုလ် ကျောင်းသားဘဝ၊ ကတ္တသိုလ်ဆရာဘဝ တစ်လျှောက်လုံးတွင် ဆရာတော်၏ စာများနှင့်မလွတ်ခဲ့ဟု ဆိုနိုင်ပါသည်။

ယခုတစ်ဖန် ဆယ်တန်းကျောင်းသားငယ်များကို သင်ကြားနေရသောအခါတွင်လည်း ဆရာတော်နှင့် ကြုံရပြန်ပါလေပြီ။

**ခွင့်သာခိုက်မှ မလိုက်ချင်လျှင်** တဲ့။

ဒသမတန်း ကဗျာလက်ရွေးစင်တွင်ပြဋ္ဌာန်းထားသော ဆရာတော်၏ ဩဝါဒတေးထပ်ဖြစ်ပါသည်။

ဆရာတော်သည် သာမဏေငယ် ဘဝတွင် ကဗျာ လင်္ကာကို ဝါသနာထုံလျက် လေ့ကျင့်တတ်ကြောင်း၊ ယောအတွင်းဝန် ဦးဖိုးလှိုင်ထံသို့ပင် နည်းနိဿယခံရန် ရောက်လာတတ်ကြောင်း စာအမှတ်အသားများ ရှိပါသည်။ ထို့ကြောင့်ပင် ထင်ပါသည်။ ဆရာတော်၏ လင်္ကာများ၊ ကဗျာများမှာ (အဓိပ္ပာယ်လေးနက်မှုကို အသာထားဦး) အသံကာရန် အလွန်ချောမော ပြေပြစ်သည်သာမက စကားအသုံးအနှုန်းမှာ စူးရှထိရောက်လှပါသည်။

www.sagarwarmyae.net



ယခု ဤ **ခွင့်သာခိုက်မှ အလိုက်ချင်လှျှင်** ဟူသော တေးထပ်ကို ဖတ်ကြည့်လိုက်စမ်းပါ။ ဆရာတော်၏ ဝေါက်ငမ်း ကြိမ်းမောင်းနေသံကို နားဝယ်ဆတ်ဆတ် ကြားနေရပါလိမ့်မည်။ ဝေါက်ငမ်းသံ ကြိမ်းမောင်းသံတို့ကို မည်သူမျှမကြိုက်နိုင်ကြပါ။ နားဝင်ချိုသည့်အသံဟု မည်သူမျှမထင်နိုင်ကြပါ။ ယုတ်စွအဆုံး ကိုယ့်မိရင်း ဖရင်း ဝေါက်သည်ကိုပင် (ကိုယ့်အပြစ်မို့ ငုံ့ခံလိုက်ရဦးတော့) ဒါမျိုးကို နောက်တစ်ကြိမ်ထပ်ပြီး မကြားချင်ကြပါ။ ယခု ဆရာတော်၏ ဝေါက်ငမ်း ကြိမ်းမောင်းသံကိုမူကား ကြားလို့မဝ၊ နားလို့မငြီး ဖြစ်နေမိသည်ကို ကျွန်တော်ဖြင့် အံ့သြပြီးရင်း အံ့သြရင်း ဖြစ်နေမိပါတော့သည်။

စာဖတ်သူခင်ဗျား။ တစ်ဆိတ်လောက် ဖြည်းဖြည်းလေး ရွတ်ပြီး ဖတ်ကြည့်စမ်းပါ။ ဆရာတော်၏ "ဝေါက်သံ" ကို နားထောင်ကြည့်စမ်းပါ။

### ခွင့်သာခိုက်မှ မလိုက်ချင်လှျှင်

ငါးအာရုံ အင်အစုံ၊ ခင်မူနဲ့ နေ့ကုန်၊
နင်ယခု မေ့ပုံလို၊ တွေ့မကြုံ စခန်း။
ပါယ်လေးဝ သောကဘုံမှာ၊
မျှော်ရရုံ ရှိတော့ ခမန်း။

www.sagarwarmyae.net



အောက်ဝီစိ သေခင်းအငူမှာ၊
ခေါင်းမပြူစတမ်း။
နှစ်အရှည် နစ်မည်လမ်းကိုလ၊
နင်မျှော်စမ်း နင့်ကိုယ်။
ဒေသနာ ထင်အလင်းရယ်နှင့်
နင် အဖျင်း ပိုထက်သာပို။
သည်လောဘ စရိုက်အိုကို၊
မလိုက်လို ရှောင်ပစ်လို့။
နောင်အသစ် တကယ်ပြင်လျှင်၊
ကောင်းဖို့ အစဉ်။
အခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်၊
အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာဆဲကမှ မခဲချင်လျှင်၊
အလွဲနင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာတုန်းကမှ မရုန်းချင်လျှင်
အရှုံးနင့်ပြင် ရှိသေးလေလိမ့်လား။

ကဲ. . . စာဖတ်သူလည်း ဆရာတော်၏ ငေါက်သံကို ကြားလိုက်ရပြီ မဟုတ်ပါလား။ ထို့ပြင် ငေါက်သံ၏နောက်က ဆရာတော်၏ ကရုဏာ၊ အားမလိုအားမရ မချင့်မရဲ ဝေဒနာကိုလည်း ခံစား

www.sagarwarmyae.net



လိုက်ရပြီ မဟုတ်ပါလား။

ကျောင်းသားငယ်များအဖို့မှာ အသက်အရွယ် ငယ်ကြသေးသည့်အလျောက် တက်ရိပ်တွေကလည်း တလွင်လွင်၊ ပျော်လိုက်ဖို့လည်း တပြင်ပြင်ရှိနေကြလေသဖြင့် ဤသို့သော ဩဝါဒမျိုး၏အရသာကို ရုတ်တရက်မခံစားနိုင်ကြပါ။ သူတို့တစ်တွေ နားလည်နိုင်ကြအောင် ခံစားနိုင်ကြအောင်ရှင်းလင်း ပြောပြရသည်မှာ မလွယ်လှပါ။ သို့သော်လည်း ဆရာတော်၏ကရုဏာကို (ကြားထဲက)အားနာလှသောကြောင့် ကျွန်တော်တတ်စွမ်းသမျှကြိုးစားပမ်းစားသင်ပြမိပါသည်။ ဆရာတော်နှင့်ကျောင်းသားငယ်များကြားတွင် ရှိနေသည့် ကွာဟမှုကိုကျော်ဖြတ် နီးစပ်သွားအောင် ကျွန်တော်လုပ်ရပုံကိုစာဖတ်သူ ရိပ်မိလေအောင် အနည်းအကျဉ်းလောက်(ရှင်းလင်းချက်သဖွယ်) တင်ပြလိုက်ပါရစေဦး။ သူတို့ကို ဖွင့်ပြလိုက်ရသော အချက်အလက်များက. . .

**ငါးအာရုံ အင်အစုံ၊ ခင်မှုနဲ့ နေ့ကုန်** တဲ့

တစိမ့်စိမ့် တွေးကြည့်မှ တရိပ်ရိပ် မှန်နေသော စကားများဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေက နံနက်အိပ်ယာက နိုးသည်ပင်လျှင် နံနက်ချိန်ခါ

www.sagarwarmyae.net



တေးသံသာလေးနှင့် နိုးချင်သည်။ ကြားရသည့် ကာမ ဂုဏ်လေးနှင့် လုံးထွေးပြီး အိပ်ရာကထချင်သည်။

ကျောင်းချိန်မီအောင် သွားရဦးမည်လေဟု အောက်မေ့ပြီး ရေချိုးခန်းဝင်သွားပြီး သွားတိုက်မည် ဆိုပြန်တော့၊ သွားတိုက်ဆေး၏ အရသာကလေးက ချိုဦးမှ၊ အနံ့ကလေးကလည်းမွှေးဦးမှ။ သွားပွတ်တံ ကိုလည်း အရောင်ကလေး လှဦးမှ၊ ဒီဇိုင်းကလေး ကလည်း ခေတ်ဆန်ဦးမှ၊ နံနက်စာ စားတော့မည် ဆိုပြန်တော့ အရသာကောင်းရုံနှင့် မပြီးသေး၊ အနံ့က လေးက မွှေးနေဦးမှ၊ အဆင်းကလေးကလည်း ဝင်း တန်ဝင်း၊ ရဲတန်ရဲနေဦးမှ၊ စားတာသောက်တာမို့ 'လျှာ ကိစ္စ' သာဖြစ်ပေမယ့် နှာခေါင်းနှင့် မျက်စိက ဝင်ရှုပ် လာသေးသည်။ ထို့ကြောင့်ပင် နှာစေး၍ အနံ့မရလျှင် ခံတွင်းမတွေ့၊ မီးပျက်နေလျှင် မှောင်ထဲတွင် ထမင်း စားရလျှင် စားလို့မဝင်၊ မစားချင်။ ဟင်း၏ အရောင် အဆင်းလေးကိုပါ မြင်လိုက်ရမှ ကျေနပ်သည်။

နှာခေါင်းနှင့် မျက်စိကသာမဟုတ်သေး။ 'လျှာကိစ္စ' တွင် အထိအတွေ့ပါ ဝင်လာလိုက်သေး သည်။ အာလူးကြော်ကို ပျော့နေလျှင် မစားချင်တော့၊ ဝါးလိုက်လျှင် 'ကျိုးကျိုးကျွပ်ကျွပ်' မြည်နေသော 'သွား' ၏ ထိတွေ့မှု အရသာကိုပါ ခံလိုက်ချင်ကြသေးသည်။

www.sagarwarmyae.net



ကျောင်းသွားပါတော့မည်ဟု အဝတ်အစားလဲလိုက် ကြပြီဆိုလျှင်လည်း ပြောလို့မဆုံးနိုင်ပါတော့ပြီ။ မနက် လင်းပါပြီ ဆိုကတည်းက ဤနည်းနှင်နှင် ဖြစ်လာလိုက် သည်မှာ ညအခါ မျက်စိနှစ်လုံး မှိတ်သောအခါ၌ပင် အိပ်မက်ထဲ၌ ငါးအာရုံကို မက်လိုက်သေးသည်။ ထို့ကြောင့် ဆရာတော်က 'ငါးအာရုံ အင်အစု ခင်မှုနဲ့ နေ့ကုန်' ဟု ငေါက်ငမ်းလိုက်ခြင်း ဖြစ်ပေသည်။

သူတို့ကို သင်ကြားပေးနေရင်း တက္ကသိုလ် တွင် ကျွန်တော်ပို့ချခဲ့ရသော ဗောဓိပက္ခိယ ဒီပနီထဲက ဆရာတော်၏ အဆုံးအမကိုလည်း ပြန်ပြီး သတိရမိ ပြန်ပါသည်။ ဝိဇ္ဇာနှင့်စရဏ အကြောင်းပင် ဖြစ်ပါ သည်။ တရားထူးကို မြင်စေနိုင်သော ဝိပဿနာ၊ ဘာဝနာ စသည့် ပါရမီတို့ကိုလည်း ဖြည့်အပ်ကြောင်း၊ သို့သော်လည်း စရဏဟုဆိုအပ်သော ဒါနနှင့် သီလ ကိုလည်း မပစ်ပယ်အပ်ကြောင်း ဆုံးမထားခြင်း ဖြစ်ပါသည်။ တရားထူးကို ကြားနာအားထုတ်ခွင့်ရ လျှင် မဂ်ဖိုလ်ဆိုက်နိုင်သော ပါရမီကားရှိပါ၏၊ သို့သော် သီလနှင့် ဒါနမမြဲသောကြောင့် ငရဲစသည် အပါယ်လေး ဘုံသို့ ရောက်နေလျှင်တရားထူး ကြားနာခွင့်၊ ကျွတ် တန်းဝင်ခွင့် မရှိနိုင်တော့ကြောင်းကို ကျိုးကြောင်းပြ ဆုံးမထားပါသည်။

www.sagarwarmyae.net



ဆရာတော် ပြလိုက်သည့် ဥပမာတစ်ခုကို ကျွန်တော်ခုထက်ထိ မှတ်မိနေပါသေးသည်။

လှေသူကြီးတစ်ဦးက လှေကြီးနှင့် မြစ်ညာမှ စုန်ဆင်းလာသည်။ မြို့ပြ ဆိပ်ကမ်းများကိုတွေ့လျှင် ဆိုက်ကပ်နားနေမည်ပေါ့။ သို့နှင့်စုန်ဆင်းလာရာ နေ့နေ့ အခါများတွင် ဝဲယာကိုကြည့်လိုက်တိုင်း တောတွေ၊ တောင်တွေချည်း။ ညဉ့်အခါ ရောက်တော့မြို့ရွာ ဆိပ်ကမ်းများကို ဖြတ်သန်းသွားရပါ၏။ သို့သော် မမြင်မသိသောကြောင့် မဆိုက်ကပ်လိုက်ရ။ နေ့ရောက်ပြန်တော့ တောတောင်၊ ညရောက်ပြန်တော့ ဆိပ်ကမ်းကိုကျော်သွား။ ဤသို့နှင့်ပင် သမုဒ္ဒရာ ဝဲဂယက်သို့တိုင် ပါလေတော့သည်။

ထိုဥပမာအတိုင်းပင် ဒါန၊ သီလ စသည်တို့ မမြဲလျှင် မိမိမှာ မင်္ဂဖိုလ်ဆိုက်နိုင်သော ပါရမီရှိပါလျက် အပါယ်လေးဘုံ၌ နစ်နာနေတတ်သည်။ ငရဲ၏ သက်တမ်းမှာ ကြောက်ခမန်း လန့်ခမန်း ရှည်လျားလှသောကြောင့် မိမိငရဲသို့ ရောက်နေခိုက် ဘုရားတွေကပွင့်၊ မတော်တဆ လူ့ပြည် ပြန်ရောက်လာလိုက်တော့ ဘုရားကလည်း မရှိ၊ ဘုရားဟောသည့် တရားဒေသနာကလည်း မရှိ။ ထို့ကြောင့် ကုသိုလ်၊ အကုသိုလ်ကိုလည်းမသိ၊ လုပ်မိလုပ်ရာတွေကို လုပ်ကိုင်ပြန်တော့

www.sagarwarmyae.net



သေသည်နှင့် အဝီစိပြန်ရောက်သွား၊ ဟိုမှာ ကိုယ့် 'မှတ်ပုံတင်' တောင် မဖျက်ရသေးဆိုသည့် ကိန်းမျိုးကို ရောက်သွားနိုင်သည်။ ဤသို့လျှင် ဘယ်ဆိပ် ဘယ်ကမ်းကိုမှ မရောက်ရဘဲ ဖြစ်နေသည့် လေ့သူကြီးမျိုး ဖြစ်သွားမည်ကို ဆရာတော်က စိုးရိမ်စွာ "နင်ယခုမေ့ပုံ လိုတွေ့မကြုံစခန်း" ဟု သတိပေးလိုက်ခြင်း ဖြစ်သည်။

သည်ကြားထဲတွင် ကျွန်တော်မှတ်ထားဖူးသော ကဗျာလေးတစ်ပုဒ်ကိုလည်း ပြန်ပြီးသတိရလိုက်မိပါသေးသည်။ စာဖတ်သူလည်း ကြားဖူးပါလိမ့်မည်။ အချို့ကျောင်းသားငယ်များလည်း ကြားဖူးသည်ကို တွေ့ရပါသည်။

*စံပယ်တဲ့လေးရုံ၊*
*မလေးမောင် မပန်ထိုက်၊*
*ပန်းပြတ်ခိုက်ကြုံ။*
*အပွင့်ရယ်ကုန်၊*
*တစ်ငုံ ကျန်ပါသေး။*
*ပန်ချင်သူ ညီနွဲ့နှောင်းရယ်၊*
*ခေါင်းဖြီးခဲ့လေး။*

ကျွန်တော်တို့ ဘဒ္ဒကမ္ဘာကြီးတွင် ဘုရားငါးဆူ ပွင့်တော်မူမည်ဖြစ်ရ လေးဆူသော ဘုရားကို ကျွန်တော်တို့ လွဲခဲ့ရသည်ဟု ယူဆကြရလေပြီ။

www.sagarwarmyae.net



အပါယ်လေးဘုံများ ရောက်နေခဲ့ကြရလေသလား မသိ။

သို့သော် အရိမေတ္တေယျဘုရား (စံပယ်တစ်ရုံ) တော့ဖြင့် မျှော်လင့်နိုင်ပါသေးသည်။ ဖူးချင် (ပန်ချင်) လျှင် လှလှပပ ခေါင်းဖြီးထားသကဲ့သို့ ဒါနနှင့် သီလကို ဆောက်တည် စောင့်ထိန်းကြရမည်သာ ဖြစ်ပါသည်။

ရှေးက ဗုဒ္ဓဘာသာ မြန်မာတို့သည် အရိမေတ္တေယျဘုရားရှင်ကို ဖူးတွေ့နိုင်ခွင့်ရရန် အလွန်စိတ်အားသန်ကြသည်။ လှူရမည်ကိုလည်း သေမည်ထက်ပင် ကြောက်ရွံ့တက်ကြသည်။ ရာဇကုမာရ ကျောက်စာ အပါအဝင် ကျောက်စာများစွာတို့၌ "ငါ၏ ကောင်းမှုကို ဖျက်ဆီးသူများသည် အရိမေတ္တေယျဘုရားရှင်အား မဖူးတွေ့ရသည်ဖြစ်စေ" ဟု ကျိန်စာထိုးခဲ့ကြလေ့ရှိသည်။ ထိုကျိန်စာကို ဖတ်လိုက်ရသူတို့ကလည်း တုန်သွားလောက်အောင် ကြောက်ရွံ့ကြသည်။

(ယခုခေတ်မှာတော့ ဘုရားတွေကို ဂုန်နီအိတ်ထဲထည့်ပြီး နယ်စပ်က ခိုးထုတ်နေကြသည် ဆိုတာကို ပြောလိုက်တော့ ကျောင်းသားငယ်များ ရယ်မောကြသည်။ ပြီးမှ "တကယ်ကြောက်စရာ ကောင်းတဲ့ အပြစ်ကြီးတွေကို လုပ်နေကြတာပဲနော်။ ကျွန်တော်

www.sagarwarmyae.net



တို့ကတော့ဖြင့် ရွှေတွေပိသာနဲ့ ချိပြီးရစေဦးတော့ မလုပ်ဝံ့ပါဘူး" ဟုလည်း ပြောကြပါသည်။

ကျွန်တော်တို့တစ်တွေ ကာမဂုဏ်ငါးပါး နောက်သို့ တကောက်ကောက် လိုက်နေပုံနှင့် ဆိုလျှင် သံသရာအရေးကို မျှော်ကြည့်လိုက်ပါက အပါယ် လေးဘုံသို့သာ လားရာလမ်း ရှိတော့ကြောင်းကို ဆရာတော်က သတိတရား ရစေချင်သည်။ ထို့ကြောင့် "အောက်ဝီစိ သောင်းအငူမှာ၊ ခေါင်းမပြူစတမ်း၊ နှစ်အရှည် နစ်မည်လမ်းကိုပ၊ နင်မျှော်စမ်း နင့်ကိုယ်" ဟု ဝေါက်ငမ်းလိုက်ခြင်း ဖြစ်သည်။

ကျွန်တော်တို့မှာ အလွန့်အလွန်ကို ရခဲလှ သော လူ့ဘဝကြီးကိုလည်း ရသည်။ ကြုံကြိုက်ခဲလှ စွာသော ဘုရားရှင်၏ သာသနာ၊ ဒေသနာအဆုံးအမ တို့ကိုလည်း ကြုံကြိုက်ရသည်။ သို့ပါလျက်နှင့် ရလာ သော အခွင့်အလမ်းကြီးကို အသုံးမချတတ်အောင်ပင် ဖျင်းရည့်ရကောင်းလားဟု ကရုဏာ ဒေါသ ဖြစ်သည်။

သံသရာ တစ်လျှောက်လုံးက ပါလာခဲ့သော အာရုံငါးပါး၌ တပ်မက်လွန်းလှသည့် လောဘစရိုက် ဟောင်းကြီးကို ပြောင်းလဲလိုက်ပြီး ခြိုးခြံလိုက်လျှင် သံ သရာ တစ်လျှောက်လုံး ကောင်းဖို့သာ ဖြစ်တော့မည်။ ဤဒုလ္လဘ အခွင့်အရေးကြီးကိုမှ အသုံးမချနိုင်ပြီ

www.sagarwarmyae.net



ဆိုလျှင်မူကား ရတောင့်ရခဲရလာရသည့် လူ့အဖြစ်ကြီးကို ပြန်လည် ဆုံးရှုံးရပေတော့မည်။

လူဖြစ်ရှုံးသည် ဟူသော စကားကို ယခုအခါ ကိုယ်လက်အင်္ဂါ ပျက်စီးပြီး မသန်မစွမ်း ဖြစ်ရခြင်း၊ လူစဉ်မမီသော ရောဂါကြီးများ စွဲကပ်ခြင်းတို့လောက်ကိုသာ သုံးစွဲနေကြရာရင်းမြစ် အနက်အဓိပ္ပာယ်မှာ ထိုမျှလောက် တိမ်သည်မဟုတ်ကြောင်းကို ရှင်းပြလိုက်တော့ ကျောင်းသားငယ်များမှာ တအံ့တသြစိတ်ဝင်စားကြပါသည်။

ပြဋ္ဌာန်းစာအုပ်၌ ထိုကဗျာနှင့် ပတ်သက်သော အမှာစာတွင် **"လောကုတ္တရာရေးအတွက် ဖွဲ့ဆိုသော်လည်း လောကီရေးအတွက်လည်း သင်ခန်းစာယူနိုင်သော တေးထပ်ဖြစ်သည်"** ဟု မှတ်ချက်ပေးထားပါသည်။ လောကီရေးအတွက် မည်သည့်သင်ခန်းစာမျိုးတွေကို ပေးနိုင်ပါသနည်းဟု ကျွန်တော့်ကို မေးကြပြန်ပါသည်။ သည်အခါတွင်တော့ ကျွန်တော်ကလည်း ဆရာတော်၏လေသံကို သံယောင်လိုက်ပြီး ခပ်ငေါက်ငေါက် ပြောမိပါသည်။

"ဟကောင်တွေရဲ့ ဒီလောက်တောင် တုံးရသလား၊ မင်းတို့ ခုလို မပူမပင်စာသင်နေရတဲ့ အခွင့်အရေးမျိုးကို လူငယ်တိုင်း ရနိုင်တယ်လို့ ထင်နေသလား၊

www.sagarwarmyae.net



အသက်အရွယ် ငယ်ငယ်ကလေးနဲ့ ကျောင်းနေချင်လို့မှ မနေနိုင်ဘဲ လမ်းဘေးမှာ ပလက်စတစ် ကောက်နေရတဲ့ကလေးတွေကို မတွေ့ဘူးလား၊ အိုးတိုက်ဖွဲပြာ ရောင်းနေတဲ့ ကလေးတွေကို မတွေ့ဘူးလား။ မိဘက ငွေကြေး ပြည့်ပြည့်စုံစုံမို့ ပညာတွေ တစ်ပုံကြီးကို သင်ပေးလိုက်ချင်ပါလျက်နဲ့ ကလေးက ဦးနှောက် ချွတ်ယွင်းလို့၊ စိတ်ပိုင်းဆိုင်ရာချို့တဲ့လို့ စိတ်ဆင်းရဲနေကြရရှာတဲ့ မိဘမျိုးတွေကို မင်းတို့ မတွေ့ကြဘူးလား၊ ကိုင်း. . . မင်းတို့မှာ ဘဝကုသိုလ် ဘယ်လောက်ကောင်းလာတယ်၊ ဘယ်လောက် အခွင့်အလမ်း သာလာတယ်ဆိုတာ သဘောမပေါက်ကြဘူးလား။

မင်းတို့က ဒီလိုအခွင့်အရေးကြီးကို ရနေပါလျက် ဗီဒီယိုအာရုံ၊ စတိတ်ရှိုးအာရုံ၊ လက်ဖက်ရည်ဆိုင်ထိုင်ချင်တဲ့အာရုံ အဲဒီလို အာရုံငါးပါး အပျော်အပါးတွေ နောက်ကိုချည်း လိုက်နေမယ်ဆိုရင် တက္ကသိုလ်ဆိုတဲ့ စခန်းကြီးကို ဘယ်တော့မှ ရောက်ကြတော့မှာမဟုတ်ဘူး၊ အဲဒါ 'နှင် ယခုမှေ့ပုံလို၊ တွေ့မကြုံစခန်း' ပေါ့ကွ၊ အဲဒီလိုနဲ့ ဘာပညာမှ မတတ်ရင် လူ့လောကထဲမှာ သူများခိုင်းတာကိုခံပြီး ဆင်းရဲပြိုမြင်စွာ အသက်မွေးရတော့မှာပေါ့၊ အဲဒါ လက်တွေ့ လူ့လောကအတွက် 'ပါယ်လေးဝ လောကဘုံမှာ၊ မျောရရုံ ရှိတော့

www.sagarwarmyae.net



ခမန်း' ပေါ့ကွ။

အဲဒီလို မဟုတ်ဘဲ ဆရာတော်ဆုံးမထား လိုက်သလို အပျော်အပါးတပ်မက်မောတဲ့ 'သည် လောဘ စရိုက်အိုကို၊ မလိုက်လိုလျှင် ရှောင်ပစ်လို့၊ နောင်အသစ် တကယ်ပြင်လျှင်၊ ကောင်းဖို့အစဉ်' ပဲပေါ့။

"မင်းတို့လည်း 'ခွင့်သာခိုက်ကမှ မလိုက်ချင် လျှင် အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား။ ခွင့်သာဆဲ ကမှ မခဲချင်လျှင်၊ မလွဲ နှင့်ပြင်ရှိသေးလေလိမ့်လား။ ခွင့်သာတုန်းကမှ မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင် ရှိသေး လေလိမ့်လား' ပေါ့။ အဲဒါ မင်းတို့လောကီရေး မဟုတ် လို့ ဘာလဲကွ"။

ကျွန်တော်က သည်လိုတည့်တည့်ကြီး ပြောချလိုက်တော့ သူတို့တစ်တွေ ချောချောကြီး သဘောပေါက်သွားကြပြီး "အင်း. . . လောဘ စရိုက် အိုကြီးကို ပြောင်းလိုက်ဦးမှ၊ နို့မဟုတ်ရင် ပါယ်လေးဝ သောကဘုံကို ရောက်ကုန်လိမ့်မယ်. . .၊ စာမေးပွဲမှာ ဒီကဗျာမေးလိုက်ရင်တော့ အပိုင်ပဲကွာ၊ အပျံစားကို ဖြေပစ်လိုက်မယ်" စသည်ဖြင့် ကျွတ်စီ ကျွတ်စီ ပြောကြပါသည်။

ကျွန်တော်က တစ်ဆင့်တက်ပြီး . . .

"မင်းတို့ ဒီကဗျာမှာ ဆရာတော်က

www.sagarwarmyae.net



ငေါက်ငမ်းပြီး ပြောနေတာကို သတိထားမိကြမှာပေါ့၊ စာဖတ်နေတဲ့သူက ကိုယ့်ကိုငေါက်နေမှန်း သိပါလျက်နဲ့ ခံပြင်းတဲ့ စိတ်မျိုးများ ဝင်လာသေးသလား"

"မဝင်ဘူး ဆရာ"

"အဲဒါ ဘာကြောင့်လဲ စဉ်းစားကြည့်ကြစမ်း"

သူတို့တစ်တွေက ဆရာတော် ကိုယ်တိုင်၏ ဩဇာတိက္ကမ ကြီးမားမှုကြောင့် ဘုန်းတော်ကြီး ဖြစ်နေလို့ စသည်ဖြင့် အမျိုးမျိုးပြောဆိုကြပြီး နောက်ဆုံးတွင် . . .

"ဆရာတော်ရဲ့ မေတ္တာ၊ ကရုဏာကြီးမားမှုကြောင့်ထင်တယ် ဆရာ"

"အေးပေါ့ကွ၊ အဲဒါက ပဓာန အကျဆုံး အချက်ပဲပေါ့"

**ဤသို့အားဖြင့် ဆရာတော်၏ "ငေါက်သံ" ကို ကျွန်တော်တို့လို လူကြီးတွေသာမက ကျောင်းသားငယ်များ၏နားထဲ၌ပင် သာယာနေပါတကားဟု ဤကဗျာကို အထပ်ထပ် ဖွဲ့ဩခြင်း၊ အသစ် အသစ်သော နှစ်သက်ခြင်း ဖြစ်ရပြန်ပါသတည်း။**

www.sagarwarmyae.net

# လူငယ်နှင့် ခေါင်းဆောင်မှု

ခေါင်းဆောင် ဟုဆိုလျှင် နိုင်ငံရေး ခေါင်းဆောင်၊ တိုင်းပြည် ခေါင်းဆောင်၊ မြို့နယ် ခေါင်းဆောင် စသည်တို့ကို သွားပြီးမြင်ယောင်လိုက်ကြစရာ အကြောင်း ရှိနေသည်။ စင်စစ်အားဖြင့် နေရာတကာမှာ ခေါင်းဆောင် ရှိနေသည်သာ ဖြစ်သည်။ ယုတ်စွအဆုံး ပျော်ပွဲစားထွက်ကြရာ၌ပင် ခေါင်းဆောင်ရှိလာတတ်သည်။ လူသုံးလေးယောက်စုပြီး ပွဲလမ်းသဘင်သွားကြတော့မည်ဆိုလျှင် အမှတ်မထင် တစ်ယောက်ယောက်က ခေါင်းဆောင်ဖြစ်မှန်းမသိ ဖြစ်လာတတ်သည်။

ထို့အတူ ကုန်သွယ် စီးပွားရေးလောကတွင်လည်း ခေါင်းဆောင် ပေါ်တတ်စမြဲပင် ဖြစ်သည်။ စီးပွားရေးနှင့် ပတ်သက်၍ မိမိလုပ်ဆောင်နေသည့် ကဏ္ဍတွင် မြင့်နိုင်သမျှအမြင့်ဆုံး ခေါင်းဆောင်တစ်ယောက်ဖြစ်ရမည်ဟူသော သန္နိဋ္ဌာန်ကို ချလိုက်ရန် လိုအပ်ပါသည်။

**Future Publishing House**

www.sagarwarmyae.net



လူအုပ်စုနှင့် ပတ်သက်သော ရှုန့်ရင်းဆန်ခတ် အရေးအခင်းကိစ္စမျိုး ပေါ်လာလိုက်လျှင် ဘယ်လိုက ဘယ်လိုရယ်ပင် မသိလိုက်ရဘဲ ကျယ်လောင်တက်ကြွစွာ အောင်ဟစ်လှုံ့ဆော်လိုက်သော လူတစ်ယောက် ပေါ်လာတတ်သည်။ ဘာရယ်မဟုတ် ထိုသူပြောလိုက်၊ ခိုင်းလိုက်သည်ကို ကယောင်ကတမ်းလိုက်လုပ်ကြသည်ကိုလည်း တွေ့ဖူးကြပေလိမ့်မည်။ အတော်အတန် ပညာအခြေခံရှိသော၊ ဆင်ခြင်ဉာဏ်နည်းသည်လည်း မဟုတ်သော သူများပင်လျှင် ယောင်ပေယောင်ပေနှင့် လိုက်ပါသွားတတ်သည်။ ထိုသို့သော ခေါင်းဆောင်မျိုးမှာ မြော်မြော်မြင်မြင် ခေါင်းဆောင်မျိုးမဟုတ်သောကြောင့် နောင်အခါ ခဏရှိသွားပြန်တော့လည်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတတ်သည်မှာလည်း မမွတာပင်ဖြစ်သည်။ ထိုသို့သော ခေါင်းဆောင်မျိုးအဖြစ်ကို လိုလားအပ်သည် မဟုတ်ကြောင်း အထူးပြောနေစရာ မလိုပါ။

နိုင်ငံတော်အစိုးရက **စီးပွားရေး လွတ်လပ်ခွင့်** ပေးလိုက်ပြီ ဆိုသောအခါတွင်လည်း ထိုသို့သော အရေးပေါ် ခေါင်းဆောင်တွေ ထွက်လာလိုက်ကြသည်မှာ တရုန်းရုန်းဖြစ်သွားတော့ သည်။ ကုမ္ပဏီဆိုတာတွေ၊ အင်တာပရိုက်စ်ဆိုတာတွေကို ရှောင်လို့မလွတ်

www.sagarwarmyae.net



နိုင်အောင် တွေ့လိုက်ကြရသည်။ ဘယ်သူ့ကိုမှ ရှုတ်ချနေစရာမလို၊ အပြစ်တင် ဝေဖန်နေစရာမလို။ သည်လိုပဲ ကိုယ့်အခွင့်အလမ်းကို အသုံးပြု၍ ကိုယ့်တက်လမ်းကို ထွင်ကြရမည်သာဖြစ်သည်။

သို့သော် တကယ့်ကို ရေရှည် ခိုင်ခိုင်ခံ့ခံ့ ကြီးပွားလိုသူများ အဖို့မှာကား ခေါင်းအေးအေး ထားပြီး အရေးပေါ် ကြီးပွားရေး ခေါင်းဆောင်များကို အားမကျမိရန် သတိထားဖို့လိုမည်ဟု ထင်မိပါသည်။ မိမိကိုယ်မိမိ ထိုသို့သော ခေါင်းဆောင်မျိုးမဟုတ်ဘဲ တကယ့်ကို လိမ္မာရေးခြားရှိသော ခေါင်းဆောင်ဖြစ်လာစေရမည်ဟု ခိုင်ခိုင်မာမာ စိတ်ပိုင်းဖြတ်ထားရန် လိုမည်ထင်ပါသည်။

## စီးပွားရေးခေါင်းဆောင်

နိုင်ငံရေးနှင့် စီးပွားရေးဆိုသည်မှာ ခွဲခြား၍ ရနိုင်စကောင်းသည် မဟုတ်ကြောင်းကို လူတိုင်း သိကြပါသည်။ ထို့ကြောင့် နိုင်ငံရေးတွင် ခေါင်းဆောင်ကောင်းကောင်းများ လိုအပ်သည်ဆိုသော အဖြေမှာအလိုလို ထွက်လာပေတော့သည်။ နိုင်ငံရေးခေါင်းဆောင် အရည်အချင်းပြည့်ဝမှ တိုင်းပြည်ငြိမ်သက်အေးချမ်း

www.sagarwarmyae.net



နိုင်သည် ဆိုသောအချက်ကို လက်ခံမည်ဆိုလျှင် စီးပွားရေး ခေါင်းဆောင်များ အရည်အချင်း ပြည့်ဝမှသာလျှင် စီးပွားရေး တိုးတက်ဖွံ့ဖြိုး၍ လူအများ သက်သာချောင်လည်လာနိုင်မည် ဆိုသောအချက်ကိုလည်း လက်ခံရတော့မည်သာ ဖြစ်ပေသည်။ လူအများသက်သာ ချောင်ချိအောင် အရည်အချင်း ပြည့်ဝလှသော စီးပွားရေးသမားများက လုပ်ဆောင်နိုင်စွမ်းရှိသည် ဟူသော အချက်ကို လက်ခံလိုက်မိပြီ ဆိုလိုက်သည်နှင့် တစ်ပြိုက်နက် ထိုသို့သော စီးပွားရေးသမားများကို လူအများ၏ ခေါင်းဆောင်ဖြစ်ပါပေသည်ဟူသော အဆိုကိုပါ လက်ခံကြရတော့မည် ဖြစ်ပါသည်။ တကယ်စင်စစ်အားဖြင့် သေချာလေ့လာလိုက်မည်ဆိုပါလျှင်လည်း ချမ်းသာကြွယ်ဝနေသော နိုင်ငံကြီးများတွင် စင်မြင့်ပေါ်က နိုင်ငံရေးခေါင်းဆောင်များသည် လုပ်ငန်းရှင်ကြီးများဟု ဆိုအပ်သော စီးပွားရေးခေါင်းဆောင်များ၏ တိုက်တွန်းသွန်သင်မှုများကို အလေးဂရုပြုနေကြရသည်ကို တွေ့ရမည်ပင် ဖြစ်သည်။

ထို့ကြောင့် မိမိ ကြီးပွားတိုးတက်ရေးအတွက် ဘယ်စီးပွားရေး၊ ဘာလုပ်ငန်းကိုပဲ လုပ်နေသည်ဖြစ်စေ "ငါချမ်းသာရမည်" ဟူသော စိတ်ထားမျိုးကို ကျော်၍ "ငါသည် လူအများ၏ ချမ်းသာမှုကို ဆောင်သော

www.sagarwarmyae.net



စီးပွားရေးခေါင်းဆောင် ဖြစ်ရမည်" ဟူသော မြင့်မားသည့် ရည်မှန်းချက်မျိုးကို အခိုင်အမာ နှလုံးပိုက်ထားသင့်ပါသည်။

ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်ဖြန့်ချိမှုတို့ကို သေချာ စဉ်းစားကြည့်လိုက်လေလေ စီးပွားရေးခေါင်းဆောင်၊ လူအများ၏ခေါင်းဆောင် ဟူသောအချက်မှာ ပိုမြင်ထင်ရှားလာလေ ဖြစ်ပါသည်။

လူ့လောကကြီး တိုးတက်လာသည်နှင့်အမျှ လုပ်ငန်းခွဲဝေ လုပ်ကိုင်မှုကလည်း ပိုမို အသေးစိတ်လာရသည်။ လုပ်ငန်းများ အသေးစိတ် ခွဲဝေလုပ်ကိုင်ကြရပုံကို လျှောက်ဖြီး ရေးလိုက်မည်ဆိုလျှင် ဤဆောင်းပါး၏ မူလရည်ရွယ်ချက်ကိုပင် မျက်ခြည်ပြတ်သွားလောက်ပေသည်။ ထို့ကြောင့် လိုရင်းကိုသာ ပြောလိုက်ပါတော့မည်။

ကုန်ထုတ်လုပ်သူများက ထုတ်လုပ်လိုက်ကြသည်။ သူက ဖြန့်ချိရေးကို ကိုယ်တိုင် မလုပ်နိုင်တော့ပြီ။ ထို့ကြောင့် စားသုံးသူ၏ လက်ထဲသို့ ရောက်အောင်သူကိုယ်တိုင် မပို့နိုင်တော့ချေ။ ထို့ကြောင့် ဖြန့်ချိပေးသည့် လူတွေပေါ်လာရသည်။ ထိုကုန်စည်များကို စားသုံးသူများထံသို့ ရောက်သွားအောင် သယ်ဆောင်ပေးရပြန်သည်။ ထိုသို့ ကုန်များကို သယ်ဆောင်ပေး

www.sagarwarmyae.net



ရသည့်အတွက် "ကုန်သွယ်" (ကုန်သည်) ဟုခေါ်လေသလားဟုပင် ကြံဆဖွယ်ရာဖြစ်သည်။

ရပ်ရွာ မငြိမ်မသက်၊ လမ်းပန်းဆက်သွယ်ရေး ခက်သည့် အခါမျိုးတွင်မှ ထိုသို့သော ကုန်သည်များ၏ ကျေးဇူး ထင်ရှားလာသည်။ တစ်မြို့နယ်၊ တစ်ဒေသမှ ကုန်စည်များကို (အထူးသဖြင့် ဆန်စသည့် စားကုန်၊ သောက်ကုန်များကို) ပြတ်လပ်နေသည့် ဒေသများသို့ ရောက်သွားအောင် ခက်ခဲပင်ပန်းစွာ စွန့်စွန့်စားစား သယ်ဆောင်ပေးကြပေသည်။ သူတို့၏ အမြတ်အစွန်း၊ အကျိုးကျေးဇူးကို ရည်မျှော်၍ လုပ်ဆောင်ခြင်း ဖြစ်သည်ဟု ဆိုရစေဦးတော့၊ သက်ဆိုင်ရာဒေသမှ လူအများမှာ သူတို့ကြောင့်ပင်လျှင် စားနပ်ရိက္ခာ မပြတ်ကြသည်ကို ကျေးဇူးတင်ကြရမည်သာ ဖြစ်သည်။

အထက်အညာဒေသ တစ်ခုသော မြေကွက်တွင် စိုက်ပျိုးလိုက်သည့် စားတော်ပဲကို ရန်ကုန်မြို့ မိမိအိမ်ရှေ့သို့ နံနက်စောစောရောက်လာပြီး "ပဲပြုတ်" ဟု အော်လိုက်သည်အထိ လုပ်ငန်းခွဲဝေမှုများကို ကြည့်လိုက်လျှင် ထိုထိုသော ကုန်သည်တို့၏ ကျေးဇူးကို ဆင်ခြင် မိလောက်စရာပင်ဖြစ်သည်။

ထိုကဲ့သို့ ကုန်စည်များကို ချောမွေ့စွာ လည်ပတ်နေအောင် လုပ်ဆောင်ပေးနေသည့် သူများကို

www.sagarwarmyae.net



လည်း ခေါင်းဆောင်ဟု ခေါ်အပ်သည်ပင် မဟုတ်ပါလား။ သူတို့က ဝမ်းတစ်ထွာ ဟူသမျှနှင့် တိုက်ရိုက်ပတ်သက်နေလေသောကြောင့် **ဝမ်းတစ်ထွာ ဟူသမျှတို့၏ ခေါင်းဆောင်** ဟုပင် ခေါ်ဆိုလောက်ပါပေသည်။

ခေါင်းဆောင် ဟုဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ခေါင်းဆောင်ကောင်း၊ ခေါင်းဆောင်ဆိုး (ဝါ) ခေါင်းဆောင်ညံ့ဟူသော အချက်က ကပ်ပြီးပါလာပြန်တော့သည်။

နိုင်ငံရေးတွင်တော့ ကိုယ်ကျိုးကို တစ်ချက်မျှ မကြည့်တော့ဘဲ မိမိ၏ နောက်လိုက်ငယ်သား (ဝါ) မိမိကို ခေါင်းဆောင်တင်မြှောက်ထားသည့် ပြည်သူလူထုအများ၏ အကျိုးကျေးဇူးကိုသာလျှင် ရှေးရှုသော ခေါင်းဆောင်မျိုးကို ခေါင်းဆောင်ကောင်းဟု ခေါ်ကြကြောင်း ထင်ရှားသည်။ ထို့အတူ မိမိဩဇာတိက္ကမကြီးမှုကိုသာလျှင်၊ မိမိ၏ အကျိုးကိုသာလျှင် ရှေးရှုသောသူမျိုးကို ခေါင်းဆောင်ဆိုးဟု ခေါ်နိုင်ကြောင်း ထင်ရှားပြန်သည်။

ထိုကဲ့သို့ပင် စီးပွားရေးတွင်လည်း ခေါင်းဆောင်ကောင်း၊ ခေါင်းဆောင်ညံ့ ကွဲပြားလာနိုင်သည်သာလျှင် ဖြစ်သည်။ ကုန်သည်ဆိုသည်မှာ မြတ်ချင်စွန်းချင်လို့သာ လုပ်ကြခြင်း ဖြစ်သည်။ အထက်တွင်

www.sagarwarmyae.net



တင်ပြခဲ့သော ဥပမာကလေးကို ပြန်ပြီးကောက်လိုက်ချင်ပါသေးသည်။ ရပ်ရွာမငြိမ်မသက် ဖြစ်၍ စားနပ်ကုန်စည်များ မလည်ပတ်သောကြောင့် ပြတ်လပ်နေသည့်ဒေသသို့ စားကုန်သောက်ကုန်များ သွားရောက်ရောင်းချလိုက်နိုင်လျှင် ဈေးကို ကြိုက်သလောက်တင်လိုက်နိုင်သည့် အခြေအနေမျိုး ဖြစ်လာနိုင်သည်။ တစ်ဖက်ကလည်း မရှောင်သာ မတိမ်းသာ လိုအပ်နေသည်ဖြစ်သောကြောင့် ဆိုသမျှဈေးကိုပေးပြီး ဝယ်ရတော့မည်သာ ဖြစ်သည်။ ဤသို့သော အခြေအနေမျိုးတွင်မှ စီးပွားရေးခေါင်းဆောင် တစ်ဦး၏စရိုက်ပေါ်လွင်လာနိုင်လေတော့သည်။ ခက်ခက်ခဲခဲ စွန့်စွန့်စားစားကုန်သွယ်ပေးသူ ဖြစ်သောကြောင့် အမြတ်အစွန်းကိုလည်း မြိုးမြိုးမြက်မြက် ယူထိုက်သည်မှာ မှန်ပါပေသည်။ သို့သော် အတိုင်းအတာ ဆိုသည်ကလည်း ရှိနေပေသေးသည်။ ယခုတစ်လော ခေတ်စားနေသည့် "ရိုက်စား" ဆိုသည့် စကားလုံးအတိုင်း ရိုက်စားလိုက်သလို တစ်ဖက်သား စားသုံးသူများကို တစ်စက်ကလေးမညှာပဲ ကိုယ်ကျိုးသက်သက်ကိုသာ ယူလိုက်မည်ဆိုလျှင်တော့ တကယ့်ခေါင်းဆောင်ညံ့ ဖြစ်တော့မည်မှာ သေချာနေပါလေပြီ။ စင်စစ် ထိုသို့သော သူမျိုးမှာလည်း ကြီးမြင့်သော စီးပွားရေးခေါင်းဆောင် ဖြစ်လာ

www.sagarwarmyae.net



ရန် မလွယ်လှပါ။ ထိုသို့သော သူမျိုးသည် မိမိ၏ လုပ်ဖော်ကိုင်ဖက်မှစ၍ လက်အောက်ငယ်သားများအပေါ်ပါ အခွင့်သာလျှင် သာသလို ရိုက်စားချင်သည့် အကျင့်ဆိုးကြီး ပါနေသောကြောင့် နောက်ဆုံးတွင် အထီးကျန်မှန်းမသိ အထီးကျန်ဖြစ် သွားတတ်ကြပေသည်။

တကယ့် ခေါင်းဆောင်ကောင်း ဖြစ်လိုလျှင် "ငါသည် ခေါင်းဆောင်ကောင်း တစ်ယောက် မုချဖြစ်ရမည်" ဟူသော အဓိဋ္ဌာန်ကို ခိုင်ခိုင်မာမာကြီး ချထားသင့်ပါသည်။ ပထမအဆင့်မှာ "ရလေ လိုလေ" တရိပ်ရိပ် တက်လာတတ်သော လောဘကို သတိတရ လှည့်လှည့်ကြည့်ပြီး ဇက်သတ်နိုင်ဖို့ လိုမည်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ မြန်မာတို့၏ ဆိုရိုးစကားလေး တစ်ခုရှိပါသည်။ "လောကီစီးပွားချမ်းသာမှုကို ရှာတော့မည်ဆိုလျှင် ဘယ်တော့မှ သေမည် မဟုတ်လေသကဲ့သို့ သဘောထားပြီး ဝီရိယ စိုက်ထုတ်ကြရမည်။ လောကုတ္တရာ သံသရာအရေးကို ရှေးရှုလျက် တရားအားထုတ် ကျင့်ကြံတော့မည် ဆိုလျှင်လည်း ယနေ့ နက်ဖြန် သေရတော့မည်ကဲ့သို့ ထိတ်လန့်တကြား အားထုတ်ကြရမည်" ဟူသော စကားဖြစ်ပါသည်။

"ရလေ လိုလေ" လောဘက ဘယ်လောက်

www.sagarwarmyae.net



ပင် တက်လာစေဦးတော့ ထင်ရှားလှသည့် အချက်တစ်ခု မှာ ကိုယ်သေတော့ ဘာမှယူသွားနိုင်သည် မဟုတ်။ တစ်ပဲ နှစ်ပြားတန် ပစ္စည်းကလေးများကိုပင် မက်မက် မောမော သိမ်းတတ်ဆည်းတတ်ကြစေကာမူ ကိုယ့်အ လောင်းကြီးကို တစ်နည်းနည်း လွှင့်ပစ်ကြတော့မည်သာ ဖြစ်သည်ဟူသော သတိတရားမျိုးနှင့် မတော်လောဘ (ဝိသမလောဘ) မျိုးကို အရှိန်သတ်သင့်ပါသည်။

နောက်တစ်ဆင့်ကတော့ လူအများ၏ အကျိုးကို အစွမ်းကုန် ကြိုးပမ်း ထမ်းဆောင်မည်ဟူ သော ပရဟိတစိတ်ဓာတ်မျိုးသို့ တက်လှမ်းနိုင်ရန် ဖြစ်ပါသည်။

မကြာသေးမီ သာယာဝတီ အောင်ရှင်း ပြု စုသော လင်းခေး ဦးထွန်းမြင့် ၏ အတ္ထုပ္ပတ္တိကို ဖတ်ရ ပါသည်။ မြန်မာပြည်တွင် ဇာဂျိုးနီးယား ဆေးရွက်ကို သူမို့လို့ "ကြံကြံစည်စည်" စိတ်ကူးပေါက်ပြီး ပထမဆုံး စိုက်ပျိုးခဲ့သူ ဖြစ်ပါသည်။ အကူအညီ ပေးနိုင်မည့်သူ တွေ့၊ အကြံတောင်းရမည့်သူ မရှိ မိမိတစ်ကိုယ်တော် တည်း အခက်အခဲ လှိုင်းတံပိုးတွေ ကြားထဲတွင် ကူးခတ် ရုန်းကန်ခဲ့ပုံကို ဖတ်ကြည့်ရသောအခါ တကယ့်ကို ချီးကျူးအပ်သော ယောကျ်ားကောင်း တစ်ယောက်ဟု အောက်မေ့မိပါသည်။

www.sagarwarmyae.net



ကျွန်တော် ပမာနထားပြီး ပြောချင်သည်က ထိုဖွဲ့ ထိုသတ္တိလောက်မျှကိုသာ ပြောချင်သည် မဟုတ်ပါ။ ဇာဂျီးနီးယား ဆေးရွက်ကို စိုက်ပျိုးလို့ စိတ်ကူးပေါက်လာသည့်စေတနာကို ပြောလိုခြင်းဖြစ်ပါသည်။ သူက ရန်ကုန် ဒလဘက်မှာ ဆန်စက်လုပ်ငန်းကို လုပ်နေသည်။ တစ်နေ့တွင် လင်းခေးမှ သူ့ဦးရီးတော်တစ်ယောက်ရောက်လာပြီး ကျေးလက်တောင်သူများ ဆင်းရဲလှကြောင်း၊ ဆေးစိုက်တောင်သူများမှာလည်း ပင်ပန်းသလောက် အရာမထင်၊ အရိုးပေါ် အရေတင် မသေရုံလောက်သာ စားနေရကြောင်း ပြောပြရာတွင် သူကိုယ်တိုင် လင်းခေးဘက်သို့ တစ်ခေါက်ပြန်ပြီး လိုက်သွားသည်။ တွေ့လိုက်ရသည်များက သူ့ဦးရီးတော် ပြောပြသည်ထက်ပင် ဆိုးနေသေးသည်။ ထိုထိုသော တောသူတောင်သား ဆင်းရဲသားတို့ကို သနားကြင်နာလှသည်နှင့် ဆေးစိုက်တောင်သူတို့ အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်လောက်သည့် ဇာဂျီးနီးယားဆေးစိုက်ပျိုးမှုကို စိတ်ကူးပေါက်သွားခြင်း ဖြစ်ပါသည်။ မူရင်းအခြေခံကိုက လူအများ၏ အစီးအပွားကို ဆောင်အံ့ဟူသော စေတနာဖြစ်ပါသည်။ နောက်ပိုင်းတွင် တကယ် အောင်မြင်လာသော အခါတွင်လည်း ဆေးစိုက် တောင်သူများမှာ အကျိုးခံစား ကြရပါသည်။

www.sagarwarmyae.net



ထိုကဲ့သို့သော လင်းခေးဦးထွန်းမြင့်နှင့် ထိုသို့သော ဟသ်ာတ ဦးမြတို့လို စီးပွားရေး ခေါင်းဆောင်ကြီးနှစ်ဦး ပေါင်းဖက်မိကြသောအခါ ဗာဂျီးနီးယား ဆေးစိုက်ခင်းများမှာ ဟသ်ာတ၊ ပခုက္ကူစသော နယ်များသို့ထိအောင် ခရီးဆန့်သွားလေတော့သည်။ စာပေဖွံ့ဖြိုးရေး၊ ပညာဖွံ့ဖြိုးရေးအတွက် ကျပ်ငွေ သိန်းပေါင်းများစွာ ပဒေသာပင်လှူခဲ့သော ပခုက္ကူဦးအုန်းဖေ၏ ဗာဂျီးနီးယား ဆေးပေါင်းဖိုမှ ဆေးရွက်များသည် လင်းခေး ဦးထွန်းမြင့်၏ မျိုးစေ့များတွင် အခြေခံခဲ့ရကြောင်း သတိရလိုက်မိမည်ဆိုလျှင် လင်းခေးဦးထွန်းမြင့်ကိုလည်းကောင်း၊ စီးပွားရေး အမြင်ကျယ်လှသော ဟသ်ာတ ဦးမြကိုလည်းကောင်း "စီးပွားရေးခေါင်းဆောင်ကြီးများ" ဟု ခေါ်ဆိုလိုက်ပါပေသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့လို နိုင်ငံရေးခေါင်းဆောင်ကောင်းများသည် တိုင်းပြည်နှင့် လူမျိုးအတွက် မနားမနေ တစ်ချောင်းတည်းသော စိတ်ဖြင့် ကြိုးစားအားထုတ်ခဲ့ကြသကဲ့သို့ပင် လင်းခေးဦးထွန်းမြင့်တို့လို စီးပွားရေးခေါင်းဆောင်များသည်လည်း မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်း ဟူသမျှကို မတွန့်တို တစ်ရွေးသားမကျန်အောင် လူများအတွက် စွန့်လွှတ်ပေးကမ်းခဲ့ကြသည်ပင် ဖြစ်ပါသည်။

www.sagarwarmyae.net



ယခုအခါတွင် စီးပွားရေးနယ်ပယ်၌ တက်ကြွစွာ လှုပ်ရှားနေကြသော လူငယ်များကိုမြင်ရသည့်အခါ ကျွန်ုပ်တော့်စိတ်တွင် သူတို့လေးတစ်တွေကို အလွန်အားကိုး မျှော်မှန်းခြင်း ဖြစ်မိပါသည်။ ထို့ကြောင့်လည်း မေတ္တာစကားနှင့် နိဂုံးချုပ်လိုက်ချင်ပါသည်။

**"ငါ ချမ်းသာရမည် ဟူသော စိတ်နှင့် မကြိုးစားပါနှင့်၊ ငါဟာ မုချ စီးပွားရေးခေါင်းဆောင် တစ်ယောက်ဖြစ်ရမည်ဟူသော စိတ်နှင့်ကြိုးစားကြပါ။ လူလည်း ချမ်းသာပါလိမ့်မည်၊ စိတ်လည်း ချမ်းသာ ပါလိမ့်မည်၊ အများလည်း ဝပါလိမ့်မည်၊ သမိုင်းလည်း လှပါလိမ့်မည်"**

ထူးချွန်သော စီးပွားရေးခေါင်းဆောင်များ ဖြစ်ကြပါစေသတည်း။ ။

www.sagarwarmyae.net



# လူငယ်နှင့် သတ္တိ

ကျွန်တော်တို့ တက္ကသိုလ်ရောက်စ ပထမနှစ်လောက်တွင် လေထဲကအသံ ဟူသော အင်္ဂလိပ်စာ စာအုပ်ကို သင်ခဲ့ရဖူးပါသည်။ ပုဂ္ဂိုလ်ကျော်များ ဘီဘီစီ အသံလွှင့်ဌာနမှ ပြောပြချက်များအနက် ကောင်းနိုးသင့်နိုးရာတို့ကို ရွေးချယ်စုပေါင်း၍ထားသော စာအုပ်ဖြစ်ပါသည်။ စာပေအကြောင်း၊ သမိုင်းအကြောင်း၊ စစ်အကြောင်း စသည်ဖြင့် အကြောင်းအရာများလည်း စုံလင်ပါသည်။ အတန်အသင့် ထိုဟောပြောချက်များအနက် ယခုထက်တိုင် ကျွန်တော် မမေ့နိုင်သေးသည့် အကြောင်းအရာမှာ ဆာဗီလျံစလင်း၏ သတ္တိဆိုတာ ဘာလဲ (What is Courage) ဖြစ်ပါသည်။

ဆာဗီလျံစလင်းကို ကျွန်တော်တို့ မြန်မာများက ဗိုလ်ချုပ်ကြီး စလင်း (General Silm) အဖြစ် လူသိများပါသည်။ ဖက်ဆစ်တော်လှန်ရေး ကာလတွင်

www.sagarwarmyae.net



ကျွန်တော်တို့ ဗမာ့တော်လှန်ရေးကို မဟာမိတ်တပ်များက အသိအမှတ်ပြုရေးအတွက် ဆောင်ရွက်ရန် သံတမန်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း သွားရောက်တွေ့ဆုံခဲ့ရသည်မှာ ဗိုလ်ချုပ်ကြီးစလင်း ဖြစ်ပါသည်။ သူရေးသားခဲ့သော စစ်မှတ်တမ်း အရှုံးမှသည် အောင်ပွဲသို့ (Defeat into Victory) စာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ သူ့ထင်မြင်ချက် ချီးကျူးချက်တို့ကို ထည့်သွင်းရေးသားခဲ့သောကြောင့် ကျွန်တော်တို့ မြန်မာများကလည်း သူ့ကို ချစ်ခင်ကြပါသည်။

ထိုထိုသော အကြောင်းအရာများကို အပထား၍ အထက်တွင် ကျွန်တော် ဖော်ပြခဲ့သော 'သတ္တိဆိုတာ ဘာလဲ' ဟူသော ဟောပြောချက်ကြောင့် ပင်လျှင်ကျွန်တော်သူ့ကို ကြည်ညိုမိပါသည်။ ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး စလင်း၏ ဟောပြောချက် အကျဉ်းချုပ်ကို ကျွန်တော်တင်ပြလိုပါသည်။ ကျွန်တော့်ဆောင်းပါးအတွက် လိုအပ်သမျှ အကျဉ်းချုပ်မှာ. . .

*လူတိုင်းတွင် သတ္တိရှိသည်။ ယောကျ်ား၊ မိန်းမ၊ လူဖြူ၊ လူမည်း မရွေး သတ္တိရှိသည်။ သတ္တိနည်းခြင်းများခြင်းသာလျှင် ကွာခြားသည်။ နည်းလျှင် ခဏနှင့် ကုန်တတ်၍ များလျှင်ကြာရှည်ခံသည်။*

www.sagarwarmyae.net



တစ်ဖန် သတ္တိတွင် **ကာယသတ္တိ နှင့် စိတ်ဓာတ်သတ္တိ** (*Physical Courage and Moral Courage*) ဟူ၍ နှစ်မျိုးရှိသည်။ ကာယသတ္တိဆိုသည်မှာ ကိုယ်ကာယဆင်းရဲမှု ခံဝံ့ခြင်း၊ တိုက်ဝံ့၊ ခိုက်ဝံ့၊ ထိုးဝံ့၊ ကြိတ်ပုံ၊ ခံဝံ့ခြင်း စသည်တို့ဖြစ်ပေသည်။ စိတ်ဓာတ်သတ္တိမှာ မှန်သည်ဟု ထင်သောကိစ္စအတွက် ကိုယ်ကျိုးစွန့်၍ ရပ်တည်ဝံ့ခြင်း၊ အနစ်နာခံဝံ့ခြင်း၊ ယုံကြည်ချက်အတွက် အသက်ကို စွန့်ဝံ့ခြင်း၊ ချီးမွမ်းကဲ့ရဲ့စသည့် လောကဓံတရားကို သည်းခံနိုင်ခြင်း စသည့် သတ္တိမျိုး ဖြစ်သည်။

လူတိုင်းတွင် ကာယသတ္တိ အနည်းနှင့်အများ ရှိစမြဲ ဖြစ်သည်။ သို့သော် နေရာဌာနအားဖြင့် ကွာတတ်သည်။ မိမိကျွမ်းကျင် ယဉ်ပါးနေသော ကိစ္စမျိုးတွင် ပိုမိုသတ္တိကောင်းတတ်သည်။ တောင်ပေါ်သားတစ်ယောက်သည် ရေလမ်းခရီး၊ ရေလုပ်ငန်းတို့တွင် သတ္တိနည်းကောင်း နည်းမည်ဖြစ်သော်လည်း တောရိုင်းတောင်စွယ်တွင်မူကား သတ္တိပိုကောင်းပေလိမ့်မည်။ အတွေ့အကြုံယဉ်ပါးမှုဖြင့် ကာယသတ္တိကို တိုးတက်လာအောင် ပြုစုပျိုးထောင် ယူနိုင်ပေသည်။

စိတ်ဓာတ်သတ္တိမှာမူကား ကိုယ်ကျင့်တရား အသိဉာဏ်စသည်တို့နှင့် သက်ဆိုင်သည်။ ထို့ကြောင့်

www.sagarwarmyae.net



အလှယ်တကူ ပြုစုပျိုးထောင်၍ မရ။ အသိပညာ ဆည်းပူးခြင်း၊ ဆင်ခြင်တုံတရားကို ကြီးမားစေခြင်း၊ ယုံကြည်ချက်ကို ခိုင်မြဲခြင်းစသည်တို့ဖြင့် မွေးမြူပျိုးထောင်နိုင်သည်။

စိတ်ဓာတ်သတ္တိကို အားကိုးသူတို့မှာ တစ်ခါတစ်ရံ ကာယဆိုင်ရာ စွန့်စားမှုများကို ပြုလုပ်ရန် ဝန်လေးတတ်သည်။ ဖြစ်နိုင်လျှင် ရှောင်ရှားချင်ကြသည်။ သို့သော ထိုသူများကို အထင်မသေးအပ်။ အရေးကြုံလာ၍ လိုအပ်လာသည့်အခါများတွင် သူတို့၏အသက်အိုးအိမ် စည်းစိမ်နှင့်ဘဝကြီးတစ်ခုလုံးကိုပါ ရက်ရက်ရောရော စွန့်လွှတ်တတ်ကြသည်။ ထို့ကြောင့် စိတ်ဓာတ်သတ္တိကား ပို၍မိုကြီးမြတ်သည်ဟု ဆိုသင့်ပေသည်။

လူတိုင်းတွင် သတ္တိရှိသော်လည်း နည်းခြင်းများခြင်းကွာခြားသည်။ နည်းလျှင်ကြာကြာမခံ။ များလျှင် ကြာကြာခံသည်။ သတ္တိကို တရစပ် အနားမပေးဘဲ သုံးစွဲနေလျှင် ဘက်ထရီကဲ့သို့ပင် ကုန်သွားတတ်သည်။ ခေတ္တအနားပေးလိုက်လျှင် ဘက်ထရီကို အားပြန်သွင်းလိုက်သကဲ့သို့ သတ္တိပြည့်လာနိုင်ပြန်သည်။

သတ္တိကုန်စ ပြုနေခြင်းကို သတိထားကြည့်လျှင် ထင်ထင်ရှားရှား တွေ့နိုင်သည်။ ပထမဆုံး ရက်

www.sagarwarmyae.net



ရှည်လများ ရန်သူနှင့် တရစပ် ရင်ဆိုင်နေရသောအခါ စစ်သားများသည် သန့်ရှင်းမှု၊ သပ်ရပ်မှု စသော စည်းကမ်းများကို လိုက်နာခြင်းမရှိ ဖြစ်လာတတ်သည်။ စားသောက်နေထိုင်မှု၊ ဝတ်စားဆင်ယင်မှုတို့တွင် ဖြစ်ကတတ်ဆန်း ပစ္စလက်ခတ် နေလာတတ်သည်။ ဒုတိယအဆင့် စကားအပြောအဆို ရိုင်းစိုင်းကြမ်းတမ်းလာသည်။ ညစ်တီးညစ်ပတ် တိုင်းထွာ ဆဲရေးပြောဆိုမှုများထူပြောလာတတ်သည်။ သတ္တိကုန်ခမ်းခြင်း ဒုတိယအဆင့်သို့ ရောက်နေကြောင်း သတိထားရမည်။ နောက်တန်းသို့ ခေတ္တပြန်ပို့ပြီး အေးအေးလူလူ နားနေလိုက်လျှင် ခဏချင်းနှင့်ပင် ပုံမှန် ပြန်ရောက်သွားနိုင်သည်။ ဤသို့မှ နားခွင့်မရဘဲ ဖြစ်နေလျှင် နောက်ဆုံးတတိယအဆင့်သို့ ရောက်လာတတ်သည်။ ထိုအဆင့်သို့ရောက်လာလျှင် ဆင်ခြင်တိုင်းထွာမှု သည်းခံနိုင်မှုပျောက်ကွယ်ပြီး မိုက်ရူးရဲ ဖြစ်သွားတတ်သည်။ မိုက်ရူးရဲတဇွတ်ထိုး လုပ်မှုကြောင့်လည်း ထိမှန်ကျဆုံးသွားတတ်သည်။

ဤသို့ အရေးအကြောင်း ကြီးကြီးမားမား ကြုံလာလျှင် သတ္တိနည်းပါးသူက စောစောစီးစီး ကုန်ခမ်း၍၊ သတ္တိများသူက ကြာရှည်ခံနိုင်သည်။ ကြာရှည်ခံနိုင်သော သတ္တိမျိုးကို "ဇွဲ" ဟုခေါ်သည်။ ဇွဲ ဆို

www.sagarwarmyae.net



*သည်မှာ အခြားမဟုတ်ပေ။ ကြာရှည်ခံသော သတ္တိပင်ဖြစ်သည်။ ဇွဲသည် သတ္တိ၏အနှစ်သာရပင် ဖြစ်သည်။*

ဤသည်မှာ ဗိုလ်ချုပ်ကြီး စလင်း၏ ဟောပြောချက် အကျဉ်းချုပ်ပင် ဖြစ်ပါသည်။ ကျွန်တော့်ဆောင်းပါးအတွက် လိုအပ်သမျှကို အကျဉ်းချုပ်တင်ပြထားခြင်းဖြစ်၍ မပြည့်စုံသေးကြောင်းကိုကားအထူးပြောဖွယ် မလိုတော့ပါ။

ကျွန်တော်သည် စစ်ဗိုလ်တစ်ယောက်မဟုတ်ပါ။ ကျောင်းဆရာ တစ်ယောက်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော့် ပတ်ဝန်းကျင်တွင် စစ်သည်တော်များ မရှိပါ။ ကျောင်းသားများသာ ရှိပါသည်။ ကျွန်တော် ကျင်လည်ရသော နေရာမှာ စစ်မြေပြင် မဟုတ်ပါ။ ကျောင်းစာသင်ခန်းများသာ ဖြစ်ပါသည်။

ထို့ကြောင့် ကျောင်းဆရာဖြစ်သော ကျွန်တော်သည် ကျွန်တော်၏ ကျောင်းစာသင်ခန်းများရှိ ကျောင်းသားများကိုသာ လေ့လာရပါသည်။ စစ်မြေပြင်၌ သတ္တိနည်းသော၊ သတ္တိများသော စစ်သည်တော်များ ရှိသကဲ့သို့ ကျောင်းစာသင်ခန်း စစ်မြေပြင်တွင်လည်း သတ္တိနည်းသော သတ္တိများသော ကျောင်းသားများကို တွေ့နေရမြဲ ဖြစ်ပါသည်။

www.sagarwarmyae.net



ပညာသင်နှစ်အစ စာသင်ခန်း စစ်မြေပြင်သို့ ဝင်လာကြသော ကျောင်းသားများမှာ သတ္တိအပြည့်နှင့် ဖြစ်ပါသည်။ "ဒီနှစ်တော့ အပြတ်အသတ် ကြိုးစားလိုက်မယ်" ဟူသော သိန္နိဋ္ဌာန်နှင့်ချည်း ဖြစ်ပါသည်။ သတ္တိကိုလည်း များများစားစား မသုံးစွဲရသေးပါ။ ထို့ကြောင့် စည်းကမ်းစနစ်ကျမှု၊ သပ်ရပ်မှုများကိုလည်း ကျေနပ်ဖွယ်ရာ တွေ့နိုင်ပါသည်။ လွယ်အိတ်သစ်ကလေးတွင် စာအုပ်သစ်ကလေးများကို ထည့်ပြီး လုံချည်စိမ်း၊ အင်္ကျီဖြူ သတ္တိလေးတလူလူနှင့် ဖြစ်နေတတ်ပါသည်။

မှတ်စုစာအုပ်ကလေးများကို ကြည့်မလား။ အဖုံးလေးများပင် ဖုံးထားလိုက်သေးသည်။ နာမည်ထိုးထားလိုက်သည်မှာလည်း မောင်ဘယ်သူ၊ မဘယ်ဝါ၊ ဘယ်နှစ်တန်း၊ ကကြီး ခကွေး စသည်ဖြင့် လက်ရေးလေးများမှာ ဝိုင်းစက်နေတတ်ပါသည်။

စာအုပ်ကို ဖွင့်ကြည့်လိုက်လျှင် ဘေးမျဉ်းသားပုံ၊ ရက်စွဲတပ်ပုံမှ စ၍ ပြောစရာမရှိပါ။ လက်ရေးကလည်းလှလှပပ၊ အပြင်အဆင်ကလည်း ကျကျနနမို့ ကြည့်လို့ မဝနိုင်အောင် ရှိနေပါလိမ့်မည်။ အချိန်ဇယားလေးများ ကူးထားလိုက်ပုံကပင်လျှင် ရောင်စုံခြယ်ထားသဖြင့် အနုပညာမြောက်လှချည်ရဲ့ဟု အောက်မေ့

www.sagarwarmyae.net



ရပါသည်။

အိမ်စာတွေ ပေးလိုက်သမျှ မပြီးခဲ့သည့်နေ့ဟု မရှိ။ ပေးလိုက်သမျှစာကို တစ်နေ့စာတစ်နေ့ ရပြီးဖြစ်နေသည်။ (စာကလည်း များများစားစား မရှိသေးပါ။ ဆရာတွေကလည်း ကျောင်းလခ ကောက်ရ၊ စာအုပ်စာရင်း လုပ်ရ၊ စာအုပ်ဖိုးတောင်းရ၊ စာရင်းသွင်းရနှင့် မည်မည်ရရ စာမသင်နိုင်သေးပါ။) ထို့ကြောင့် တစ်နေ့ပေးလိုက်သော စာကို တစ်နေ့ကျက်ပြီး ဖြစ်နေသည်။ ကြွေးတင်သောစာဟူ၍ တစ်လုံးမျှပင် မရှိ။ သည်ကြားထဲတွင် သန္နိဋ္ဌာန်ချပြီး ဖြစ်သည့်အတိုင်း မနက်စောစောထပြီး စာကျက်လိုက်ပါသေးသည်။

ကျောင်းသွားခါနီးသောအခါ အချိန်စာရင်းကို သေချာကြည့်။ ဒီနေ့ယူရမည့် စာအုပ်ကိုရွေး။ လွယ်အိတ်ထဲ သေချာထည့်။ ပေတံပါလား၊ ခဲတံပါလား၊ ကွန်ပါဘူးပါလား စစ်ဆေး။ ဘာမှလိုလေသေးမရှိ။ သတ္တိက အပြည့်။

ဤသို့လျှင် တစ်ရက်၊ နှစ်ရက်၊ တစ်ပတ်၊ နှစ်ပတ်၊ တစ်လ၊ နှစ်လ ကြာလာတော့သည်။

သတ္တိနည်းသူက သတ္တိနည်းပုံကို ပြလာပါပြီ။ မနေ့ညက တီးဝိုင်းနားထောင်သည်။ အငြိမ့် သွားကြည့်သည်။ ဗီဒီယို သုံးကားတွဲ ကြည့်မိသည်။

www.sagarwarmyae.net



ထို့ကြောင့် မနက်အိပ်ရာက မထချင်တော့။ နာရီနိုးစက်ကတော့ မြည်ပါ၏။ အိပ်ရာ ထချင်စိတ်က လုံးမ မရှိ။ သို့သော် ကိုယ့်သန္တာန်ကြီးကလည်း 'မနက် စောစော ထပြီး စာကျက်မယ်'။ ဒါကြီးကိုလည်း မဖျက်ချင်။ ထို့ကြောင့် ကိုယ့်ဘာသာကိုယ် ဆင်ခြေပေးရသေးသည်။ 'ညက အိပ်ရေးပျက်ထားတယ် မဟုတ်လား။ သိပ်အိပ်ချင်နေတာ၊ သိပ် အိပ်ချင်နေတုန်း စာကြည့်တော့လည်း ခေါင်းထဲဝင်တာ မဟုတ်ဘူး။ ဒီတော့ နက်ဖြန်ခါမှ နှစ်ရက်စာပေါင်းပြီး လေးနာရီကထပြီး စာကျက်မယ်၊ ဟုတ်တယ် ဆက်အိပ်လိုက်မယ်'

ကျောင်းသွားချိန်ရောက်၍ အိမ်ကနိုးမှ အိပ်ရာထရသည်။ ကမန်းကတန်း မျက်နှာသစ်၊ ထမင်းစား၊ အရေးတကြီး ကျောင်းသို့ထွက်လာခဲ့သည်။ ကျောင်းရောက်တော့ ဘောဂဗေဒ သင်ပြီ။ ပထဝီ စာအုပ်ကိုမှားယူလာခဲ့သည်။ 'ဟုတ်သားပဲ၊ ဒီနေ့ ဘောဂဗေဒပဲ' သို့သော်လည်း ကိစ္စမရှိ။ ပထဝီ စာအုပ်နောက်မှာပဲ ဘောဂဗေဒကို ကူးယူသွားတော့မည်။ အိမ်ရောက်မှ ဘောဂဗေဒ မှတ်စုစာအုပ်ထဲ ကူးထည့်တော့မည်။ အိမ်ရောက်တော့ မကူးဖြစ်ပါ။ နောက်တစ်နေ့ မနက်လေးနာရီလည်း မထဖြစ်ပါ။

ဤသို့အားဖြင့် တစ်စတစ်စ စည်းကမ်းပျက်

www.sagarwarmyae.net



လာသည်။ မှတ်စုတွေကလည်း အရောရောအထွေးထွေး ဖြစ်ကုန်ပြီ။ သချ်ာစာအုပ်ထဲမှာ သမိုင်းမှတ်စုတချို့၊ ပထဝီစာအုပ်ထဲမှာ ဓာတုဗေဒမှတ်စုတချို့၊ တစ်ခါတစ်ရံတော့ ဗလာစာအုပ်သစ်တွေဝယ်ပြီး မှတ်စုတွေအားလုံး ပြည့်စုံအောင် ပြန်ကူးထည့်မည်ဟု စိတ်ကူးမိသေးသည်။ သို့သော်စိတ်ကူးသာရှိသည်။ လက်တွေ့ မလုပ်ဖြစ်နိုင်တော့။ ကိုယ့်မှတ်စုတွေ ကိုယ်ကျက်ဖို့ရာကလည်း ယုံကြည်စိတ် မရှိတော့။

'မထူးတော့ပြီ' ဟူသော စိတ်ဖြင့် နောက်ထပ်ပြီး မှတ်စုကူးရာ၌ ကြိုးစားပမ်းစားပင် မရှိတော့။ အပျင်းပြေ ဝတ်ကျေတန်းကျေလောက်သာ ကူးတော့သည်။ အတန်းထဲတွင် ရှုတ်ရှုတ်နောက်နောက် ပြောရင်း ပြောင်ရင်းပင် မှတ်စုတို လိုက်ရေးလာသည်။ ဒုတိယအဆင့်သို့ ရောက်လာပါပြီ။

နံနက်စောစော အိပ်ရာထပြီး စာဖတ်ဖို့ သန္နိဋ္ဌာန်ကြီး ပျက်သွားသည်ကတော့ အတော်ကြီးကို ကြာခဲ့ပါလေပြီ။

နောက်ဆုံး မိုက်ရူးရဲအဆင့်သို့ ရောက်ပါတော့မည်။

ကျူရှင်တွေ၊
အနီးကပ် ပို့ချချက်တွေ၊

www.sagarwarmyae.net



အထူးထုတ်တွေ၊

ဒါတွေကို အားကိုးရတော့မည်။

ရန်ကုန်က ဆရာကြီးတွေ ကိုယ်တိုင်လာပြီး ပို့ချမည်။ သုံးလအတွင်း ဘာသာစုံ ပြီးစေရမည်။ သုံးလအပြတ် သင်တန်းကြီး။ အဲဒါကိုပဲ တက်တော့မည်။ စာမေးပွဲ ဝင်ခွင့်ပုံစံ တင်ပြီးပြီ။ ကျောင်းမတက်လျှင်လည်း ကိစ္စမရှိတော့။ ကျောင်းမတက်ဘဲ စာကို အပြတ်ဖိချတော့မည်။ ကျူရှင်စာတွေပဲ အပြတ်ကျက်တော့မည်။

ကျူရှင်ကလည်း တစ်နှစ်လုံးစာအတွက် သင်ခန်းစာ (တစ်ခါတစ်ရံ ကိုးတန်းပြဋ္ဌာန်းချက်ပါ နှစ်နှစ်လုံးအတွက် သင်ခန်းစာ) ကို သုံးလနှင့် အပြတ် သင်ရသည် ဖြစ်လေရာ ဘယ်မှာလျှင် အသေးစိတ် သင်နိုင်ပါမည်နည်း။ ကျော်တန်သည်ကိုကျော်၊ လွှားတန်သည်ကို လွှားရစမြဲ ဖြစ်သည်။ သင်ပေးရုံ၊ ပို့ချရုံ သာတတ်နိုင်သည်။ လေ့ကျင့်ချိန် မပေးနိုင်။

ကိုယ်က အခြေခံ မခိုင်လေရကား သင်ခန်းစာ တစ်ချက် ကျော်လိုက်လျှင် တစ်ချီမောကျန်ရမြဲ ဖြစ်လာသည်။ ဤသို့ဖြင့် သုံးလပြတ်ကိုလည်း စိတ်မချ မယုံကြည်တော့။ နောက်တော့ နှစ်လပြတ်၊ တစ်လပြတ်၊ ပြတ်သည်ထက်ပြတ် လာလေသည်။

www.sagarwarmyae.net



နောက်ဆုံးကျတော့ မထူးတော့ပါဘူးဟု မိုက်ရူးရဲ ဆန်ဆန်လုပ်ကြရသည်။ ခန့်မှန်းမေးခွန်းတွေ မှချတိုးရမည်ဆိုသော မေးခွန်းတွေ။

ရန်ကုန် ဘယ်သူ့ဆီက ရခဲ့တာ၊ ဘယ်သူက ပေးလိုက်တာ၊ ဘယ်ပုဂ္ဂိုလ်ကြီးရဲ့သားက အပိုင်ရထား တာ စသည်စသည်ဖြင့် ခန့်မှန်းတွေ၊ ပုံသေမေးခွန်းတွေ တစ်ပြုံကြီး ဖြစ်လာသည်။ အဲဒါတွေ အားလုံး ပေါင်း လိုက်ပြန်တော့လည်း ပြဋ္ဌာန်းချက် ကုန်သလောက် ဖြစ်နေပြီ။ ကျက်ဖို့ တွက်ဖို့ အချိန်လုံးဝမရှိတော့ပြီ။

"ဟယ် စာမေးပွဲဆိုတာ ကံလည်း ရှိသေး တာပဲ" ဤသို့အားဖြင့် ကံသာအမိ၊ ကံသာအဖ အောက်မေ့ပြီး စွန့်စားရတော့သည်။

**စာမေးပွဲ ဆိုသည်မှာ စွန့်စားခြင်း မဟုတ်၊ ထီထိုးခြင်းမဟုတ်၊ "ဒါတွေကို ဖတ်ထား၊ ဒါတွေကို လေ့ကျင့်ထား၊ အဲဒီထဲက စာတွေကို ရသလား၊ မရဘူး လား၊ မေးမယ်၊ ဖြေနိုင်ရင် အောင်မယ်၊ မဖြေနိုင်ရင် ရှုံးမယ်" ဟု ပြောင်ပြောင် တင်းတင်းကြီး လုပ်ရသော ကိစ္စမျိုးဖြစ်သည်။ ကံကို ဘယ်နေရာမှာ အားကိုးရ ပါမည်နည်း။ စာမေးပွဲ ဖြေခါနီးတွင် မကျန်းမမာဖြစ်၍ မဖြေနိုင်သည့် ကိစ္စမျိုးမှအပ ကံကို ယိုးမယ်ဖွဲ့စရာ အကြောင်း တစ်စုံတစ်ရာ မရှိပါ။**

www.sagarwarmyae.net



ကျွန်တော်သည် ကျောင်းဆရာ တစ်ယောက်သာဖြစ်ပါသည်။

ကျွန်တော်ပြောဝံ့ပါသည်။ သတ္တိကောင်းသော၊ သတ္တိများသော (ဝါ) ဇွဲကြီးသော ကျောင်းသားတို့သည် စာမေးပွဲကို အောင်ကြမြဲ ဖြစ်ပါသည်။ သတ္တိကို ကြာရှည်ခံအောင် မွေးမြူကြဖို့သာ လိုပါသည်။

သတ္တိကို မွေးယူလို့ ရသလား။

မွေးလို့ ရပါသည်။

ကျွန်တော်လို လူမျိုးက ပြောသည်ကို မယုံပါနှင့်။

ဗိုလ်ချုပ်ကြီးစလင်း ပြောသည့်စကား တစ်ပိုဒ်ကို ထပ်ပြီးပြောချင်ပါသေးသည်။

မြန်မာပြည်မြောက်ပိုင်းသို့ မဟာမိတ်တပ်များ ထိုးဖောက် ဝင်ရောက်ကြသောအခါ ဗြိတိသျှ စစ်သားများမှာ မြန်မာတို့၏ တောတောင် ရေမြေ၊ တောနေ သတ္တဝါများနှင့် မယဉ်ပါးကြသောကြောင့် ရှဉ့်ခုန်ချသည်ကိုလည်း လန့်၊ ပျောက်အောင်သည်ကိုလည်း ထိတ်၊ မြွေကိုလည်း ကြောက်၊ ကျားကိုလည်း ရွံ့ဖြစ်နေကြသည်။ ထို့ကြောင့် ကင်းထောက်တပ်ဖွဲ့ တစ်ခုကို ကင်းထောက် လွှတ်လိုက်လျှင် အချိန်တန်၍ ပြန်သာ ရောက်လာရော ဘာသတင်းမှ မည်မည်ရရ မပေးနိုင်။

www.sagarwarmyae.net



သတင်းသာ မရခဲ့သည်။ လူတွေကတော့ တုန်တုန်ယင်ယင် တထိတ်လန့်လန့် ဖြစ်နေတတ်သည်။

ဤတွင်မှ မြန်မာပြည်၏ တောမြိုင်ရိပ်ကြီးမျိုးနှင့် ယဉ်ပါးအောင် ကြံစည်ရသည်။ အိန္ဒိယပြည်မြောက်ပိုင်း မြန်မာပြည် သစ်တောမျိုးနှင့် တူသောဒေသ၌ နှစ်လ သုံးလ စခန်းချရသည်။ ထိုအခါတွင်မှ အသားကျသွားသည်။

ထိုလေ့ကျင့်ပြီး တပ်သားများကို မြန်မာပြည်မြောက်ပိုင်း တောတွင်းတပ်စခန်းများ၌ သုံးလိုက်သောအခါ အလွန်ခရီးတွင်သည်ကို တွေ့ရသည်။ ကင်းထောက်တပ်ဖွဲ့တစ်ခုကို လွှတ်လိုက်လျှင် ရန်သူ့တပ်စခန်း အခြေအနေ အဖိုးတန်သတင်းများ ပေးနိုင်ရုံသာမက တစ်ခါတစ်ရံ ဂျပန်စစ်ခမောက်နှစ်လုံးလောက်ပင် ပါလာတတ်သေးသည်ဟု ဆိုပါသည်။

ဤသို့လျှင် သတ္တိကို လေ့ကျင့်ယဉ်ပါးစေခြင်းဖြင့် မွေးမြူပျိုးထောင်၍ ရနိုင်ပါသည်။

ဤကိစ္စကို ခဏဖြတ်ပြီး မကြာသေးမီကမှ ကွယ်လွန်သွားရှာသော သချာပါမောက္ခဟောင်း ဆရာကြီးဦးအောင်လှအကြောင်းကို ပြောချင်ပါသည်။

ရန်ကုန်တက္ကသိုလ်တွင် ပါမောက္ခ ဦးအောင်လှမှာ အလွန်နာမည်ကြီးပါသည်။ သချာဉာဏ်ကြီးလှ

www.sagarwarmyae.net



သည်ဟု လည်း ကျော်စောပါသည်။

ကျွန်တော် မှတ်မိသမျှ ၁၉၅၁ ခုနှစ်လောက်က ထင်ပါသည်။ ပဲခူးဆောင်လား၊ သထုံဆောင်လား မမှတ်မိတော့ပါ။ အဆောင်၌ နှစ်ပတ်လည် ညစာစားပွဲတွင် ဆရာကြီးဦးအောင်လှ မိန့်ခွန်းစကား အနည်းငယ် ပြောပါသည်။

အခမ်းအနားမစမီ တစ်ယောက်ယောက်နှင့် သချ်ာအကြောင်း စကားစပ်မိဟန်တူပါသည်။ ဆရာကြီး၏ မိန့်ခွန်းတွင် ထိုအချက်ကိုထည့်ပြီး ပြောသွားလိုက်သည်ကို ကျွန်တော်မှတ်မိနေပါသည်။ ကျွန်တော်မှတ်မိသမျှ ပြောရလျှင် . . .

*"မင်းတို့ ငါ့ကို သချ်ာဉာဏ်ကြီးတယ်လို့ ထင်နေကြတယ်။ မွေးရာပါ ဉာဏ်တွေ ပါရမီတွေ ထင်နေကြတယ်၊ မဟုတ်ဘူးကွ၊ ငါငယ်ငယ်တုန်းက သချ်ာ သိပ်ညံ့ခဲ့တယ်၊ အောင်မှတ်ရအောင် မနည်းကြိုးစားခဲ့ရတာ၊ သချ်ာဆရာစိတ်ညစ်အောင် ညံ့ခဲ့တာ၊ ဒီလိုနဲ့ ခုနှစ်တန်း ရှစ်တန်းလောက်မှာ ဆရာကညံ့ရမလား ဆိုပြီး နားရင်းကို တစ်ချက်ချလိုက်တာ ထူပူသွားတာပဲ။ အဲဒီမှာ ငါတော်တော်လေးရှက်သွားတယ်၊ ဒေါသလည်း ဖြစ်သွားတယ်၊ အဲဒါနဲ့ ဒီလောက်တောင် ဖြစ်လို့တဲ့ သချ်ာဆိုပြီး အမြင်ကတ်ကတ်နဲ့ တွက်ပစ်တာပဲ၊*

www.sagarwarmyae.net



*အဲဒီလို ဒေါသဖြစ်ဖြစ်နဲ့ အမြင်ကတတ်ပြီးတွက်ရင်း သချ်ာကို စိတ်ဝင်စားသွားတာနဲ့ သချ်ာပါမောက္ခ ဖြစ်လာရတာကွ၊ ပါရမီမဟုတ်ဘူး၊ ပါရမီဆိုရင် ငယ်ငယ်ကတည်းက တော်လာမှာပေါ့ကွ၊ ဒီတော့ သချ်ာဆိုတာ နာနာတွက်နေရင် တော်လာတာပဲ။ ဉာဏ်ကြီးမှဖြစ်တဲ့ ကိစ္စမျိုးမဟုတ်ပါဘူး၊ ငါ့ဉာဏ်နဲ့ မင်းတို့ဉာဏ်နဲ့ အတူတူပါပဲကွ"*

ဤသို့ ပြောခဲ့ဖူးပါသည်။ ကျွန်တော့်ကိုယ်တွေ့အရလည်း ထိုကဲ့သို့ပင်ဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီးစလင်းပြောသလို သချ်ာတောရိုင်းမြေတွင် အတွေ့အကြုံများယည်ပါးသွားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါလိမ့်မည်။

စာဖတ်သူ လူငယ်မောင်မယ်တို့ မိမိသတ္တိကို ပြန်လည် စစ်ဆေးကြည့်ကြလိမ့်မည်ဟု ထင်ပါသည်။ ပညာ တောရိုင်းမြေတွင် တွေ့ကြုံယည်ပါး သတ္တိပွားလာအောင် ကြိုးပမ်းကြပါဟု တိုက်တွန်းလိုက်ရပါသည်။ ။

www.sagarwarmyae.net



# မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက်

ငါတို့ စာရေးဆရာတွေဟာ ကိုယ်ရေးလိုက်တဲ့စာတွေကို ကြာလာတော့ မမှတ်မိတော့ဘူး။ မတော်တဆ အကြောင်းတိုက်ဆိုင်လို့ ပြန်ပြီး ဖတ်လိုက်မိတော့မှ "ဟယ်၊ ငါဒီအကြောင်းတွေရေးခဲ့ဖူးပါလား" တအံ့တသြဖြစ်ရတဲ့ အခါတွေ ရှိတတ်ပါတယ်။ ဝတ္ထုရှည်ရေးသူတွေကတော့ အဲဒီလို ဖြစ်ချင်မှ ဖြစ်မယ်ပေါ့လေ။ သူတို့က စာပင်များသော်လဲ အုပ်ရေ ပုဒ်ရေက နည်းတယ်မဟုတ်လား။ ငါတို့ကျတော့ ဆောင်းပါးတိုထွာတွေ ဖြစ်ချင်ဖြစ်နေတတ်တာမို့ ပုဒ်ရေကများလာနေတယ်။ ဒါ့ကြောင့် ကိုယ့်ဆောင်းပါးတွေကို မေ့နေတတ်ပါတယ်။

မကြာသေးမီက ငါရေးခဲ့တဲ့ **"မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက်"** ဆိုတဲ့ စာအုပ်ကလေး

www.sagarwarmyae.net



ကို ထုတ်လိုက်ပါတယ်။ ဒီဆောင်းပါးတွေကို ရေးခဲ့တာက မိုးဂျာနယ်မှာ ရေးခဲ့တာဖြစ်ပါတယ်။ လူတွေ သိပ်မသိလိုက်ကြပါဘူး။ စာဖတ်သူတွေဆီကို များများ မရောက်ခဲ့တဲ့ ဆောင်းပါးတွေဆိုပါတော့ကွယ်။ အဲဒါတွေကို ထုတ်ချင်တယ်ဆိုတာနဲ့ ခွင့်ပြုလိုက်တော့ သူတို့ဘာသာသူတို့ပဲ စာစောင်ဟောင်းတွေကို ပြန်ရှာဖွေပြီး ထုတ်ကြတာပါပဲ။ ဆောင်းပါးတွေကိုလဲ ပြန်ပြီးဖတ်မကြည့်လိုက်မိပါဘူး။

သင်္ကြန်တွင်းမှာတော့ နေကလဲပူ၊ မင်းတို့လိုကဲချင်စိတ်ရှိတဲ့အရွယ်လဲ မဟုတ်တော့လို့ ပျင်းပျင်းရှိတာနဲ့ ဟိုစာဒီစာတွေကို လျှောက်ဖတ်ရင်း ကိုယ်ရေးတဲ့စာအုပ်ကလေးကို ကောင်ကိုင်တဲ့ပြီး ပြန်ဖတ်လိုက်မိတာ ဆုံးသွားတဲ့အထိလက်ကမချနိုင်ဘူးဗျာ။ ကောင်းလိုက်တဲ့စာအုပ်ကွယ်။ မင်းက ဒီစာကို ဖတ်နေရင်း 'အောင်သင်း' ကို ရယ်မိလိမ့်မယ်ထင်တယ်။ ဟုတ်တယ်လေကွယ်။ မင်းရယ်မယ်ဆိုရင်လဲ ရယ်လောက်တာပေ့ါ။ ကိုယ့်စာအုပ်ကို ကိုယ်ကပြန်ပြီး မွှန်းနေသလိုဖြစ်နေတာကိုး။ ငါစိတ်ဝင်စားသွားတာက ငါရေးတဲ့စာကို မဟုတ်ဘူး။ ဘုရားလက်ထက်က ဘုရားနဲ့ သူ့ပတ်ဝန်းကျင်ကို စိတ်ဝင်စားမိတာပါ။ ဖတ်နေရင်း ငါရယ်မိတဲ့ အကွက်လေးတစ်ခုအကြောင်းကို ပြောပြပါမယ်။

www.sagarwarmyae.net



ဒီလိုကွယ့် ကောသလမင်းကြီးနဲ့ အဇာတသတ်မင်းတို့ဟာ နယ်စပ်က 'ကာသိ' ဆိုတဲ့ရွာကလေးတစ်ခုနဲ့ ပတ်သက်ပြီး ခဏခဏစစ်ထိုးရတယ်။ စစ်ထိုးတိုင်း ကောသလမင်းကြီးက 'ကွဲ' ခဲ့တာချည်းပဲ ဆိုပါတော့ကွယ်။ ဒီတော့ ကောသလမင်းကြီးက "ငါဒီကောင်လေးကို ဘယ်လိုလုပ်ရရင် ကောင်းမလဲ" စဉ်းစားတာ စဉ်းစားလို့ကို မရနိုင်ဘူး။ ဒီတော့မှ ဘုရားကျောင်းတော်မှာတော့ဖြင့် ရဟန်းတွေက လူမျိုးစုံပဲ။ သူတို့ဆီက အကြံဉာဏ်ကောင်းရနိုင်စရာရှိတယ်။ အဲဒီလိုတွေးမိပြီး အထောက်တော်တွေကို စနည်းနာခိုင်းတယ်။ စနည်းနာတယ်ဆိုတာက ပြောကြဆိုကြတာတွေကို နားအထောင်ခိုင်းတာပါပဲ။ အဲဒီမှာ ဘုရားရှင်သီတင်းသုံးတော်မူတဲ့ ဇေတဝန်ကျောင်းဝင်းအစွန်ကသစ်ရွက်မိုးကျောင်းလေးမှာ ရဟန်းအိုကြီးနှစ်ပါးက သီတင်းသုံးနေတယ်။ တစ်မနက်မှာတော့ သူတို့နှစ်ပါးက အိပ်ရာက အစောကြီးနိုးပြီး ပြန်အိပ်လို့မရတာနဲ့ စကားပြောနေကြတယ်။ ဒီတော့ ရဟန်းကြီးတစ်ပါးက "ကောသမင်းကြီးဟာ လူလျှော်ကြီးပဲ အဇာတသတ်ကိုတောင် စစ်နိုင်အောင်မထိုးနိုင်ဘူး" လို့ မှတ်ချက်ချတယ်။ ဒီတော့ နောက်ရဟန်းက ဘယ်လိုထိုးရင် နိုင်နိုင်မလဲလို့ မေးတာပေါ့။ ဒီတော့ "ဟာ. . ကိုယ်တော့

www.sagarwarmyae.net



နှယ်၊ အဲဒီနားမှာ တောင်ကြားလေးတစ်ခု ရှိသမှတ်
လား၊ တောင်ကြားဘေးမှာ ကိုယ့်တပ်စွယ်တွေကို
ဝှက်ထား၊ မင်းကြီးတပ်က တောင်ကြားထဲက စစ်မြို့
အဇာတသတ်တပ်တွေ ဝင်လာတော့မှ ဘေးက
မင်းချင်းတွေက ဝိုင်းတိုက်လိုက်ရင် ကိစ္စပြတ်ကရော
ပေါ့ ကိုယ်တော်" လို့ ပြောသံကြားလိုက်တော့ အဲဒီ
အထောက်တော်က မင်းကြီးကို အကျိုးအကြောင်း ပြန်
လျှောက်တာပေါ့။ ဒီတော့မှ မင်းကြီးလဲ အဲဒီနည်းနဲ့
တိုက်လိုက်တာ အဇာတသတ်ကို ကွဲခနဲမိတော့ တာပါ
ပဲဗျာ။

ငါ့မှာလေ အဲဒီဘုန်းကြီးအိုကြီးနှစ်ပါး ပြော
ကြဆိုကြပုံကို မြင်ယောင်မိပြီး ရယ်လိုက်မိပါတယ်။ ဒီ
လောက်တင်မဟုတ်ပါဘူး။ မင်းတို့ ဖတ်ကြည့်ကြစေ
ချင်ပါတယ်။ မင်းတို့ဟာ ဗုဒ္ဓဘာသာဟုတ်ရင်လဲ
အရေးမကြီးပါဘူး။ ဖတ်ကြည့်ကြစမ်းပါ။ မင်းတို့အ
တွက်စဉ်းစားဆင်ခြင်စရာတွေ တစ်ပုံကြီးတွေပါလိမ့်
မယ်လို့ အာမခံဝံ့ပါတယ်။

ရယ်တော့ မရယ်ကြနဲ့ကွာ။ ဒီစာအုပ်ကို
ငါ့မိန်းမကတောင် ချီးမွမ်းတယ်ဟေ့။ ပေါ့သေး
သေးမထင်နဲ့ မောင်တို့။

ပြောလိုက်ရဦးမယ်။ ငါ့မိန်းမက ငါ့စာအုပ်ကို

www.sagarwarmyae.net



စိတ်လိုလက်ရ တစ်ခါမှဖတ်တာ မဟုတ်ဘူး။ သူ့မြေး တွေကို အော်လိုက်၊ ဟစ်လိုက်၊ ခေါက်လိုက်၊ ထစ်လိုက် လုပ်ပြီး ရုပ်ပြစာအုပ်လောက်ပဲဖတ်တာ။ သကြံန် တွင်းတုန်းကတော့ အဲဒီစာအုပ်ကို ကောက်ဖတ်လိုက် တယ်ဆိုပဲ။ အိမ်မှာနေရတဲ့ သူ့တူမလေးက ရယ်မောပြီး "ဘဘ- ဘဘအဆက်ကြီးက ပိဋကတ် မိတ်ဆက် ကိုကောက်ဖတ်ပြီး ကိုအောင်သင်းက စာရေးကောင်း တယ်တော့လို့ပြောတယ်" တဲ့။ ငါ့မှာ စာပေဆုကြီးရ သလောက် ဝမ်းသာသွားပါတယ်။ လွယ်တင်ထင် သလား။ ငါဖတ်ဖူးတာလေး တစ်ခုကို ပြောလိုက်ရ ဦးမယ်။

တစ်ခါက အပ်ချုပ်စက်အရောင်းကိုယ်စား လှယ်တစ်ယောက်ရှိတယ်။ မန်နေဂျာရဲ့ ရည်ရွယ်ချက် က တစ်မြို့လုံးမှ ရှိသမျှ အပ်ချုပ်စက်တွေနေရာမှာ သူတို့ကုမ္ပဏီက အပ်ချုပ်စက်တွေနေရာယူလာအောင် လုပ်မယ်။ မြို့ပေါ်မှာရှိလေသမျှ အပ်ချုပ်စက်တွေကို စာရင်းဇယားပြုစုပြီး သူတို့စက်ကို ဝယ်လာအောင် အရောင်းခိုင်းတယ်။ အဲဒီအရောင်းကိုယ်စားလှယ်က လဲ ဘယ်လောက်များကြီးစားလိုက်သလဲဆိုရင် အမှု သေးသေးလေးတစ်ခုကို ကျူးလွန်ပြီး ထောင်ထဲဝင်လိုက် တာ အကျဉ်းထောင်တွေ အားလုံးမှာ သူတို့စက်တွေ

www.sagarwarmyae.net



ကို သုံးရမယ်ဆိုတဲ့ ညွှန်ကြားချက်တောင် ထွက်လာတယ်ဆိုကိုး။

ဒါပေမယ့် ခက်နေတာက သူတို့မြို့က အိမ်တစ်အိမ်ကတော့ အရင်စက်ဟောင်းကိုပဲ သုံးနေတယ်။ စည်းရုံးလို့ကို မရဘူး။ မန်နေဂျာက မခံချင်ဖြစ်လာတာနဲ့ "မင်း - ဒီအိမ်လေး တစ်လုံးပဲ ကျန်ခဲ့တာကိုတောင် စွဲအောင် မရောင်းနိုင်တော့ဘူးလား" လို့မေးတာပေါ့။ ဒီတော့ သူက စိတ်ပျက်လက်ပျက်နဲ့ "မန်နေဂျာ - ခွင့်လွှတ်ပါ။ အဲဒါက သူများမဟုတ်ဘူး။ ကျွန်တော့် မိန်းမဗျ။ ကျွန်တော်ပြောတာဆိုရင် ဘာကိုမှ ယုံတာ မဟုတ်ဘူး" လို့ ပြောသတဲ့။

ဒီတော့ မင်းတိုကို ပြောလိုက်ချင်တာက ငါ့ မိန်းမကတောင် ချီးမွမ်းထားတဲ့ စာအုပ်ဖြစ်ပါတယ်ဗျား။ ဝယ်မဖတ်ရင်တောင် ကြုံလာရင် ကောက်ကိုင်ပြီး နည်းနည်းလောက် မြည်းကြည့်လိုက်စမ်းပါလို့ ပြောလိုက်ပါရစေ။

www.sagarwarmyae.net

